# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့်ကျော် (၂)ရက် ၊ ကြာသပတေးနေ့ ၊ (6-11-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၉၀)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro–based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ရှမ်းပြည်နယ်၏ အထင်ကရပွဲတော်တစ်ခုဖြစ်သည့် တောင်ကြီးတန်ဆောင်တိုင်ပွဲတော် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပလျက်ရှိပြီး အဆိုပါပွဲတော်၌ မီးပုံးပျံပြိုင်ပွဲကြီးကို နေ့မီးနှင့် ညမီးဟူ၍ နှစ်မျိုးခွဲကာ ပြိုင်ပွဲများ ကျင်းပပေးလျက်ရှိသည်။ ယင်းမီးပုံးပျံပြိုင်ပွဲကြီးတွင် နေ့ပိုင်းအလှလွှတ် မီးပုံးပျံများသည် အများအားဖြင့် တိရစ္ဆာန်ရုပ်ပုံများဖြစ်ပြီး နေ့လွှတ်အရုပ်ပြိုင်ပွဲ၌ အရုပ်ခြေနှစ်ချောင်း၊အရုပ်ခြေလေးချောင်းများဖြစ်ကာ ညလွှတ်မီးပုံးပျံများ၌လည်း ညမီးကြီးနှင့် စိန်နားပန်ဟူ၍ နှစ်မျိုးရှိကြောင်း၊ ညမီးကြီးတွင် မီးပုံးပျံအောက်ဆွဲ၌ ယမ်းခွေများပါဝင်ပြီး မီးပုံးပျံ ပျံတက်သည့်ကာလအတွင်း မီးရှူးမီးပန်းများ ပစ်လွှတ်ကာ ညမြင်ကွင်းကို အလှဆင်ကြကြောင်းနှင့် စိန်နားပန်သည် မီးပုံးပျံအပြင်ကိုယ်ထည်ပေါ်နှင့် အောက်ဆွဲ၌ မီးပုံးအရောင်အမျိုးမျိုးနှင့်ရုပ်ပုံများ၊

စာမျက်နှာ ၁၇ ကော်လံ ၁

**ရွှေသောင်ယံကမ်းခြေသို့ အောက်တိုဘာလအတွင်း ခရီးသွားဧည့်သည် ၁၇၂၄၃ ဦးထိ လာရောက်လည်ပတ်ခဲ့**

စာမျက်နှာ – ၂၇

**ရွှေတန်းစစ်မျက်နှာများတွင် ရှပ်ရှပ်ချွံချွံတိုက်ပွဲဝင်ပြီး အောင်ပွဲအလီလီရယူနိုင်ခဲ့သော အောင်ပွဲရ ရွှေတန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုကြိုဆို**

စာမျက်နှာ – ၂၁

**မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၈ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့**

စာမျက်နှာ – ၂၂





ဘိလပ်မြေစက်ရုံ(တန်–၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်–၁၂၀၀) ပြည်ညောင် တို့မှ ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင် ၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား

စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ဘိလပ်မြေစက်ရုံ(တန်–၄၀၀၀)
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၄၄၉၂၅၂၃၂၇
အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်–၁၂၀၀)
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၆၇၀

ရတနာပုံ
၂၀၂၅ ခုနှစ် နိုဝင်ဘာ ၆ ရက်
အယ်ဒီတာ့အာဘော်

# မဲပေးခွင့်ရှိသူများ ဆန္ဒမဲပေးရာတွင် တက်ကြွစွာပါဝင်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် အပိုင်းလိုက်ကျင်းပသွားမည်ဖြစ်ရာ ရွေးကောက်ပွဲကျင်းပရန် ၅၂ ရက်သာ လိုတော့သည်။ ထို့ကြောင့် မဲပေးခွင့်ရှိသူများအနေဖြင့် ဆန္ဒမဲပေးခြင်းတွင် တက်ကြွစွာပါဝင်ကြရပေမည်။

**"မဲပေးရွေးချယ်ရာတွင် ကိုယ်စားလှယ်များသည် ဒို့တာဝန်အရေးသုံးပါးကို အလေးထားစောင့်ထိန်းသူ၊ နိုင်ငံရေးအမြင်၊ လုံခြုံရေးအမြင်၊ စီးပွားရေးအမြင်၊ အုပ်ချုပ်ရေးအမြင်များရှိသူများဖြစ်ရန်လိုပြီး အမှန်တကယ် တိုင်းပြည်နှင့် ဒေသအကျိုးအတွက် ဆောင်ရွက်နိုင်သည့်သူများဖြစ်ရန်လိုကြောင်း"** ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများကို အောက်တိုဘာ ၁၉ ရက် မွန်းလွဲပိုင်းတွင် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတစ်နိုင်ငံတွင် ရွေးကောက်ပွဲသည် အရေးကြီးသည့်အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ရွေးချယ်လိုက်သည့် ရွေးကောက်ပွဲစနစ်တစ်ခုသည် နိုင်ငံ၏အနာဂတ်နှင့် နိုင်ငံရေးပုံရိပ်တို့အပေါ်တွင် များစွာအကျိုးသက်ရောက်မှုရှိမည်ဖြစ်သည်။ ရွေးကောက်ပွဲစနစ်နှင့် ရွေးကောက်ပွဲများသည် နိုင်ငံတော်နှင့် ပြည်သူတို့အတွက် အလွန်အရေးကြီးသောကြောင့် မဲပေးခွင့်ရှိသော နိုင်ငံသားတိုင်း နိုင်ငံသားတစ်ဦး၏တာဝန်ကျေပွန်ရန် မဲပေးခြင်းတွင်ပါဝင်ကြရမည်ဖြစ်ပေသည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင်ကျင်းပမည့် ရွေးကောက်ပွဲသည် ယခင်ရွေးကောက်ပွဲများကဲ့သို့ သမားရိုးကျမဲလက်မှတ်နှင့် မဲပေးရခြင်းမျိုးမဟုတ်ဘဲ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)တွင် မိမိဆန္ဒပြုလိုသည့် ပါတီကိုယ်စားလှယ်ကို ခလုတ်နှိပ်မဲပေးရခြင်းမျိုးဖြစ်သည့်အတွက် မဲပေးရာတွင်လည်းကောင်း၊ မဲရလဒ်ထုတ်ယူရာတွင်လည်းကောင်း မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)၏ လွယ်ကူအဆင်ပြေမှု၊ ပွင့်လင်းမြင်သာရှိမှု၊ တိကျမှန်ကန်မှုတို့ကို တွေ့ရှိရမည်ဖြစ်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်အသီးသီးအတွက် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အပိုင်းလိုက်ကျင်းပမည်ဖြစ်သည်။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း (၁) တွင် မြို့နယ် ၁၀၂ မြို့နယ်ပါဝင်ပြီး အပိုင်း (၂) တွင် မြို့နယ် ၁၀၀ မြို့နယ်ပါဝင်သည်။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၂) ကို အပိုင်း (၁) အပြီး ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ကျင်းပမည်ဖြစ်သည်။

သို့ဖြစ်ရာ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသော ဘာသာမရွေး၊ အမျိုးသား၊ အမျိုးသမီး၊ ရွေးကောက်ပွဲစတင်ကျင်းပမည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီးသူများ၊ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သည့် နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားခွင့်ပြုခွင့်ရသူများ၊ သက်ဆိုင်ရာမဲဆန္ဒနယ်၏မဲစာရင်းတွင်ပါဝင်သောသူများသည် နိုင်ငံနှင့်လူမျိုးကို သစ္စာစောင့်သိသောအားဖြင့် ဆန္ဒမဲပေးရာတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပါရန် အလေးအနက်ထား တိုက်တွန်းရေးသားလိုက်ရပေသည်။

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ကင်းမွန်ခြောက်ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ နိုဝင်ဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ကင်းမွန်ခြောက် ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ်ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးသူက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် စက်တင်ဘာလအတွင်းက ကင်းမွန်ခြောက်ပိဿာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း ကင်းမွန်ခြောက်ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကင်းမွန်ခြောက်များကို ပြည်တွင်းဈေးကွက်က ဝယ်လိုအားကောင်းလာခြင်းကြောင့် တင်ပို့အားကောင်းလာခြင်းဖြစ်ကြောင်း သိရသည်။

"ဖျာပုံမြို့နယ်က ငါးခြောက်တွေအပြင် ကင်းမွန်ခြောက်တွေကိုလဲ ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ ပြီးခဲ့တဲ့တစ်လအတွင်း ကင်းမွန်ခြောက် ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ကင်းမွန်အစိမ်းတွေကို အရွယ်စုံအခြောက်ခံပြီး ဒီဘက်ကနေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့တာပါ။ ကုန်တင်ပို့အားကောင်းလာတော့ ရေလုပ်ငန်းနဲ့ဆက်စပ်နေသူတွေ အဆင်ပြေပါတယ်။ ဒီဘက်ဒေသကထွက်တဲ့ ကင်းမွန်ခြောက်တွေ၊ ငါးခြောက်တွေ ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်ကို ကုန်ပစ္စည်းတွေ တင်ပို့ရောင်းချရတာ အဆင်ပြေပါတယ်"ဟု ဖျာပုံမြို့နယ်ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးသူက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ကင်းမွန်များကို ဝယ်ယူပြီး စနစ်တကျ အခြောက်ခံကာ ကင်းမွန်ခြောက်အဖြစ် ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါကင်းမွန်ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ကင်းမွန်ခြောက်များ အရောင်းအဝယ် ကောင်းမွန်သောကြောင့် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

**ရွေးကောက်ပွဲကျင်းပရန် ၅၂ ရက် သာ လိုတော့သည်။**

**လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်**

## အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက ရောက်ရှိနေရာတွင် မဲပေးနိုင်ရေး မဲစာရင်းထည့်သွင်းရန် ဆောင်ရွက်ရမည့်နည်းလမ်း

❖ အနည်းဆုံးရက်ပေါင်း(၁၈၀)ထက်မနည်း မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပသို့ရောက်ရှိနေပြီး မိမိ၏အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် မိမိအမည်ကို မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုလွှာပုံစံ(၃-က)ဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြလျှောက်ထားရန်။

# အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနှမ်း ဧက ၃၁၂၁၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**မုံရွာ နိုဝင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနှမ်း ဧက ၃၁၂၁၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၄၃၀၅၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသောနှမ်းစိုက်ခင်းများကို ဩဂုတ်လမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧက ၃၁၂၁၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၀ တင်းကျော်ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီက အရာတော်မြို့နယ်မှာ နှမ်းဧက ၄၃၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့နှမ်းခင်းတွေ အခုလက်ရှိမှာ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ဧက ၃၁၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAPနည်းစနစ်နဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

အရာတော်မြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်မှန်ကန်ရေး၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သဲကုန်းမြို့နယ် ရွာလှကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**သဲကုန်း နိုဝင်ဘာ ၅**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာလှကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုး၊ သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထက်နောင်နှင့် ဝန်ထမ်းများက ရွာလှကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် မိသားစုဝင်ငွေတိုး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုးနှင့် ဝန်ထမ်းများက ရွာလှကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ စီမံကိန်းဆိုင်ရာ စာရင်းဇယားပုံစံများ ဖြည့်သွင်းထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ရွာလှကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၅၉ ဦးကို ငွေကျပ် ၂၆ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁ ဒသမ ၉ သန်းနှင့် အသေးစားစက်မှုလက်မှု လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ၁ ဒသမ ၆ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၄ ဦးကို ငွေကျပ် ၃၀ ဒသမ ၄ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

သုတ



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ဟင်းရွက်စုရွာ ရွာဦးကျောင်းဆရာတော်နှင့် ဒါယကာ၊ ဒါယိကာမများက ဆေးပဒေသာပင်အလှူငွေကျပ် သိန်း ၁၀၀ လှူဒါန်းရာ ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်းက လက်ခံရယူစဉ်။

# မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၂၂၀၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း နိုဝင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၂၂၀၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြင်းမူမြို့နယ်တွင် ပဲကြီး ၄၈၈၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၂၀၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ ပဲကြီးဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေတယ်။ ပဲကြီး အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေကို ဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

မြင်းမူမြို့နယ်တွင် ပဲကြီးစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပဲကြီးကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပို့လျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် ပဲကြီးကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# တောင်တွင်းကြီးမြို့နယ် ဝါးခြံကာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**တောင်တွင်းကြီး နိုဝင်ဘာ ၅**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝါးခြံကာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ဝါးခြံကာကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ စာရင်းဇယားများ ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်က လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဝါးခြံကာကျေးရွာ၌ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၇၃ ဦးကို ငွေကျပ် ၅၂၉ သိန်း၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၂၅ ဒသမ ၅ သိန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ၅ ဒသမ ၅ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၈၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၅၆၀ ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်က ပြောပြ၍ သိရသည်။

နွဲ့ယဉ်

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးရှဉ့်ပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး နိုဝင်ဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်းက ငါးရှဉ့်ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ်ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်ဝင်းက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်းက ငါးရှဉ့်ပိဿာချိန် ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း ငါးရှဉ့်ပိဿာချိန် ၇၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးရှဉ့်များ တင်ပို့ရောင်းချအားကောင်းလာခြင်းသည် ရန်ကုန်ဈေးကွက်မှ ငါးရှဉ့်များကို အဝယ်လိုက်နေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်း ငါးရှဉ့်တွေ သိသိသာသာတင်ပို့အားကောင်းခဲ့ပါတယ်။ ဘိုကလေးမြို့နယ်ဘက်က ဒေသထွက်ကုန် ငါးရှဉ့်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ပါတယ်။ ရန်ကုန်ဈေးကွက်ကနေတစ်ဆင့် အခြားပြည်တွင်းနဲ့ ပြည်ပဈေးကွက်တွေဆီ ဆက်လက်ဖြန့်ဖြူးရောင်းချတာဖြစ်ပါတယ်။ အခုလို ဝယ်ယူအားကောင်းလာတော့ ငါးရှဉ့်မွေးမြူရေးလုပ်ငန်းရှင်တွေ၊ ရေလုပ်သားတွေနဲ့ ငါးရှဉ့်ရှာဖွေဖမ်းဆီးသူတွေ အဆင်ပြေလာတာတွေ့ရပါတယ်"ဟု ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်ဝင်းက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်း တင်ပို့ရောင်းချခဲ့ရသည့် ငါးရှဉ့် ၁၀ ပိဿာလျှင် ငွေကျပ် ၁၈၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသထွက် ငါးရှဉ့်များကို ရန်ကုန်ဈေးကွက်အပြင် အခြားဒေသများကိုပါ ဆက်လက်တင်ပို့ရောင်းချလျက်ရှိကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်ဝင်းက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**



# ကုန်းဘောင်ခေတ်ရာဇဝင်ချုပ်များ

ဗိုလ်ရှိတ်(ရတနာပုံ)

ညောင်ရမ်းခေတ်ပျက်သုဉ်းပြီး နောက်ပိုင်းကာလတွင် မြန်မာနိုင်ငံသည် တစည်းတရုံးတည်းမရှိဘဲ သူတစ်လူငါတစ်မင်းနှင့် အစိတ်စိတ်အမြွာမြွာကွဲနေ၏။ ထိုသို့သောအခြေအနေကို တည်ငြိမ်အောင် ထိန်းသိမ်းခဲ့သူမှာ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျဖြစ်သည်။ ဦးအောင်ဇေယျသည် အင်းဝဘုရင် ဟံသာဝတီပါမင်း၏ အရည်အချင်းညံ့ဖျင်းမှုကိုသိသည်။ ဟံသာဝတီ၏တိုက်စစ်ဒဏ်ကို အင်းဝမြို့ ရေရှည်ခုခံနိုင်ခြင်းမရှိမည်ကိုလည်း ကြိုတင်တွက်ဆထား၏။ ထို့ကြောင့် အင်းဝမပျက်မီကပင် လက်နက်၊ လူသူ၊ ရိက္ခာစုဆောင်း၍ ရွှေဘိုမြို့တွင် အခိုင်အမာ တပ်စွဲနေ၏။ ၁၁၁၃ ခုနှစ်တွင် ဟံသာဝတီကလာတိုက်၍ အင်းဝမြို့ပျက်ပြီး အင်းဝဘုရင် ဟံသာဝတီပါမင်းမှာ ဟံသာဝတီသို့ပါရ၏။ နောက် ဟံသာဝတီမှာပင် ရေချ၍ အသတ်ခံခဲ့ရသည်။

အလောင်းမင်းတရားကြီးသည် ထိုကဲ့သို့အထက်အောက် တကွဲတပြားဖြစ်နေသော မြန်မာနိုင်ငံကို ရွှေဘိုမှဗဟိုပြု၍ ပြန်လည်စည်းရုံးခဲ့သည်။ အလောင်းမင်းတရားကြီး ပြန်လည်စည်းရုံး တည်ထောင်ခဲ့သော ခေတ်ကို ကုန်းဘောင်ခေတ်ဟူ၍ သမိုင်းပညာရှင်များက ခွဲခြားလေ့လာမှတ်တမ်းတင်ကြသည်။ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျကိုလည်း တတိယမြန်မာနိုင်ငံ တည်ထောင်သူ ဟူ၍သတ်မှတ်ကြသည်။ ၁၁၁၅ ခုနှစ်တွင် ရွှေဘိုထီးနန်းကို ကြငှန်းဖွင့်၍ စတင်တည်ထောင်ခဲ့သည်။ အလောင်းမင်းတရားကြီး တည်ထောင်ခဲ့သော ကုန်းဘောင်ခေတ်သည် အလောင်းမင်းတရားကြီး မြို့နန်းစတည်သည့် ၁၁၁၅ ခုနှစ်မှစ၍ သီပေါမင်းပါတော်မူသည့် ၁၂၄၇ ခုနှစ်ထိ နှစ်ပေါင်း ၁၃၂ နှစ်ကြာ၏။

အလောင်းမင်းတရားကြီး တည်ထောင်ခဲ့သော ကုန်းဘောင်ခေတ်ကာလတွင် မြန်မာရာဇဝင်ကျမ်းများစွာပေါ်ထွန်းခဲ့သည်။ ကုန်းဘောင်ခေတ်တွင် ပေါ်ထွန်းခဲ့သော ရာဇဝင်ကျမ်းများသည် ပုဂံခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်တို့ထက် ပို၍များပေသည်။ ကုန်းဘောင်ခေတ်၏ ထူးခြားချက်မှာ ရှင်ဘုရင်ကိုယ်တိုင်က ရာဇဝင်ကျမ်းများကို ရေးခိုင်းခြင်းဖြစ်သည်။ ထိုသို့ရေးခိုင်းရာတွင် တစ်ဦးတစ်ယောက်တည်းကိုကြီးမှူး၍ ရေးခိုင်းသည်လည်းရှိ၏။ အဖွဲ့ဖွဲ့၍ ရေးခိုင်းသည်လည်းရှိသည်။ တွင်းသင်းတိုက်ဝန်မဟာစည်သူ ဦးထွန်းညိုပြုစုသော မဟာရာဇဝင်သစ်သည် ဘိုးတော်ဗဒုံမင်းက စေခိုင်းသဖြင့် ဦးထွန်းညိုတစ်ဦးတည်းကြီးမှူး၍ ပြုစုရခြင်းဖြစ်သည်။ မှန်နန်းမဟာရာဇဝင်တော်ကြီးသည် ဘကြီးတော်စစ်ကိုင်းမင်းက စေခိုင်းသဖြင့် အုပ်စုဖွဲ့၍ ရေးရခြင်းဖြစ်သည်။

ကုန်းဘောင်ခေတ်တွင် မဟာရာဇဝင်သစ်၊ မှန်နန်းမဟာရာဇဝင်တော်ကြီး၊ ဇေတဝန်မဟာရာဇဝင်တော်ကြီး၊ မုံရွေးရာဇဝင်ကျော်၊ ရာဇဝသံဒီပကကျမ်းတို့ကဲ့သို့ ရှည်လျားပြည့်စုံသော ရာဇဝင်ကျမ်းကြီးများ ပေါ်ထွက်ခဲ့သကဲ့သို့ ရာဇဝင်ကို အကျဉ်းမျှသိစေရန်၊ အလွယ်တကူမှတ်သားနိုင်စေရန် ရေးသားသော ရာဇဝင်ချုပ်များလည်း ထွက်ပေါ်ခဲ့သည်။ ကုန်းဘောင်ခေတ်တွင် ထွက်ပေါ်ခဲ့သော ရာဇဝင်ချုပ်အရေအတွက်ကို တိတိကျကျသိရန်ခက်သည်။ တိမ်မြုပ်နေခြင်း၊ ပျောက်ဆုံးသွားခြင်းတို့ကြောင့် သိရန်မလွယ်ကူပေ။ ပုံနှိပ်စာအုပ်အဖြစ်သို့ရောက်လာသော ရာဇဝင်ချုပ်အရေအတွက်မှာလည်း မများလှပေ။ ပုံနှိပ်စာအုပ်အဖြစ်ထွက်ပေါ်လာသော ရာဇဝင်ချုပ်တို့မှာ မုံရွေးဇေတဝန်ဆရာတော်ကြီး၏ စေတီယကထာရာဇဝင်ချုပ်၊ ဦးသုစာရိန္ဒ၏ ရာဇဝင်ချုပ်တို့သာဖြစ်သည်။ ပုံနှိပ်မှုအဖြစ်ရောက်ခဲ့သည်မှာ အလွန်နည်းပါးသည်ဟုဆိုနိုင်သည်။ ထို့ကြောင့် ကုန်းဘောင်ခေတ်တွင် ပေါ်ထွက်ခဲ့သော ရာဇဝင်ချုပ်များကို ရှာဖွေတွေ့ရှိထားသမျှ လေ့လာတင်ပြပါမည်။

**ရှင်တေဇောသာရ၏ ရာဇဝင်ချုပ်**

ကုန်းဘောင်ခေတ်တွင်ထွက်ပေါ်ခဲ့သော ရာဇဝင်ချုပ်များတွင် စစ်ကိုင်းဥမှင်ကျောင်းဆရာတော် ရှင်တေဇောသာရ၏ ရာဇဝင်ချုပ်သည် အစောဆုံးဖြစ်သည်။ သက္ကရာဇ် ၁၁၄၇ ခုနှစ် ပထမဝါဆိုလဆန်း ၆ ရက်နေ့(၁၇၈၅ ခုနှစ် ဇွန် ၁၃ရက်)တွင် ရေးသားပြုစုပြီးစီးခဲ့ခြင်းဖြစ်သည်။ ရာဇဝင်ချုပ်နိဂုံးအရ စစ်ကိုင်းဥမှင်ကျောင်းဆရာတော် ရှင်တေဇောသာရ ပြုစုခဲ့သည်ဟုသိရသော်လည်း ကျမ်းပြုသူ ရှင်တေဇောသာရ၏ ဘဝအတ္ထုပ္ပတ္တိကို မသိရသေးပေ။

ရာဇဝင်ချုပ်မှာ **က** အစ **ခဲ** အဆုံးတစ်အင်္ဂါနှင့် ရှစ်ချပ်ရှိသည်။ မင်းဆက်များကို သရေခေတ္တရာ ပြည်မဟာသမ္မတဝမင်းမှစ၍ ညောင်ရမ်းခေတ် ဟံသာဝတီပါမင်းလက်ထက်တိုင် ဖော်ပြထား၏။ ဤရာဇဝင်ချုပ်သည် ပုံနှိပ်စာအုပ်အဖြစ်မရှိဘဲ ပေမူအဖြစ်သာ တိမ်မြုပ်နေခဲ့၏။ စာရေးသူထံတွင် ဤရာဇဝင်ချုပ်ပေမူတစ်ဆူရှိသည်။

**အရှင်သုစာရိန္ဒ၏ ရာဇဝင်ချုပ်**

အရှင်သုစာရိန္ဒ၏ ရာဇဝင်ချုပ်ကို ပေမူနှစ်မူခန့် စာရေးသူကြည့်ဖူးသည်။ ယခင်က ဤရာဇဝင်ချုပ်ကို စာအုပ်မူဖြင့် ရှိမှန်းမသိခဲ့ပေ။ နောက်မှသာ စာအုပ်မူဖြင့်ရှိမှန်းသိခဲ့သည်။ ထိုသို့မသိခဲ့ရခြင်းမှာ ဤရာဇဝင်ချုပ်စာအုပ်သည် ပုံနှိပ်ခဲ့သည့်နှစ်များစွာ ကြာမြင့်ခဲ့ပြီး ရှားပါး၍ တိမ်မြုပ်နေသောကြောင့်ဖြစ်သည်။ ဤစာအုပ်ကို ရန်ကုန်မြို့ စူရတီစာပုံနှိပ်တိုက်က သက္ကရာဇ် ၁၂၄၆ ခုနှစ် နယုန်လ(၁၈၈၄ ခုနှစ်)တွင် ပုံနှိပ်ခဲ့ခြင်းဖြစ်သည်။ သီပေါမင်းပါတော်မမူမီ တစ်နှစ်အလိုကပင် ပုံနှိပ်ခဲ့သော စာအုပ်ဖြစ်ပေသည်။ ထို့ကြောင့် ဤမျှထိ သိသူနည်း၍ တိမ်မြုပ်နေရခြင်းဖြစ်သည်။ ထိုစာအုပ်တွင် ကျမ်းပြုဆရာတော်၏ အကြောင်းကို "မဟာအမရပူရ၊ ဘွဲ့နာမသညာ၊ ရာဇဌာနီအမည်ရှိသော မင်းနေပြည်ကြီး၏အနောက်မျက်နှာ ဗားကရာကျောင်းတိုက်၌ သိုက်မြိုက်မယွင်း သီတင်းသုံးနေတော်မူသောအခါ မတ်တရာသို့ ပင့်ရောက်သဖြင့် ချီးမြှောက်ကိုးကွယ်ခြင်းကိုခံရသော ထုံးသစ်ရွာဌာန ဦးသုစာရိန္ဒအမည်တော်ရှိသော ရဟန်းပျိုအရှင်ဘုရားသည် အများရှင်လူတို့ ယူငင်လွယ်ကာ မှတ်သားရာဟု ကောင်းစွာစီရင်တော်မူအပ်သောရာဇဝင်ချုပ်"ဟူ၍ ဖော်ပြထားပေသည်။

ဤရာဇဝင်ချုပ်၏အမည်ကို ကျမ်းပြီးနိဂုံးတွင် "ရာဇဝင်အချုပ်ကွန်ခြာကို ကောင်းစွာသိမ်းအုပ်၍ မယုတ်အကျဉ်း၊ သန့်ရှင်းကပတ်၊ အပြီးသတ်တည်း" ဟူ၍လည်းကောင်း၊ သခေ်ပကွန်ချာရာဇဝင်အချုပ်ကား ဤတွင်ရှိပြီးပြီ"ဟူ၍လည်းကောင်း ဖော်ပြထားသဖြင့် ကျမ်းပြုဆရာသည် ဤရာဇဝင်ချုပ်ကို "ရာဇဝင်အချုပ်ကွန်ချာ"ဟု အမည်ပေးခဲ့ကြောင်း ထင်ရှားသည်။ ဤရာဇဝင်ချုပ်စာအုပ်မူသည် အမျိုးသားစာကြည့်တိုက်တွင်လည်း ရှိသလို တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်တွင်လည်းရှိသည်။ အခြားသူတို့ထံတွင်လည်းရှိနိုင်သည်။ ထိုစာအုပ်မူတွင် စာမျက်နှာ ၁၄၁ မျက်နှာရှိလေသည်။

ဤရာဇဝင်ချုပ်သည် ခုနစ်သချေ်တွင် ပွင့်တော်မူသော ဘုရားအပေါင်းမှစ၍ ဘိုးတော်ဗဒုံမင်း လက်ထက်ထိ ဖော်ပြထား၏။ ဤရာဇဝင်ချုပ်သည် များသောအားဖြင့် ဦးဖျော်၏ ပလိပ်စားချောင်းကို ကိုးကားထားသည်ကို တွေ့ရသည်။ တစ်နည်းအားဖြင့် ပလိပ်စားချောင်း အဖွင့်ရာဇဝင်ချုပ်ဟု ယူဆနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ဤရာဇဝင်ချုပ်တွင်ပါရှိသော ဘုရားများ၊ မင်းတို့ နန်းတက်၊ နန်းကျဖြစ်စဉ်များ အားလုံးသည် ပလိပ်စားချောင်း၏ အာဘော်အတိုင်းသာဖြစ်သောကြောင့် ဖြစ်ပေသည်။

ဤရာဇဝင်ချုပ်ရေးသားပြုစုရခြင်းအကြောင်းကို ကျမ်းပြီးနိဂုံး၌ "နှစ်ဖြာသောလောကဓမ္မ နှစ်ဝနှစ်ပြင်ကို တတ်ချင်သောဒါယကာကိုနှောင်းက ကောင်းမှတ်သော သသဉ်ရိက၊ ညာဏသမ္ဘယော၊ ဇောစေတနာ သဒ္ဓါရုံအတင်တင်နှင့် ဘုရားစည်မင်းဆက် ကမ္ဘာပျက် ကမ္ဘာပြုအစုစုအရပ်ရပ်တို့ကို မှတ်သားလိုကြောင်းနှင့် တောင်းပန်လျှောက်ထားလျှင်"ဟု ဆိုထားသော ကြောင့် ဒါယကာကိုနှောင်းက တောင်းပန်၍ ရေးသားပြုစုကြောင်း ထင်ရှား၏။

ကျမ်းပြုပြီးစီးခဲ့သောနှစ်ကိုလည်း "တထောင်သက္ကရာဇ်၊ လွန်လစ်တရာ၊ သာသည်ခုနှစ်ဆယ်၊ စွန်းဝယ်လေးခု၊ ဥတုဟေမန္တ၊ မဂါရာသီ၊ ပုဏ္ဏမီတွင်၊ စိတ်ရွှင်ဝမ်းမြောက်၊ အပြီးရောက်ပြီ"ဟု ဆိုထားသောကြောင့် ဘိုးတော်ဗဒုံမင်းလက်ထက်တွင် ၁၁၇၄ ခုနှစ်၊ ပြာသိုလပြည့်နေ့ (၁၈၁၃ ခုနှစ် ဇန်နဝါရီ ၁၆ ရက်) တွင် ရေးသားပြုစုပြီးကြောင်း သိရပေသည်။ ကျမ်းပြုသူ အရှင်သုစာရိန္ဒ၏အကြောင်းကိုလည်း ကျမ်းပြီးနိဂုံးတွင် ဖော်ပြထားချက်အရ အရှင်သုစာရိန္ဒသည် အမရပူရမြို့ ဗားကရာကျောင်းတိုက်တွင် သီတင်းသုံးကြောင်း သိရသည်။

ဆရာတော်သည် မတ္တရာမြို့ ထုံးသစ်ရွာဇာတိဖြစ်ဟန်ရှိသည်။ ပို၍သေချာသည်မှာ ဆရာတော်ရေးဖွဲ့ခဲ့သော သာမုဒြိကလက္ခဏာပျို့နိဂုံးတွင် "ပညာမမှိန်၊ သုစာရိန္ဒ၊ တွင်နာမတည့်၊ ဌာနသီရိ၊ သာလှဘိသည်၊ ဇာတိချက်ရစ်၊ ရွာတုံသစ်တည်း"ဟူ၍ ရေးဖွဲ့ထားသဖြင့် ဆရာတော်သည် ထုံးသစ်ရွာဇာတိဖြစ်ကြောင်း သိရသည်။ ရာဇဝင်ချုပ်တွင် ထုံးသစ်ဟုတွေ့ရပြီး ပျို့တွင် တုံးသစ်ဟုတွေ့သည်။ အမှန်က အတူတူသာဖြစ်သည်။ ပေကူးရာတွင် ထနှင့် တ လွဲခြင်းသာဖြစ်သည်။ တပည့်ဒါယကာတို့၏ ပင့်ဆောင်မှုကြောင့် ဗားကရာကျောင်းတိုက်မှ မတ္တရာမြို့သို့ ပြောင်းရွှေ့သီတင်းသုံးနေထိုင်စဉ် ဤရာဇဝင်ချုပ်ကို ရေးသားပြုစုခဲ့ခြင်းဖြစ်သည်။ ဆရာတော်၏ ဘဝအတ္ထုပ္ပတ္တိကို ယခုထက်ပို၍မသိရသေးပေ။ ထပ်မံရှာဖွေဖော်ထုတ်ရဦးမည်ဖြစ်ပေသည်။

**စေတီယကထာရာဇဝင်ချုပ်**

ရာဇဝင်ချုပ်များတွင် သိသူများထင်ရှားသော ရာဇဝင်ချုပ်ဖြစ်သည်။ ဤရာဇဝင်ချုပ်ကို ရေးသားပြုစုခဲ့သူမှာ မုံရွေးဇေတဝန်ဆရာတော်ကြီးဖြစ်သည်။ တစ်ချိန်က စေတီယကထာရာဇဝင်ချုပ်သည် အလွန်တိမ်မြုပ်နေခဲ့သည်။ စေတီယကထာရာဇဝင်ချုပ်ကို ပေမှကူးယူ၍ လက်နှိပ်စက်မူဖြင့် ဖြန့်ဝေခဲ့သူမှာ ရှေးဟောင်းစာပေသုတေသီတစ်ဦးဖြစ်သည်။ ၁၉၆၄ ခုနှစ်ခန့်က ဖြန့်ဝေခဲ့ခြင်းဖြစ်သည်။ ပုံနှိပ်မူမဟုတ်ဘဲ လက်နှိပ်စက်မူဖြစ်သောကြောင့် သိသူနည်း၏။ ထိုလက်နှိပ်စက်မူကို ၂၀၀၃ ခုနှစ်တွင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်သုတေသနနှင့် ကျမ်းပြုဌာနက ပထမဆုံး ပုံနှိပ်ထုတ်ဝေခဲ့သည်။ ၂၀၁၀ ပြည့်နှစ် စက်တင်ဘာလတွင် ကံ့ကော်ဝတ်ရည်စာပေက ဒုတိယအကြိမ် ပြန်လည်ထုတ်ဝေခဲ့သည်။ ယခုအခါ ဆရာကြီး ဒေါက်တာတိုးလှတည်းဖြတ်၍ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလတွင် ရာပြည့်စာအုပ်တိုက်က ထပ်မံထုတ်ဝေခဲ့သည်။

စေတီယကထာရာဇဝင်ချုပ်ကို ၁၁၈၅ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၀ ရက် တနင်္လာနေ့ (၁၈၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်)တွင် ရေးသားပြုစုပြီးစီးခဲ့သည်။ စေတီယကထာသည် သုနာပရန္တတိုင်း၊ တမ္ပဒီပတိုင်းခွဲခြားပုံမှစတင်၍ မင်းကြီးမဟာဗန္ဓုလတို့ အက္ကပတ်မင်းတို့ကိုနှိမ်နင်း၍ နေပြည်တော်သို့ ပြန်ရောက်သည့် ၁၁၈၄ ခုနှစ် တပေါင်းလတိုင် ဖော်ပြထားသည်။ စေတီပုထိုးများသမိုင်းကို လေ့လာရာတွင် များစွာအထောက်အကူပြုသောကျမ်းဖြစ်သည်။

**မြင်းမူရာဇဝင်ချုပ်**

ဤရာဇဝင်ချုပ် ကျမ်းပြီးနိဂုံးတွင် "သက္ကရာဇ် ၁၁၉၅ ခုနှစ် နတ်တော်လဆန်း ၉ ရက်၊ ဗုဒ္ဓဟူးနေ့ (၁၈၃၃ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်)နေ့ မွန်းတည့်အချိန်တွင် မမြင်မသိရှိကြသောသူတို့ကို မှတ်ယူလွယ်အောင် မကျယ်မပွား၊ ကြားဖူးသမျှကို သိကြပါစေ ရေးလိုက်ပေသည်။ အခြေမူလရင်း မြင်းမူရွာက ဤစာဖြင့်ဖွားသည်"ဟုပါရှိသောကြောင့် ဤရာဇဝင်ချုပ် ပြုစုရာဒေသကို အစွဲပြုပြီး မြင်းမူရာဇဝင်ချုပ်ဟု အမည်ပေးထားခြင်းဖြစ်သည်။ ဤရာဇဝင်ချုပ်ပြုစုပြီးစီးခဲ့သောနှစ်သည် ကျမ်းပြီးနိဂုံးအရ ၁၁၉၅ ခုနှစ် နတ်တော်လဆန်း ၉ ရက် ဗုဒ္ဓဟူးနေ့ဖြစ်ကြောင်း သိရပေသည်။

ဤရာဇဝင်ချုပ်သည် မဟာသမ္မတမင်းကစ၍ ဘကြီးတော်စစ်ကိုင်းမင်းလက်ထက်သက္ကရာဇ် ၁၁၈၄ ခုနှစ် အမရပူရမြို့မှ အင်းဝမြို့သို့ပြောင်းရွှေ့စံတော်မူသည်ထိပါရှိသည်။ ဤရာဇဝင်ချုပ်သည်လည်း ပေမူ၊ လက်ရေးမူဖြင့် တိမ်မြုပ်နေ၏။ ပုံနှိပ်မှုမရှိခဲ့သေးပေ။

> **❖ ကုန်းဘောင်ခေတ်တွင် မဟာရာဇဝင်သစ်၊ မှန်နန်းမဟာရာဇဝင်တော်ကြီး၊ ဇေတဝန်မဟာရာဇဝင်တော်ကြီး၊ မုံရွေးရာဇဝင်ကျော်၊ ရာဇဝသံဒီပကကျမ်းတို့ကဲ့သို့ ရှည်လျားပြည့်စုံသောရာဇဝင်ကျမ်းကြီးများပေါ်ထွက်ခဲ့သကဲ့သို့ ရာဇဝင်ကိုအကျဉ်းမျှသိစေရန်၊ အလွယ်တကူ မှတ်သားနိုင်စေရန် ရေးသားသောရာဇဝင်ချုပ်များလည်းထွက်ပေါ်ခဲ့သည်။ ကုန်းဘောင်ခေတ်တွင်ထွက်ပေါ်ခဲ့သော ရာဇဝင်ချုပ်အရေအတွက်ကို တိတိကျကျသိရန်ခက်ပါသည်။ တိမ်မြုပ်နေခြင်း၊ ပျောက်ဆုံးသွားခြင်းတို့ကြောင့် သိရန်မလွယ်ကူပေ။ ပုံနှိပ်စာအုပ်အဖြစ်သို့ရောက်လာသော ရာဇဝင်ချုပ်အရေအတွက်မှာလည်းမများလှပေ။ ပုံနှိပ်စာအုပ်အဖြစ်ထွက်ပေါ်လာသောရာဇဝင်ချုပ်တို့မှာ မုံရွေးဇေတဝန်ဆရာတော်ကြီး၏ စေတီယကထာ ရာဇဝင်ချုပ်၊ ဦးသုစာရိန္ဒ၏ရာဇဝင်ချုပ်တို့သာဖြစ်သည်။ ❖**

စာမျက်နှာ ၅ သို့ á

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိတို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ဟော်မုန်းပါ။ အန်ဒေါ်ဖင်ဟော်မုန်းထွက်ရှိလေ မိမိတို့မှာရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့ အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံးသွပ်ခြင်းရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျော့ချပေးနိုင်ပါတယ်။

# ဝါးခယ်မမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၈၆၉၁ ဧကစိုက်ပျိုးမည်



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

မြောင်းမြ နိုဝင်ဘာ ၅

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာ၌ နေကြာ ၈၆၉၁ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၈၆၉၁ ဧကကို နိုဝင်ဘာလ ဒုတိယပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဝါးခယ်မမြို့နယ်အတွင်းမှာ နေကြာ ၈၆၉၁ ဧက စိုက်ပျိုးသွားဖို့ ရှိပါတယ်။ လက်ရှိဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးနိုင်ဖို့ လိုအပ်တာတွေလုပ်နေပါတယ်။ စိုက်ပျိုးမဲ့နေကြာတွေ အထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးနေပါတယ်။ နေကြာက မြေအမျိုးအစားပေါ် မူတည်ပြီး အထွက်နှုန်းတွေ ကွာခြားတဲ့ အခြေအနေတွေ ရှိပါတယ်။ ဒါ့ကြောင့် ထွက်နှုန်းနည်းတဲ့မြေယာတွေကို ပိုထွက်အောင်လုပ်ဖို့ တစ်မြို့နယ်လုံးအနေနဲ့ အထွက်တိုးအောင် ခရိုင်နဲ့မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနဲ့ တောင်သူတွေ ပူးပေါင်းလုပ်ဆောင်နေပါတယ်" ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် နေကြာအပါအဝင် ဆောင်းသီးနှံများ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရန်၊ ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့မှ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

နေကြာကိုအထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် နေကြာကို ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

á **စာမျက်နှာ ၄ မှအဆက်**

**ရာဇဝံသကထာရာဇဝင်ချုပ်**

ရာဇဝံသကထာရာဇဝင်ချုပ်သည် ပုံနှိပ်မှုဖြင့် မရှိသေးသော ကျမ်းတစ်စောင်ဖြစ်သည်။ ပြုစုသူတို့လည်းမသိရသလို ကျမ်းပြီးနှစ်လည်း မပါပေ။ သို့သော်ရာဇဝင်ချုပ်အတွင်း၌ တွင်းသင်းမင်းကြီး ဦးထွန်းညိုစီရင်ခဲ့သော မဟာရာဇဝင်သစ်မှ အဆိုအမိန့်တစ်ခုကို ထည့်သွင်းသုံးသပ်ရေးသားထားသဖြင့် ရာဇဝင်သစ်ထက် နောက်ကျကြောင်း သိနိုင်သည်။ ရာဇဝင်ချုပ်မှာ မဟာသမ္မတမင်းမှစ၍ ညောင်ရမ်းခေတ် ဟံသာဝတီပါမင်းလက်ထက်ထိ ဖော်ပြထား၏။ ကုန်းဘောင်မင်းဆက်များမပါပေ။ မင်းစဉ်မင်းဆက်များကို အင်းစောက်ဇယားဖြင့် ဖော်ပြထားသောရာဇဝင်ချုပ်ဖြစ်သည်။ မင်းဆက်များကို ဇယားဖြင့်ပြဆိုထားသောကြောင့် ကြည့်ရှုရရှင်းလင်းလွယ်ကူသည်။

**မြမ္မရဋ္ဌေရာဇဝံသကထာရာဇဝင်ချုပ်**

မြမ္မရဋ္ဌေရာဇဝံသကထာရာဇဝင်ချုပ်သည် ပုံနှိပ်မှုဖြင့် မရှိသေးသော ရာဇဝင်ချုပ်တစ်စောင်ဖြစ်သည်။ မြမ္မရဋ္ဌေရာဇဝံသကထာ ရာဇဝင်ချုပ်ကို ရှေးဟောင်းစာပေသုတေသီတစ်ဦးက ၁၉၈၆ ခုနှစ်တွင် ရှေးဟောင်းမှတ်စာပဒေသာစာတွဲ ခုနစ်၌ ထည့်သွင်းဖော်ပြခဲ့ဖူးသည်။ စာကူးစက်မှုဖြစ်သောကြောင့် သိသူနည်းလှ၏။ စောင်ရေမှာလည်း များများဖြန့်ဝေခဲ့သည်မဟုတ်ပေ။

မြမ္မရဋ္ဌေရာဇဝံသကထာရာဇဝင်ချုပ်သည် မည်သူရေးသားပြုစုခဲ့သည်ကိုလည်း မသိရသလို ကျမ်းပြုပြီးစီးခဲ့သည့်နှစ်ကိုလည်း မသိရပေ။ ဤရာဇဝင်ချုပ်သည် ပါဠိဘာသာဖြင့် အလေးပေးပြုစုထားသော ရာဇဝင်ချုပ်ဖြစ်သည်။ အချို့နေရာများ၌သာ နိဿယပြန်ဆိုထားသည်ကို တွေ့ရသည်။ မင်းစဉ်မင်းဆက်များကိုသာ ဦးစားပေးဖော်ပြထားပြီး နန်းတက်၊ နန်းစံ၊ နတ်ရွာစံနှစ်များလုံးဝမပါပေ။ တစ်နည်းအားဖြင့် မင်းဆက်မည်ရွေ့ရှိသည်ကို ပါဠိဘာသာဖြင့် မှတ်စုထုတ်ထားခြင်းသာဖြစ်သည်ဟုဆိုနိုင်သည်။ ရာဇဝင်ချုပ်မှာလည်း ရှည်လျားလှသော ရာဇဝင်ချုပ်မဟုတ်ပေ။ လက်ရေးမူဖြင့် စာမျက်နှာသုံးမျက်နှာသာရှိသည်။ ရာဇဝင်ချုပ်ကို "ပြုဂါမေယော ဝတ္တန္တိ"ပါဠိဖြင့် အစချီထားသည်။ သရေခေတ္တရာမင်း ၂၅ ဆက်၊ ပုဂံမင်းဆက် ၅၅ ဆက်၊ မြင်စိုင်းမင်းညီနောင် သုံးပါး၊ ပင်းယမင်း ခြောက်ဆက်၊ စစ်ကိုင်းမင်း ခုနစ်ဆက်၊ အင်းဝမင်း၂၉ ဆက်တို့သာ ဖော်ပြထားသည်။

**သုံးသပ်ချက်**

ကုန်းဘောင်ခေတ်တွင်ပေါ်ထွန်းခဲ့သော ရာဇဝင်ချုပ်များကို စိစစ်ရေတွက်ပြရာ ရာဇဝင်ချုပ်ငါးစောင်မျှတွေ့ရပေသည်။ ဤမှာ စာရေးသူသတိပြုမိသမျှ တင်ပြခြင်းဖြစ်သည်။ တချို့က ကုန်းဘောင်ခေတ် ရာဇဝင်ချုပ်စာရင်းတွင် မိုင်းခိုင်းမင်းကြီး ဦးယမ်၏ရာဇဝင်ချုပ်ကို ထည့်သွင်းလိုကြသည်။ ဦးယမ်၏ရာဇဝင်ချုပ်သည် သီပေါမင်းပါတော်မူပြီး သုံးနှစ်ကြာ ၁၂၅၀ ပြည့်နှစ်တွင် ရေးသားပြီးစီးခဲ့သော ရာဇဝင်ချုပ်ဖြစ်သည်။ ကိုလိုနီခေတ်ဦးတွင် ရေးသားခဲ့သော ရာဇဝင်ချုပ်ဖြစ်သဖြင့် ဤစာရင်းမသွင်းတော့ပါ။

ယခုဖော်ပြခဲ့သောစာရင်းသည် စာရေးသူလေ့လာဖတ်ရှုရသမျှ ဖော်ပြခြင်းဖြစ်သည်။ စာရင်းသာတွေ့ပြီး စာမူပျောက်နေသည့် ရာဇဝင်ချုပ်များလည်းရှိနိုင်သည်။ ဥပမာအားဖြင့် ဝေါဟာရလီနတ္ထဒီပနီကျမ်း၌ ကျမ်းကိုးပြသောစကားတွင် "ဘူရိဒတ်ဇာတ်ပေါင်း၊ တန်တားဦးတည် မော်ကွန်းများကို အဖြေစီရင်သော လောကဓမ္မဉာဏစွယ်စုံ စဥ့်ကိုင်ဆရာတော်ကြီး တေဇာဒီပစီရင်သည့် ရာဇဝင်ချုပ် လေးအင်္ဂါတွင်"ဟူ၍တွေ့ရသဖြင့် စဥ့်ကိုင်ဆရာတော်ကြီး တေဇောဒီပစီရင်သော ရာဇဝင်ချုပ်လည်းရှိကြောင်း သိရသည်။ ထိုသို့အကိုးအညွှန်းပြသော ရာဇဝင်ချုပ်များလည်း များစွာရှိနိုင်ပါသည်။ မြင်းမှုမင်းသားရေး ရာဇဝင်ချုပ်၊ စစ်ကိုင်းရွှေဥမင်ဆရာတော် တိလောကာဘိလင်္ကာရရေး ရာဇဝင်ချုပ်တို့လည်း ရန်ကုန်မြို့ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်တွင်ရှိသေးကြောင်း သိရသည်။ ထို့ကြောင့် ယခုစာရေးသူတင်ပြခဲ့သော ကုန်းဘောင်ခေတ် ရာဇဝင်ချုပ်များတွင်မပါသည့် ရာဇဝင်ချုပ်ပေမူ၊ ပုရပိုက်မူများတွေ့ရှိပါက ဖြည့်စွက်ကြရန်သာဖြစ်ပေသည်။

**ကိုးကား**

- **မန္တလေးတောင်သမိုင်းသစ် (ဘဒ္ဒန္တဇောတိကာ ဘိဝံသ)**
- **စန္ဒာမုနိဘုရားနှင့်ဓမ္မစေတီကျောက်စာများ၏သမိုင်း(ဦးအောင်သူ)**

## ပုထုဇဉ်

\- တံလျှပ်ကိုတဲ့ ရေထင်
အမြင်မှာ မသဲကွဲ၊
ပိုးဖလံ မီးကိုတိုးသလိုပ
ကိုယ်ကျိုးတွေနည်း။

\- သံသရာ ဘဝထဲမှာဖြင့်
ဒုက္ခဝဲတို့ အဖန်ဖန်
ပျော်မွေ့နေပြန်၊
လွတ်ဖို့ရာ သူမကြံ
တဏှာထံ ခရီးဆက်၊
စိတ်အလို အမြဲလိုက်လို့
မိုက်တွင်းကနက်။

\- လောကခံ ရိုက်ချက်တို့
ပြည့်နှက်လို့ နေပါတယ်၊
ဒုက္ခကို ရင်ဝယ်ပိုက်
နှစ်ခြိုက်လို့ကွယ်၊
မသိမှု အဝိဇ္ဇာနယ်
စိတ်မှာတွယ် ပိတ်ဖုံး၊
ပုထုဇဉ် သဘာဝမို့
လမ်းစပျောက်ဆုံး။ ။

မောင်လူစိုး

# မလှိုင်မြို့နယ် ခင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

မလှိုင် နိုဝင်ဘာ ၅

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေချိုဘူတာကျေးရွာအုပ်စု ခင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သန်း ၃၀ ဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများအတိုင်း အမှန်တကယ် လိုက်နာဆောင်ရွက်ထားမှုရှိ၊ မရှိ အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းဇယားပုံစံများ ပြည့်စုံမှန်ကန်မှုရှိ၊ မရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခင်သာကျေးရွာတွင် နို့စားနွားမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ အသက်မွေးဝမ်းကျောင်း အဖွဲ့ ၄ ဖွဲ့မှ စုစုပေါင်းအသင်းသား၊ အသင်းသူ ဦးရေ ၂၀ ကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် သန်း ၃၀ ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



## နိုင်ငံတကာ သတင်းများ

# အမေရိကန်ဒုတိယသမ္မတဟောင်း ဒစ်ချေနေး အသက် ၈၄ နှစ်အရွယ်တွင် ကွယ်လွန်

**ဝါရှင်တန် နိုဝင်ဘာ ၅**

အမေရိကန် ဒုတိယသမ္မတဟောင်း ဒစ်ချေနေးသည် နိုဝင်ဘာ ၃ ရက်တွင် ကွယ်လွန်ခဲ့ပြီး ကွယ်လွန်ချိန်တွင် အသက် ၈၄ နှစ်ရှိပြီဖြစ်ကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြခဲ့သည်။

ဒုတိယသမ္မတဟောင်း ဒစ်ချေနေးသည် အဆုတ်ရောင်ရောဂါ နှလုံးသွေးကြော ရောဂါများဖြင့် ကွယ်လွန်ခဲ့ခြင်း ဖြစ်ကြောင်း ကျန်ရစ်သူမိသားစုက သတင်းထုတ်ပြန်ထားသည်။

ဒစ်ချေနေးသည် သမ္မတဟောင်း ဂျော့ဒဗလျူဒဗလျူဘုရှ် လက်ထက် ၂၀၀၁ ခုနှစ်မှ ၂၀၀၉ ခုနှစ်ထိ အမေရိကန်ဒုတိယသမ္မတရာထူးရယူခဲ့သူဖြစ်သည်။

ဒုတိယသမ္မတ တာဝန်ရယူထားစဉ်ကာလအတွင်း ဒစ်ချေနေးသည် အမေရိကန်နိုင်ငံ၏ ၂၀၀၃ ခုနှစ် အီရတ်ကျူးကျော်စစ်ကို အခိုင်အမာအားပေးထောက်ခံခဲ့သူဖြစ်သည်။

ဒုတိယသမ္မတဟောင်း ဒစ်ချေနေးသည် ဝိုင်အိုမင်းပြည်နယ် ရီပတ်ဘလီကန်အမတ်တစ်ဦး ဖြစ်ခဲ့သလို အမေရိကန်ကာကွယ်ရေးဝန်ကြီးတာဝန်ကိုလည်း ရယူခဲ့ဖူးသူဖြစ်သည်။

အမေရိကန်သမ္မတများ သမိုင်းလေ့လာသူများက ဒစ်ချေနေးကို အမေရိကန် သမိုင်းတစ်လျှောက် ဩဇာအကြီးဆုံး ဒုတိယသမ္မတ တစ်ဦးအဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# အမေရိကန်၌ ကုန်တင်လေယာဉ်ပျက်ကျမှုဖြစ်ပွား အနည်းဆုံး လူ ခုနစ်ဦး သေဆုံး

**နယူးယောက် နိုဝင်ဘာ ၅**

အမေရိကန်နိုင်ငံ ကင်တပ်ကီပြည်နယ် လူးဝစ္စဗီးလ်မြို့၌ နိုဝင်ဘာ ၄ ရက်က ကုန်တင်လေယာဉ်တစ်စင်းပျက်ကျခဲ့ရာ အနည်းဆုံး လူ ခုနစ်ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

အဆိုပါ ကုန်တင်လေယာဉ်သည် လူးဝစ္စဗီးလ် နိုင်ငံတကာလေဆိပ်မှ ပျံတက်ခဲ့ပြီး မကြာမီ လေဆိပ်အနီးမှာပင် ပျက်ကျခဲ့ခြင်း ဖြစ်သည်။

ကုန်တင်လေယာဉ် ပျက်ကျခဲ့ပြီးနောက် လေယာဉ်ပေါ် လိုက်ပါလာသူ လေယာဉ်အမှုထမ်း သုံးဦးစလုံး သေဆုံးခဲ့ရသည့်အပြင် မြေပြင်ရှိ လူလေးဦးလည်း သေဆုံးခဲ့ရကြောင်း ကင်တပ်ကီပြည်နယ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ပျက်ကျခဲ့သည့် ကုန်တင်လေယာဉ်မှာ မက်ဒေါနယ်ဒေါက်ဂလပ်စ်ကုမ္ပဏီထုတ် အမ်ဒီ-၁၁ အမျိုးအစား ကုန်တင်လေယာဉ်ဖြစ်ပြီး သက်တမ်း ၃၅ နှစ်ရှိပြီဖြစ်သည်။

ယူပီအက်စ်လေကြောင်းလိုင်းက ပိုင်ဆိုင်သော ယင်းကုန်တင်လေယာဉ်သည် ဟိုနိုလူလူမြို့သို့ ပျံသန်းမည့်လေယာဉ်ဖြစ်ကြောင်း အမေရိကန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အမ်ဒီ-၁၁ ကုန်တင်လေယာဉ် ပျက်ကျခဲ့ပြီးနောက် မြေပြင်၌ရှိနေသူ ၁၁ ဦးလည်း ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



# အိန္ဒိယနိုင်ငံ၌ ရထားနှစ်စီးဝင်တိုက်မှုဖြစ်ပွား အနည်းဆုံး လူ ၁၁ ဦးသေဆုံး၍ ဦးရေ ၂၀ ခန့်ဒဏ်ရာရရှိ



**ဒေလီ နိုဝင်ဘာ ၅**

အိန္ဒိယနိုင်ငံ အလယ်ပိုင်း ချာတစ်ဂါပြည်နယ်၌ နိုဝင်ဘာ ၄ ရက်ညပိုင်းတွင် ခရီးသည်တင် ရထားတစ်စီးက ကုန်တင်ရထား တစ်စီးကိုဝင်တိုက်ခဲ့ရာ အနည်းဆုံး လူ ၁၁ ဦး သေဆုံးခဲ့ရသည်။

အဆိုပါ ရထားနှစ်စီးဝင်တိုက်မှုဖြစ်စဉ်သည် ချာတစ်ဂါပြည်နယ် ရိုင်ပူရမြို့ အရှေ့မြောက်ဘက် မိုင် ၇၀ ခန့်အကွာတွင် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဖြစ်စဉ်တွင် မြို့ပတ်ခရီးသည်တင်ရထားက ကုန်တင်ရထားကို နောက်ပိုင်းမှ ဝင်တိုက်ခဲ့ခြင်းဖြစ်ကြောင်း အိန္ဒိယတာဝန်ရှိသူများက ပြောကြားထားသည်။

ရထားချင်းဝင်တိုက်မှုဖြစ်ပွားခဲ့ပြီးနောက် ခရီးသည်တင်ရထား၏ တွဲတစ်တွဲမှာ ကုန်တင်ရထားတွဲ တစ်တွဲ၏အပေါ်သို့ပင် ရောက်ခဲ့ရသည်။

ရထားနှစ်စီး ဝင်တိုက်မှုကြောင့် အနည်းဆုံး လူ ၁၁ ဦး သေဆုံးခဲ့ရပြီး ဦးရေ ၂၀ ခန့် ဒဏ်ရာများ ရရှိခဲ့ကြောင်း အိန္ဒိယတာဝန်ရှိသူများက ပြောကြားခဲ့သည်။

နေ့စဉ် လူပေါင်း ၁၂ သန်းကျော်ကို ရထား ၁၄၀၀၀စီးဖြင့် သယ်ယူ ပို့ဆောင်ပေးနေသော အိန္ဒိယရထားလမ်း ကွန်ရက်အတွင်း ရထားမတော်တဆမှုများ မကြာခဏ ဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ဘော့စနီးယား၌ သက်ကြီးစောင့်ရှောက်ရေးဂေဟာ မီးလောင်မှုဖြစ်ပွားခဲ့သောကြောင့် အနည်းဆုံး လူ ၁၁ ဦးသေဆုံး

**ဆာရာဂျေဗို နိုဝင်ဘာ ၅**

ဘော့စနီးယား မြောက်ပိုင်း သက်ကြီးစောင့်ရှောက်ရေးဂေဟာတစ်ခု၌ ဖြစ်ပွားခဲ့သော မီးလောင်မှုကြောင့် သေဆုံးသူအရေအတွက်မှာ ယနေ့တွင် ၁၁ဦးထိရှိလာပြီဖြစ်ကြောင်း သိရသည်။



အဆိုပါ သက်ကြီးစောင့်ရှောက်ရေးဂေဟာမီးလောင်မှုသည် နိုဝင်ဘာ ၄ ရက် ညပိုင်းက တူဇလာအမည်ရှိမြို့၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

တူဇလာမြို့ သက်ကြီးစောင့်ရှောက်ရေးဂေဟာသည် အထပ်ကိုးထပ်ပါဝင်ပြီး ၁၉၄၅ ခုနှစ်ဝန်းကျင်ကာလက တည်ဆောက်ခဲ့သော အဆောက်အအုံဖြစ်ကြောင်း သိရသည်။

တူဇလာမြို့ တာဝန်ရှိသူများ၏ အဆိုအရ မီးလောင်ကျွမ်းမှုသည် သက်ကြီးစောင့်ရှောက်ရေးဂေဟာ၏ ခုနစ်ထပ်မြောက် အထပ်တွင် စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

သက်ကြီး စောင့်ရှောက်ရေးဂေဟာမီးလောင်မှုအတွင်း လူပေါင်း ၃၀ ခန့်လည်း ဒဏ်ရာများရရှိခဲ့ကြောင်း တူဇလာမြို့တာဝန်ရှိသူများက ပြောကြားထားသည်။

သက်ကြီး စောင့်ရှောက်ရေး ဂေဟာ မီးလောင်ကျွမ်းမှု၏ နောက်ခံအကြောင်းရင်းကို ဘော့စနီးယားတာဝန်ရှိသူများက စုံစမ်းစစ်ဆေးနေဆဲ ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ယူကရိန်းနိုင်ငံ ပိုခရော့ဗ်မြို့နှင့် ကူပီယန့်ခ်မြို့တို့ကို ရုရှားတပ်များ ဝိုင်းရံပိတ်ဆို့ထားကြောင်း ကာကွယ်ရေးဝန်ကြီးဌာနသတင်းထုတ်ပြန်

**မော်စကို နိုဝင်ဘာ ၅**

ယူကရိန်းနိုင်ငံ ပိုခရော့ဗ်မြို့နှင့် ကူပီယန့်ခ်မြို့တို့ကို ရုရှားတပ်များက ဝိုင်းရံပိတ်ဆို့ထားကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

လက်ရှိအချိန်တွင် ပိုခရော့ဗ်မြို့တွင်း၌ ရုရှားတပ်များနှင့် ယူကရိန်းတပ်များကြား ပဋိပက္ခများဖြစ်ပွားနေကြောင်း ယူကရိန်းတပ်မတော်က အတည်ပြုထားသည်။

ပိုခရော့ဗ်မြို့တွင်းနှင့် ကူပီယန့်ခ်မြို့တွင်းရှိ ယူကရိန်းတပ်ဖွဲ့ဝင်များအနေဖြင့် လက်နက်ချအညံ့ခံရန် ရုရှားကာကွယ်ရေး ဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ရုရှားတပ်များသည် ပိုခရော့ဗ်မြို့ကို သိမ်းယူရေးအတွက် ၂၀၂၄ ခုနှစ်ကပင် စတင်ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သည်။

ပိုခရော့ဗ်မြို့ကို လက်ရသိမ်းယူနိုင်ခဲ့ပါက ရုရှားတပ်များအနေဖြင့် ယူကရိန်းနိုင်ငံ ဒွန်းဘတ်နယ်မြေတစ်ခုလုံးကို ထိန်းချုပ်နိုင်ရေးအတွက် ပို၍နီးစပ်လာမည်ဖြစ်သည်။

လက်ရှိအချိန်တွင် ယူကရိန်းတပ်များက ဒွန်းဘတ်ဒေသကြီးတစ်ခုလုံး၏ ၁၀ ရာခိုင်နှုန်းခန့်ကို ထိန်းချုပ်ထားနိုင်ဆဲဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ် ၁၂ ဘီလီယံအကွာတွင်ရှိသော မဟာအာကာသ တွင်းနက်တစ်ခုကို အလွန်တရာများပြားသည့်ရေဓာတ်များ လှည့်ပတ်နေ



ဝါရှင်တန် နိုဝင်ဘာ ၅

ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ် ၁၂ ဘီလီယံအကွာတွင်ရှိသော မဟာအာကာသ တွင်းနက်တစ်ခုကို အလွန်တရာများပြားသည့် ရေဓာတ်များ လှည့်ပတ်နေကြောင်း နိုဝင်ဘာ ၄ ရက် သတင်းများအရ သိရသည်။

APM 08279+5255 အမည်ရှိ အထက်ပါ မဟာအာကာသ တွင်းနက်ကို လှည့်ပတ်နေသော ရေဓာတ်များ၏ပမာဏမှာ ကမ္ဘာ့သမုဒ္ဒရာအားလုံးတို့မှ ရေဓာတ်ပမာဏစုစုပေါင်းထက် အဆပေါင်း ထရီလီယံ ၁၄၀ ပိုများကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

APM 08279+5255 အာကာသ တွင်းနက်သည် Big Bang ခေါ် မဟာပေါက်ကွဲမှုကြီးဖြစ်ပွားခဲ့ပြီး မကြာမီမှာပင် ပေါ်ထွက်လာပြီး ဒြပ်ထုအားဖြင့် နေဒြပ်ထုထက် အဆပေါင်းဘီလီယံ ၂၀ ပိုကြီးမားကြောင်း အမေရိကန်သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

အဆိုပါအာကာသတွင်းနက် ပတ်ပတ်လည်ရှိ ရေငွေ့များမှာ အလင်းနှစ်ရာပေါင်းများစွာ ကျယ်ပြန့်သည်ဖြစ်ရာ ကမ္ဘာဂြိုဟ်နှင့် အဝေးလံဆုံးနှင့် အကြီးမားဆုံးရေဓာတ်အစုအဝေးကြီးဖြစ်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

APM 08279+5255 မဟာ အာကာသ တွင်းနက်ဝန်းကျင်၌ ရေငွေ့များအပြင် ကာဗွန်မိုနောက်ဆိုက်ကဲ့သို့ ဓာတုမော်လီကျူးများကိုလည်း အမေရိကန်သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့သည်။

အဆိုပါ အာကာသတွင်းနက် ပတ်ပတ်လည်ရှိ ရေဓာတ်များကို ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်၏ အကူအညီဖြင့် တွေ့ရှိထားပြီး ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## အန္တာတိကဒေသမှတူးဖော်ထားသည့် ရေခဲနမူနာများထဲတွင် ကမ္ဘာ့ရှေးအကျဆုံးလေများခိုအောင်းနေမှုကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ

ဝါရှင်တန် နိုဝင်ဘာ ၅

အန္တာတိကဒေသမှ တူးဖော်ထားသည့် ရေခဲနမူနာများထဲတွင် ကမ္ဘာ့ရှေးအကျဆုံး လေများ ခိုအောင်းနေမှုကို အမေရိကန်သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြောင်း နိုဝင်ဘာ ၄ ရက် သတင်းများအရ သိရသည်။

အန္တာတိကအရှေ့ပိုင်း အယ်လ်လန်ဟေးလ်ဒေသ၌ တူးဖော်ထားသည့်ရေခဲနမူနာများထဲတွင် ကမ္ဘာ့ရှေးအကျဆုံးလေကို အမေရိကန် သိပ္ပံပညာရှင်များက တွေ့ရှိခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေခဲနမူနာများ၏ သက်တမ်းကို နှစ်ပေါင်းသုံးသန်း ခန့်သာရှိကြောင်း ယခင်က ယူဆခဲ့ကြသော်လည်း စင်စစ်အားဖြင့် နှစ်ပေါင်း ခြောက်သန်းထိ သက်တမ်းရှိနေကြောင်း သိရသည်။

ထို့ပြင် အဆိုပါရေခဲနမူနာများအတွင်း ခိုအောင်းနေသော အေးခဲလေဗလုံစီများ၏သက်တမ်းမှာလည်း နှစ်ပေါင်း ခြောက်သန်းထိရှိပြီဖြစ်ကြောင်း သိရသည်။



အဆိုပါ ရေခဲနမူနာများအတွင်းရှိ လေဓာတ်နှင့် ရေဓာတ်များကို လေ့လာခြင်းဖြင့် လွန်ခဲ့သော နှစ်ပေါင်းခြောက်သန်းက ကမ္ဘာကြီး၏ ရာသီဥတုအခြေအနေများကို နားလည်နိုင်မည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ လွန်ခဲ့သောနှစ်ပေါင်း ခြောက်သန်းခန့်ကာလ ပလိယိုစင်းဘူမိခေတ်အတွင်း ကမ္ဘာကြီးအနေဖြင့် အအေးဓာတ်ကို ကာလကြာရှည်စွာရရှိခဲ့ကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Russia Today
Trs : KKO

## တီယန်ကောင်းအာကာသစခန်းပေါ်၌ ခြောက်လကြာတာဝန်ထမ်းဆောင်ခဲ့သည့် ရှန်ကျိုး-၂၀ အာကာသယာဉ်မှူးသုံးဦး ကမ္ဘာမြေအပြန်ခရီးစဉ်စတင်ရန် စီစဉ်ထား

ပေကျင်း နိုဝင်ဘာ ၅

တီယန်ကောင်း အာကာသ စခန်းပေါ်၌ ခြောက်လကြာတာဝန်ထမ်းဆောင်ခဲ့သည့် ရှန်ကျိုး-၂၀ အာကာသယာဉ်မှူး သုံးဦးတို့သည် ကမ္ဘာမြေအပြန်ခရီးစဉ် စတင်ရန်စီစဉ်ထားကြောင်း ယနေ့ သတင်းများအရ သိရသည်။

တီယန်ကောင်း အာကာသ စခန်းယာဉ်ပေါ်သို့ ရှန်ကျိုး-၂၁ အာကာသယာဉ်မှူးများ ရောက်ရှိလာခဲ့ပြီးနောက် ကမ္ဘာမြေအပြန် ခရီးစဉ်စတင်ရန် ရှန်ကျိုး-၂၀ အာကာသယာဉ်မှူးများက စီစဉ်ထားခြင်းဖြစ်သည်။

ရှန်ကျိုး-၂၀ အာကာသယာဉ်မှူးများသည် တီယန်ကောင်း အာကာသစခန်းကွပ်ကဲမှုတာဝန်များကို ရှန်ကျိုး-၂၁ အာကာသ ယာဉ်မှူးများထံ လွှဲပြောင်းပေးခဲ့ပြီးဖြစ်သည်။

ရှန်ကျိုး-၂၀ အာကာသယာဉ်မှူးများဖြစ်ကြသည့် ချန်တောင်၊ ချန်ကျောင်ရှုနှင့် ဝန်ကျိတို့သည် တီယန်ကောင်း အာကာသစခန်းယာဉ်ပေါ်၌ ခြောက်လကြာတာဝန် ထမ်းဆောင်စဉ် အာကာသစခန်း ယာဉ်ပြင်ပထွက်ခွာမှုနှစ်ကြိမ်အပါအဝင် ပေးအပ်ထားသည့်တာဝန် များကို အပြည့်အဝထမ်းဆောင်နိုင်ခဲ့သည်။

ရှန်ကျိုး-၂၀ အာကာသယာဉ်မှူးသုံးဦးသည် တီယန်ကောင်း အာကာသစခန်းမှ ထွက်ခွာပြီးနောက် တရုတ်နိုင်ငံအတွင်း မွန်ဂိုလီးယားဒေသ တောင်ဖန်းနယ်မြေသို့ ပြန်လည်ဆင်းသက်လာမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

# HEALTH

## Flavanols ဓာတုဒြပ်ပေါင်းတစ်မျိုးက အထိုင်များသူများ၏ နှလုံးကျန်းမာရေးကို ကာကွယ်ရာတွင် အထောက်အကူပြုနိုင်

လန်ဒန် နိုဝင်ဘာ ၅

Flavanols ဓာတုဒြပ်ပေါင်း တစ်မျိုးသည် အထိုင်များသူများ၏ နှလုံးကျန်းမာရေးကို ကာကွယ်ရာတွင် အထောက်အကူပြုနိုင်ကြောင်း သုတေသနပညာရှင်များက နိုဝင်ဘာ ၄ ရက်တွင် ပြောကြားသည်။

ကိုကိုး၊ လက်ဖက်ရည်၊ ပန်းသီး၊ ဘယ်ရီသီးတို့တွင် Flavanols ခေါ် ဓာတုဒြပ်ပေါင်းတစ်မျိုး ကြွယ်ဝစွာပါဝင်ကြောင်း သိရသည်။

ဓာတ်ခွဲခန်းလေ့လာစမ်းသပ်မှုများအရ Flavanols ဓာတုဒြပ်ပေါင်းသည် အထိုင်များလွန်းမှုကြောင့်ဖြစ်ပွားတတ်သည့် နှလုံးသွေးကြော ပြဿနာများကို ကာကွယ်ပေးနိုင်ဖွယ်ရှိကြောင်း ဗြိတိန်နိုင်ငံ ဘာမင်ဂမ်တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

အချိန်ကြာမြင့်စွာ ထိုင်နေစဉ်အတွင်း Flavanols ဓာတုဒြပ်ပေါင်း ကြွယ်ဝသည့်အစားအစာများ စားသုံးခြင်းဖြင့် အထိုင်များမှု၏ နှလုံးသွေးကြောများအပေါ် အကျိုးသက်ရောက်မှုကို လျှော့ချနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက သုံးသပ်ထားသည်။

ကာလကြာမြင့်စွာ ထိုင်နေမှုကြောင့် နှလုံးသွေးကြောများ၏ ပျော့ပျောင်းမှုဂုဏ်သတ္တိ ယာယီအားဖြင့် ပျက်စီးသွားတတ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## မြေထဲပင်လယ်ဓာတ်စာက IBS ရောဂါကို ကုသရာတွင် များစွာအထောက်အကူပြုနိုင်

လန်ဒန် နိုဝင်ဘာ ၅

မြေထဲပင်လယ်ဓာတ်စာ(Mediterranean Diet)သည် အူမကြီးရောင်ရမ်းမှုရောဂါ(IBS)ကို ကုသရာတွင် များစွာအထောက်အကူပြုနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက နိုဝင်ဘာ ၄ ရက်တွင် ပြောကြားသည်။

မြေထဲပင်လယ်ဓာတ်စာသည် သစ်သီးဝလံ၊ ပဲအမျိုးမျိုး၊ အစေ့အဆန်များနှင့် ငါးဟင်းလျာတို့ အဓိကပါဝင်သော ဓာတ်စာဖြစ်ကြောင်း သိရသည်။

ဗြိတိန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ မြေထဲပင်လယ်ဓာတ်စာကို စွဲစွဲမြဲမြဲစားသုံးမှုသည် IBS ရောဂါကို ကုသရာတွင် အထောက်အကူများစွာပြုနိုင်ကြောင်း သိရသည်။

ဗြိတိန် သုတေသနပညာရှင်များသည် အရွယ်ရောက်သူ ဦးရေ ၁၀၀ ကျော်တို့၏ ဓာတ်စာစားသုံးပုံနှင့် IBS ရောဂါကုသမှုရလဒ်များကို နှိုင်းယှဉ်လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ မြေထဲပင်လယ်ဓာတ်စာများကို စွဲစွဲမြဲမြဲ စားသုံးသူများသည် ၎င်းဓာတ်စာကို မစားသူများနှင့် နှိုင်းယှဉ်ပါက IBS ရောဂါအခြေအနေ ပိုမိုတိုးတက်ကောင်းမွန်နေတတ်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

IBS ရောဂါသည် အဖြစ်အများဆုံး အစာခြေလမ်းကြောင်းစနစ် ရောဂါတစ်မျိုးဖြစ်ပြီး တစ်ကမ္ဘာလုံးအတိုင်းအတာအရ လူဦးရေ ၁၀၀ လျှင် လေးဦးထိ ခံစားနေရကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ပြိုင်ပွဲစုံ ရှစ်ပွဲဆက်ဂိုးမပေးရသည့် အာဆင်နယ်အသင်း နှစ်ပေါင်း ၁၂၂ နှစ်က စံချိန်ကောင်းကို ပြန်လည်ရရှိ



**လန်ဒန် နိုဝင်ဘာ ၅**

အာဆင်နယ် အသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဆလားဗီးယားပရက်အသင်းကို သုံးဂိုး ဂိုးမရှိဖြင့် နိုင်ပွဲရခဲ့သောကြောင့် နှစ်ပေါင်း ၁၂၂ နှစ်ကရရှိထားသည့် ခံစစ်အကောင်းဆုံး စံချိန်ကောင်းတစ်ခုကို ပြန်လည်ရရှိခဲ့သည်။

အာဆင်နယ်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ခံစစ်ကစားပုံတိုးတက်လာခဲ့သဖြင့် အောက်တိုဘာ ၂၂ ရက်က ကစားခဲ့သည့် အိုလံပီယာကို့စ်နှင့် ချန်ပီယံလိဂ်ပွဲစဉ်မှစတင်ကာ ဝက်စ်ဟမ်းအသင်း၊ ဖူလ်ဟမ်အသင်း၊ အေတီကိုအသင်း၊ ပဲလေ့စ်အသင်း၊ ဘရိုက်တန်အသင်း၊ ဘန်လေအသင်း၊ ဆလားဗီးယားပရက်အသင်းတို့နှင့် ပွဲစဉ်များတွင် ပေးဂိုးမရှိဘဲ နိုင်ပွဲရခြင်းဖြစ်သည်။

အာဆင်နယ် အသင်းသည် ၁၉ဝ၃ ခုနှစ် ဧပြီလမှ အောက်တိုဘာလထိ ကစားခဲ့သည့် ပွဲစဉ်များတွင် ပြိုင်ပွဲစုံ ရှစ်ပွဲဆက် ပေးဂိုးမရှိသည့် မှတ်တမ်းကောင်းကို ရရှိခဲ့ပြီး ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ရှစ်ပွဲဆက် ပေးဂိုးမရှိသည့် မှတ်တမ်းကောင်းကို ပြန်လည်ရရှိခဲ့ကြောင်း သိရသည်။

အာဆင်နယ် အသင်းသည် ဆလားဗီးယားပရက် အသင်းကို အဝေးကွင်းသွားရောက် ကစားခဲ့ရသော်လည်း ဘောလုံးပိုင်ဆိုင်မှု အသာဖြင့် ထိန်းချုပ်ကစားနိုင်ခဲ့သဖြင့် ပွဲကစားချိန် ၃၂ မိနစ်တွင်ဆာကာ၊ ပွဲကစားချိန် ၄၆ မိနစ်နှင့် ၆၈ မိနစ်တို့တွင် မာရင်နိုတို့၏ သွင်းဂိုးများဖြင့် ဦးဆောင်ဂိုးများ ရရှိခဲ့ပြီး သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

# ဘိုင်ယန်မြူးနစ်အသင်းကို ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းတိုက်စစ်မှူး ဒမ်ဘီလီ ဒဏ်ရာရရှိ

**ပဲရစ် နိုဝင်ဘာ ၅**

ချန်ပီယံလိဂ် အုပ်စုပွဲစဉ်အဖြစ် ပီအက်စ်ဂျီအသင်းက ဘိုင်ယန်မြူးနစ်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ပီအက်စ်ဂျီအသင်း တိုက်စစ်မှူးဒမ်ဘီလီ ဒဏ်ရာရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းသည် အိမ်ကွင်းတွင် ဧည့်ခံကစားရသဖြင့် ဘောလုံးပိုင်ဆိုင်မှု အသာရရှိခဲ့သော်လည်း ပွဲအစ လေးမိနစ်တွင် တန်ပြန်တိုက်စစ်မှ လူးဝစ်ဒီယက်ဇ်က ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သဖြင့် ချေပဂိုး ရရှိရန် ကြိုးပမ်းခဲ့ရာ ပွဲကစားချိန် ၂၃ မိနစ်တွင် တိုက်စစ်မှူးဒမ်ဘီလီ ချေပဂိုး သွင်းယူနိုင်သော်လည်း လူကျွံနေမှုကြောင့် VAR ဖြင့် ပြန်လည်စစ်ဆေး၍ ပယ်ဖျက်ခံရသဖြင့် နစ်နာခဲ့ရပြီး နှစ်သင်းစလုံး ဂိုးရရှိရေး အကြိတ်အနယ်ကစားခဲ့ရာ ပွဲကစားချိန် ၂၅ မိနစ်တွင် ဒမ်ဘီလီ ဒဏ်ရာရရှိခဲ့သောကြောင့် လူစားလဲထွက်ခွာခဲ့ရသဖြင့် ပီအက်စ်ဂျီအသင်း တိုက်စစ်ကစားပုံကျဆင်းခဲ့သည်။

ထို့နောက် ဘိုင်ယန်မြူးနစ်အသင်းက တန်ပြန်တိုက်စစ်ကို အကောင်းဆုံး အသုံးချနိုင်သဖြင့် ပွဲချိန် ၃၂ မိနစ်တွင် ဒီယက်ဇ်က ဂိုး ထပ်မံသွင်းယူခဲ့ပြီးနောက် ပွဲကစားချိန် ၄၅ မိနစ်တွင် ဟာကီမီကို ဖြတ်ထုတ်ပုံကြမ်းတမ်းခဲ့ရာ တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရသဖြင့် ပီအက်စ်ဂျီအသင်းက ပြန်လည်ဖိအားပေးနိုင်ခဲ့ပြီး ပွဲချိန် ၇၄ မိနစ်တွင် ဂျာအိုနီဗက်ဇ်က ချေပဂိုး သွင်းယူနိုင်ခဲ့သော်လည်း ပီအက်စ်ဂျီအသင်း နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

ပီအက်စ်ဂျီ အသင်းသည် ဘိုင်ယန်မြူးနစ်အသင်းကို ရှုံးနိမ့်ခဲ့သည့်အပြင် တိုက်စစ်မှူးဒမ်ဘီလီ နှင့် ခံစစ်ကစားသမား ဟာကီမီကို ဒဏ်ရာကြောင့် လက်လွှတ်ခဲ့ရသော်လည်း ဒမ်ဘီလီ၏ဒဏ်ရာမှာ ပြင်းထန်မှုမရှိကြောင်း နည်းပြ အန်းနရစ်က ပြောကြားခဲ့သည်။

နည်းပြအန်းနရစ် အနေဖြင့် ဒမ်ဘီလီ၏ ဒဏ်ရာပြင်းထန်မှုမရှိသော်လည်း စွန့်စားမှုမလုပ်လိုသောကြောင့် စောစီးစွာ လူစားလဲခဲ့ပြီး လာမည့်ပွဲစဉ်တွင် ကြံ့ခိုင်မှုပြည့်ဝစွာဖြင့် ပြန်လည်ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

Ref : Goal.com

Trs : ML



# ဝုဗ်အသင်း နည်းပြသစ်ရာထူးအတွက် နည်းပြ မာတင်အိုနေးက ငြင်းပယ်ခဲ့ပြီးနောက် နည်းပြတန်ဟတ် ရေပန်းစားနေ

**လန်ဒန် နိုဝင်ဘာ ၅**

ဝုဗ်အသင်းက လစ်လပ်နေသည့် အသင်းနည်းပြသစ်ရာထူးအတွက် နည်းပြမာတင်အိုနေးကို ခန့်အပ်ရန် ကမ်းလှမ်းခဲ့သော်လည်း မာတင်အိုနေးက ငြင်းပယ်ခဲ့ပြီးနောက် နည်းပြသစ်အဖြစ် နည်းပြတန်ဟတ်က ရေပန်းစားလျက်ရှိသည်။

ဝုဗ်အသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် ရလဒ်များ ဆက်တိုက်ဆိုးရွားနေပြီး အမှတ်ပေးဇယားအောက်ဆုံးတွင် ရပ်တည်နေသည့်အတွက် ချဲလ်ဆီးအသင်းကို ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်အပြီးတွင် နည်းပြပါရဲရားကို ရာထူးမှထုတ်ပယ်ခဲ့ပြီးနောက် နည်းပြနေရာ လစ်လပ်နေခြင်းဖြစ်သည်။

ဝုဗ်အသင်းက နည်းပြသစ်အဖြစ် အေဗီလာအသင်း နည်းပြဟောင်း မာတင်အိုနေးကိုခန့်အပ်ရန် ဦးစားပေးကြိုးပမ်းခဲ့သော်လည်း မာတင်အိုနေးက ငြင်းပယ်ခဲ့သည့်အတွက် ယခုအခါ ကလပ်အသင်း လက်မဲ့ဖြစ်နေသည့် နည်းပြတန်ဟတ်ကို ခန့်အပ်ရန်ကြိုးပမ်းနေခြင်းဖြစ်သည်။

အသက် ၅၅ နှစ်ရှိ နည်းပြတန်ဟတ်သည် ပြီးခဲ့သည့် ၂၀၂၄ ခုနှစ်က မန်ယူအသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံခဲ့ရပြီးနောက် ယခုနှစ်ဘောလုံးရာသီတွင် လေဗာကူဆင်အသင်းကို တာဝန်ယူကိုင်တွယ်ခဲ့သော်လည်း ရာသီအစ နှစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့ပြီး နှစ်ပွဲသာ ကိုင်တွယ်ခွင့်ရရှိခဲ့ပြီးနောက် နည်းပြရာထူးမှ ထုတ်ပယ်ခံခဲ့ရခြင်းဖြစ်သည်။

နည်းပြတန်ဟတ်သည် မန်ယူအသင်းနှင့်အတူ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အတွေ့အကြုံရှိသည့် နည်းပြတစ်ဦး ဖြစ်သည့်အတွက် ဝုဗ်အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်လိုနေကြောင်း သိရသည်။

Ref : Fotmob

Trs : STA

## အားကစားသတင်းအတိုအထွာများ

- မန်ယူအသင်းကခေါ်ယူရန် စိတ်ဝင်စားနေသည့် ဂျာဗီဂွါရာကို အာဆင်နယ်အသင်းက ယူရို ၂၅ သန်းဖြင့် ကြားဖြတ်ခေါ်ယူရန် ကြိုးပမ်းလျက်ရှိသည်။
- မန်စီးတီးအသင်းက ရောင်းချရန် ဆုံးဖြတ်ထားသည့် ခံစစ်ကစားသမား နသန်အကီကို အေစီမီလန်အသင်းနှင့် ဂျူဗင်တပ်အသင်းတို့က အပြိုင်ကမ်းလှမ်းလာသောကြောင့် ပြောင်းရွှေ့ကြေးကို ယူရိုသန်း ၃ဝကျော်ထိ မန်စီးတီးအသင်းက တောင်းဆိုထားသည်။
- လီဗာပူးအသင်း နည်းပြဟောင်း ကလော့ပ်ကို လိဒ်ယူနိုက်အသင်းက ပရီးမီးယားလိဂ်သို့ ပြန်လည်ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။
- ပရီးမီးယားလိဂ်သို့ ပြန်လည်ပြောင်းရွှေ့မည့် တိုနေးကို စပါးအသင်းနည်းပြ သောမတ်ဖရန့်က တိုက်စစ်ပိုင်းလိုအပ်ချက်အတွက် ပြန်လည်ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

ML

# European ၊ British နှင့် Commonwealth စူပါမစ်ဒယ်ဝိတ်တန်း ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် ဆင်းပဆင်က ဝီလျံဆင်နှင့် ယှဉ်ပြိုင်ထိုးသတ်သွားမည်

**လိဒ် နိုဝင်ဘာ ၅**

European ၊ British နှင့် Commonwealth စူပါမစ်ဒယ်ဝိတ်တန်း ချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ ဆင်းပဆင်သည် ချန်ပီယံအား စိန်ခေါ်ခွင့်ရရှိထားသူ ဝီလျံဆင်နှင့် ဒီဇင်ဘာ ၂ဝ ရက်တွင် အင်္ဂလန်နိုင်ငံ လိဒ်မြို့၌ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။




ဆင်းပဆင်အတွက် ပြီးခဲ့သောဇွန်လက European စူပါမစ်ဒယ်ဝိတ်တန်း ချန်ပီယံခါးပတ်ကို ဆွတ်ခူးခဲ့ပြီးနောက် ပထမဆုံးအကြိမ် လက်ရှိချန်ပီယံကာကွယ်ပွဲစဉ်လည်းဖြစ်သည်။

အသက် ၂၉ နှစ်အရွယ် ဆင်းပဆင်သည် ပရော်ဖက်ရှင်နယ် လက်ဝှေ့လောကသို့ဝင်ရောက်လာပြီးနောက်ပိုင်း စိန်ခေါ်ပွဲ ၁၈ ပွဲ ထိုးသတ်ထားကာ ရှုံးပွဲမရှိသေးသည့် လက်ဝှေ့သမားဖြစ်သည်။

အသက် ၃၄ နှစ်အရွယ် ဝီလျံဆင်သည် စိန်ခေါ်ပွဲပေါင်း ၂၆ ပွဲ ထိုးသတ်ထားကာ ရှုံးပွဲ လေးပွဲနှင့် သရေပွဲ တစ်ပွဲ ရလဒ်ထွက်ပေါ်ထားသည်။

အတွေ့အကြုံပိုင်းတွင် ဝီလျံဆင်က အနည်းငယ် သာလွန်နေသော်လည်း လက်ရှိချန်ပီယံ ဆင်းပဆင် အနေဖြင့် လက်ရှိချန်ပီယံခါးပတ်များကိုကာကွယ်နိုင်ရန် ရေပန်းစားနေသည်။

ဆင်းပဆင်က “ဝီလျံဆင်ဟာ ခက်ခဲတဲ့ ပြိုင်ဘက်ကောင်းတစ်ယောက်ပါ။ ဒါပေမဲ့လဲ လက်ရှိကာလက ကျွန်တော့်ရဲ့ခေတ်ဖြစ်နေသလို ကျွန်တော့်ရဲ့ အကောင်းဆုံးအချိန်လဲ ဖြစ်တယ်။ လက်ရှိဗြိတိန်ရဲ့ အကောင်းဆုံးလက်ဝှေ့သမားတွေထဲက တစ်ယောက်ဖြစ်တယ်ဆိုတာကို အားလုံးသိအောင် ဒီပွဲစဉ်မှာ သက်သေပြသွားမှာဖြစ်ပါတယ်”ဟု ပြောကြားခဲ့သည်။

ဝီလျံဆင်က “ဆင်းပဆင်က လက်ဝှေ့သမားကောင်းတစ်ယောက်ပါ။ ဒါပေမဲ့လဲ ဆင်းပဆင်ဟာ ကျွန်တော့်လို လက်ဝှေ့သမားမျိုးနဲ့ ထိပ်တိုက် မတွေ့ဆုံဖူးသေးလို့ပါ။ ကျွန်တော်ဟာ အကောင်းဆုံး စိန်ခေါ်ပွဲတွေကို ထိုးသတ်ထားသလို ချန်ပီယံခါးပတ်တွေကိုလဲ ရရှိခဲ့ဖူးတဲ့ သူတစ်ယောက်ဆိုတာ သူသိလာပါလိမ့်မယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : TSN

Trs : AZL

# ပီအက်စ်ဂျီအသင်းကို အနိုင်ရရှိခဲ့ပြီးနောက် ရာသီအစ ပြိုင်ပွဲစုံ ၁၅ ပွဲဆက် အနိုင်ရရှိခဲ့သည့်မှတ်တမ်းကောင်းတစ်ရပ်ကို ဘိုင်ယန်မြူးနစ်အသင်း ပိုင်ဆိုင်




ဘာလင် နိုဝင်ဘာ ၅

ဘိုင်ယန်မြူးနစ် အသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲ ပွဲစဉ်(၄)အဖြစ် ကစားခဲ့သည့် ပီအက်စ်ဂျီအသင်းနှင့်ပွဲစဉ်တွင် အနိုင်ရရှိခဲ့ပြီးနောက် ယခုနှစ်ဘောလုံးရာသီတွင် ရာသီအစ ပြိုင်ပွဲစုံ ၁၅ ပွဲဆက် အနိုင်ရရှိခဲ့သည့် မှတ်တမ်းကောင်းတစ်ရပ်ကိုပိုင်ဆိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ဘိုင်ယန်မြူးနစ်အသင်းက အဝေးကွင်းတွင် ပီအက်စ်ဂျီအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဘိုင်ယန်မြူးနစ်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် လေးမိနစ်နှင့် ၃၂ မိနစ်တို့တွင် ဒီယက်ဇ်က သွင်းယူနိုင်ခဲ့ပြီး ပီအက်စ်ဂျီ အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၇၄ မိနစ်တွင် နာဗက်ဇ်က သွင်းယူနိုင်ခဲ့ကာ ဘိုင်ယန်မြူးနစ် အသင်းအတွက် နှစ်ဂိုး သွင်းယူပေးနိုင်ခဲ့သည့် ဒီယက်ဇ်အနေဖြင့် တိုက်ရိုက် အနီကတ်ကြောင့် လာမည့်ပွဲစဉ်ကို လွဲချော်ရမည်ဖြစ်သည်။

ဘိုင်ယန်မြူးနစ် အသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် နည်းပြကွန်ပနီ လက်အောက်၌ အကောင်းဆုံးပုံစံရရှိနေပြီး ရာသီအစပိုင်းကတည်းက ရလဒ်များ ဆက်တိုက် ကောင်းမွန်နေပြီး ဂျာမန် ဘွန်ဒက်စ်လီဂါပြိုင်ပွဲတွင် ကိုးပွဲ ကစားပြီးချိန်၌ ကိုးပွဲစလုံး အနိုင်ရရှိထားကာ အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်လျက်ရှိနေသည်။

အလားတူ ဘိုင်ယန်မြူးနစ်အသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း လေးပွဲကစားပြီးချိန်တွင်လေးပွဲစလုံးအနိုင်ရရှိထားကာ ရဂိုး ၁၃ ဂိုး ပေးဂိုး သုံးဂိုး ရမှတ် ၁၂ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးနေရာမှ ဦးဆောင်နိုင်ခဲ့သကဲ့သို့ ဂျာမန် ဖိုကယ်ဖလားပြိုင်ပွဲတွင်လည်း နှစ်ပွဲဆက် နိုင်ပွဲရယူထားပြီး ယခုနှစ် ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ပွဲစဉ်တိုင်းအနိုင်ရရှိခဲ့သည့် ကလပ်အသင်းအဖြစ် ရပ်တည်နေကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# WTA Finals တင်းနစ်ပြိုင်ပွဲ အုပ်စုအဆင့်တွင် ကိုကိုဂတ်ဖ်က ပါအိုလီနီကို အနိုင်ရရှိ

ရီယာ့ဒ် နိုဝင်ဘာ ၅

ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့တွင် ကျင်းပနေသည့် WTA Finals တင်းနစ်ပြိုင်ပွဲ အုပ်စုတွင်းပွဲစဉ် တစ်ပွဲအဖြစ် အမေရိကန်တင်းနစ်မယ် ကိုကိုဂတ်ဖ်နှင့် အီတလီ တင်းနစ်မယ် ပါအိုလီနီတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကိုကိုဂတ်ဖ်က (၆-၃၊ ၆-၂)ရလဒ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကိုကိုဂတ်ဖ်အနေဖြင့် အုပ်စုတွင်း ပထမပွဲစဉ်တွင် အမေရိကန် တင်းနစ်မယ် ပီဂူလာကို ရှုံးနိမ့်ခဲ့သည့်အတွက် အုပ်စုအဆင့်ကို ကျော်ဖြတ်နိုင်ရေး ပါအိုလီနီအား မဖြစ်မနေ အနိုင်ကစားနိုင်ရန် လိုအပ်နေပြီး ကိုကိုဂတ်ဖ်သည် ပါအိုလီနီနှင့်ပွဲစဉ်တွင် အကောင်းဆုံးကစားနိုင်ခဲ့သလို အနိုင်ရလဒ်ဖြင့် ထိုက်တန်ကြောင်းကိုလည်း ပြသနိုင်ခဲ့သည်။

အဆိုပါပြိုင်ပွဲသည် တစ်နှစ်တာကာလအတွင်း အောင်မြင်မှုများ ရရှိထားသည့် တင်းနစ်မယ်များကို စုစည်းကျင်းပပေးသည့် ပြိုင်ပွဲအမျိုးအစား ဖြစ်သည့်အတွက် အခြားသောပြိုင်ပွဲများထက် ပိုမိုအကြိတ်အနယ်ရှိသည်။

ကိုကိုဂတ်ဖ်က "အုပ်စုတွင်း ပထမပွဲစဉ်မှာ အရှုံးရလဒ်နဲ့ရင်ဆိုင်ခဲ့ရတဲ့အတွက် စိတ်မကောင်းဖြစ်ခဲ့ရတယ်။ ဒုတိယမြောက်ပွဲစဉ်ကိုတော့ ရှုံးလို့မရတော့တဲ့အတွက် အမှား အနည်းဆုံးဖြစ်အောင် ကစားနိုင်ဖို့ ကြိုးစားခဲ့ပါတယ်။ ဒုတိယပွဲစဉ်မှာ ကစားနိုင်ခဲ့တဲ့ စွမ်းဆောင်ရည်နဲ့ ပတ်သက်ပြီး အားရကျေနပ်မှုရှိသလို ဝမ်းလဲသာပါတယ်။ ဒီပြိုင်ပွဲဟာ အရှိန်အဝါရှိတဲ့ပြိုင်ပွဲဖြစ်သလို သတ်မှတ်ချက်တွေနဲ့ ကိုက်ညီတဲ့ ကစားသမားတွေသာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရတဲ့အတွက် တစ်နှစ်တာအတွင်း အကောင်းဆုံး စွမ်းဆောင်ထားနိုင်တဲ့ ပြိုင်ဘက်တွေနဲ့ပဲ ယှဉ်ပြိုင်ရတာဖြစ်ပါတယ်။ ဒါကြောင့် ပွဲတိုင်းက ခက်ခဲတဲ့ပွဲတွေပါ။ အုပ်စုအဆင့်ကို ကျော်ဖြတ်နိုင်ရေးအတွက် ဆက်လက်ကြိုးစားသွားမယ်" ဟု ပြောကြားခဲ့သည်။

ကိုကိုဂတ်ဖ်သည် အုပ်စုအဆင့် နောက်ဆုံးပွဲစဉ်ကို ကမ္ဘာ့အဆင့် (၁) တင်းနစ်မယ် ဆာဘာလင်ကာနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : Ubi Tennis

Trs : AZL

# LIV Golf ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၀၂၆ ခုနှစ်မှစတင်၍ ၇၂ ကျင်း ယှဉ်ပြိုင်ရမည့်စနစ်ဖြင့် ကျင်းပပြုလုပ်သွားမည်

လန်ဒန် နိုဝင်ဘာ ၅

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် အခြေစိုက်သည့် LIV Golf အဖွဲ့ချုပ်သည် ၂၀၂၂ ခုနှစ်မှ စတင်၍ ပြိုင်ပွဲများကို ကျင်းပပြုလုပ်လာခြင်းဖြစ်ပြီး ပြိုင်ပွဲအား ၅၄ ကျင်း စနစ်ဖြင့်သာ ကျင်းပပြုလုပ်လာခဲ့သော်လည်း LIV Golf ဂေါက်သီးရိုက်ပြိုင်ပွဲကိုအဆင့်အတန်းမြှင့်တင်နိုင်ရေးအတွက် တာဝန်ရှိသူများက ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီးနောက် ၂၀၂၆ ခုနှစ်မှစတင်၍ LIV Golf ဂေါက်သီးရိုက်ပြိုင်ပွဲများတွင် ၇၂ ကျင်းစနစ်ဖြင့် ကျင်းပပြုလုပ်သွားတော့မည်ဖြစ်ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

LIV Golf အဖွဲ့ချုပ်အနေဖြင့် ၇၂ ကျင်းစနစ်သို့ မပြောင်းလဲပါက PGA Tour ၏ပြိုင်ပွဲအဆင့်အတန်းကို ယှဉ်ပြိုင်နိုင်မည်မဟုတ်သည့်အတွက်ကြောင့် PGA Tour ပြိုင်ပွဲများတွင် ကျင်းပသည့်စနစ်များဖြင့် ကျင်းပပြုလုပ်သွားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

LIV Golf အဖွဲ့ချုပ်မှ ကျင်းပသည့် ပြိုင်ပွဲများသည် ဆုကြေးငွေမြင့်မားပြီး PGA Tour အဖွဲ့ချုပ်မှ ကျင်းပနေသည့် ပြိုင်ပွဲများထက် ဆုကြေးငွေမှာ သိသိသာသာကွာဟချက်ရှိနေသော်လည်း ၅၄ ကျင်းစနစ်ဖြင့်သာ ကျင်းပနေသည့်အတွက် LIV Golf အဖွဲ့ချုပ်မှကျင်းပသော ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နေသည့် ပြိုင်ပွဲဝင်များသည် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင်လည်း သတ်မှတ်ခြင်းမခံရကြောင်း သိရသည်။

LIV Golf အဖွဲ့ချုပ်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက "LIV Golf အဖွဲ့ချုပ်အနေနဲ့ ပြိုင်ပွဲတွေကို ၅၄ ကျင်းစနစ်နဲ့ ကျင်းပလာတာ လေးရာသီ ရောက်လာခဲ့ပြီဖြစ်ပါတယ်။ ပြိုင်ပွဲဝင်တွေနဲ့ ပြိုင်ပွဲရဲ့ အဆင့်အတန်းကို ဆက်လက်မြှင့်တင်နိုင်ဖို့အတွက် ၂၀၂၆ ခုနှစ် ဂေါက်သီးရိုက်ရာသီက စတင်ပြီးတော့ ၇၂ ကျင်းစနစ်နဲ့ ပြောင်းလဲကျင်းပသွားတော့မှာ ဖြစ်တဲ့အကြောင်း အသိပေးကြေညာအပ်ပါတယ်"ဟု ပြောကြားခဲ့သည်။

LIV Golf အဖွဲ့ချုပ်သည် ၂၀၂၆ ခုနှစ်အတွက် ပြိုင်ပွဲကြီး ၁၁ ရပ်ထိ ကျင်းပ ပြုလုပ်သွားမည်ဖြစ်ပြီး ပွဲချိန်ဇယားကို တရားဝင်ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

Ref : Golf Today

Trs : AZL

# ယူရိုပါလိဂ် ပွဲစဉ် (၄) ပွဲကြိုသုံးသပ်ချက်များ

STA

## ဘက်တစ် Vs လိုင်ယွန်

ကစားမည့်ရက်/အချိန် ၇-၁၁-၂၀၂၅ (နံနက် ၀၂:၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဘက်တစ် ၀ - ၀ လိုင်ယွန်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

ဘက်တစ် - အိမ်(ရှုံး) ဝေး(နိုင်) အိမ်(နိုင်)

လိုင်ယွန် - အိမ်(နိုင်) ဝေး(သရေ) ဝေး(သရေ)

ဘက်တစ်အသင်းအတွက် တိုက်ရိုက်ရှုံးထွက်အဆင့် တက်ရောက်နိုင်ဖို့ ရမှတ်လိုအပ်ချက်ရှိနေလို့ အိမ်ကွင်းမှာ အမှားခံမှာမဟုတ်ပါဘူး။ ဘက်တစ်အသင်း တိုက်စစ်ပိုင်းကလဲ နောက်ဆုံးနှစ်ပွဲမှာ ၁၀ ဂိုး သွင်းယူနိုင်တဲ့ထိ ဂိုးသွင်း အားကောင်းနေပါတယ်။ လိုင်ယွန်အသင်းကတော့ နှစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးနေပြီး ရုန်းကန်နေရလို့ အခုပွဲစဉ်မှာလဲ ရုန်းကန်ရမှာပါ။ ဒါကြောင့် အိမ်ရှင်အားသာချက်နဲ့ ဖိအားပေးလာမဲ့ ဘက်တစ်အသင်းကိုပဲ အားပေးရမှာပါ။

ခန့်မှန်းရလဒ်- ဘက်တစ် ၂ - ၁ လိုင်ယွန်

## အေဗီလာ Vs မက္ကာဘီတဲလ်အဗစ်

ကစားမည့်ရက်/အချိန် ၇-၁၁-၂၀၂၅ (နံနက် ၀၂:၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

မရှိ

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

အေဗီလာ- ဝေး(ရှုံး) အိမ်(နိုင်) ဝေး(ရှုံး)

မက္ကာဘီတဲလ်အဗစ်- အိမ်(ရှုံး) အိမ်(နိုင်) ဝေး(နိုင်)

အေဗီလာအသင်းအတွက် အိမ်ကွင်းမှာရမှတ်ပြည့်ရရှိဖို့ အမှားခံမှာမဟုတ်သလို မက္ကာဘီတဲလ်အဗစ်အသင်းကို ခြေစွမ်းပိုင်းအသာနဲ့ ဖိအားပေးကစားနိုင်မှာပါ။ မက္ကာဘီတဲလ်အဗစ်အသင်းကတော့ နှစ်ပွဲဆက်နိုင်ပွဲရယူထားတယ်ဆိုပေမဲ့ အေဗီလာအသင်းအိမ်ကွင်းမှာတော့ ခက်ခဲမှာပါ။ ဒါကြောင့် ကစားသမားစုဖွဲ့မှုပိုင်း အသာစီးမှာရှိနေတဲ့ အေဗီလာအသင်းပဲ အနိုင်ရယူသွားမှာပါ။

ခန့်မှန်းရလဒ်- အေဗီလာ ၂ - ၀ မက္ကာဘီတဲလ်အဗစ်

# ချန်ပီယံလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် အသက်အငယ်ဆုံးကစားသမားအဖြစ် အာဆင်နယ်အသင်းမှ လူငယ်ကွင်းလယ်ကစားသမားဒိုမန်း မှတ်တမ်းဝင်

လန်ဒန် နိုဝင်ဘာ ၅



အာဆင်နယ်အသင်း လူငယ်ကွင်းလယ်ကစားသမား ဒိုမန်းသည် ချန်ပီယံလိဂ်ပွဲစဉ်(၄)အဖြစ် ကစားခဲ့သည့် ဆလားဗီးယားပရပ်အသင်းနှင့် အာဆင်နယ်အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် ပါဝင်ကစားခွင့်ရရှိခဲ့ပြီးနောက် ချန်ပီယံလိဂ်ပြိုင်ပွဲ သမိုင်းတစ်လျှောက် အသက်အငယ်ဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

အာဆင်နယ် အသင်းက ဆလားဗီးယားပရပ် အသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်၏ ပွဲချိန်၇၃မိနစ်တွင် အသင်းဖော်ထရော့ဆက်၏နေရာ၌ လူစားပါဝင်ကစားခွင့် ရရှိခဲ့ပြီးနောက် ချန်ပီယံလိဂ်ပြိုင်ပွဲ သမိုင်းတစ်လျှောက် အသက်အငယ်ဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

ဒိုမန်းသည် အာဆင်နယ်အသင်းနှင့် ဆလားဗီးယားပရပ်အသင်းတို့ ပွဲစဉ်တွင် ပါဝင်ကစားခဲ့သည့်အချိန်၌ ၎င်း၏အသက်မှာ ၁၅ နှစ်နှင့် ၃၀၈ ရက်သာရှိသေးသည့်အတွက် ချန်ပီယံလိဂ်ပြိုင်ပွဲ သမိုင်းတစ်လျှောက် အသက်အငယ်ဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

ဒိုမန်းသည် အာဆင်နယ်အသင်း အကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး နည်းပြအာတီတာ၏ ယုံကြည်မှုနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် အသင်းကြီးနှင့် စတင်ပူးပေါင်းခွင့်ရရှိခဲ့ပြီး အသင်းနှင့်အတူ ပထမဆုံးပွဲစဉ်အဖြစ် ပြီးခဲ့သည့် ဘရိုက်တန်အသင်းနှင့်ပွဲစဉ်တွင် ပါဝင်ကစားခဲ့ခြင်းဖြစ်သည်။

ဒိုမန်းသည် ယခုနှစ် ဘောလုံးရာသီတွင် နည်းပြအာတီတာ၏ လက်အောက်၌ ပြိုင်ပွဲစုံ ငါးပွဲထိ ကစားခွင့်ရရှိထားကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့

ညွှန့်ဝင်း(နတ်တလင်း)

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်။ ပညာရေးသည် နိုင်ငံ၏ အခြေခံအုတ်မြစ်ဖြစ်သည်။ ပညာကိုကောင်းစွာအသုံးချနိုင်သော လူသားရင်းမြစ်ထွန်းကားသောနိုင်ငံသည် တိုးတက်မှုမြန်ဆန်သည်။ ပညာကို အသုံးချနိုင်လျှင် အသုံးချနိုင်သလောက် ဖွံ့ဖြိုးတိုးတက်မှုများရရှိခံစားရသည်။ ပညာရေးသည် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုနှင့် စီမံခန့်ခွဲအုပ်ချုပ်နိုင်မှုတို့အပေါ် တိုက်ရိုက်သက်ရောက်မှုရှိသည်။ ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးတိုးတက်သောနိုင်ငံများသည် ပညာရေးကို ကောင်းမွန်အောင် တည်ဆောက်ခဲ့ကြကြောင်း လေ့လာတွေ့ရှိရသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးရှိ ခေါင်းဆောင်များသည် မိမိတို့နိုင်ငံ၏ ပညာရေးကိုမြှင့်တင်၍ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် အားပေးဆောင်ရွက်လျက်ရှိကြသည်။

သမိုင်းဦးဘုံမြေခေတ်တွင် လူသည် တိရစ္ဆာန်တို့ထက်ပင် အင်အားနည်းခဲ့သည်။ သို့ရာတွင် လူတို့၏ စူးစမ်းစိတ်ရှိမှု၊ စဉ်းစားဆင်ခြင်နိုင်စွမ်းရှိမှုတို့ဖြင့် ပညာကိုသင်ယူလိုက်သောအခါ လူသည် တစ်လောကလုံးကို အုပ်စိုးနိုင်သူဖြစ်လာသည်။ ပညာသည် တစ်ခေတ်ပြီးတစ်ခေတ်ဖြတ်သန်းလာခဲ့ပြီး လူသားအချင်းချင်း လက်ဆင့်ကမ်းသယ်သွားခြင်းဖြင့် ပညာသည် တိုးတက်ပြန့်ပွားလာခဲ့သည်။ ပညာကြောင့်ပင်လျှင် စဉ်းစားတွေးခေါ်နိုင်မှု၊ တီထွင်ဖန်တီးနိုင်မှုတို့ တိုးတက်လာပြီး လူသားတို့ဘဝဖွံ့ဖြိုးတိုးတက်လာစေခဲ့သည်။ ထို့ကြောင့် ပညာရေးကို အားပေးဆောင်ရွက်နိုင်လျှင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်နိုင်သည်။ သို့သော် ကမ္ဘာပေါ်ရှိနိုင်ငံတိုင်း ပညာရေးမြင့်မားအောင် လက်တွေ့ကျကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများမှာ ကွာခြားမှုများရှိခဲ့သည်။ ထို့ကြောင့်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်မှုတွင် တစ်နိုင်ငံနှင့်တစ်နိုင်ငံ မတူညီခဲ့ကြပေ။

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက် (၄)ရပ်တွင် "နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက် ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး"ဟူသော ဦးတည်ချက်လည်း ပါဝင်သည်။ ထို့ကြောင့် ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများက ဘက်စုံပညာရေးကဏ္ဍကို ဦးစားပေးတိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံသားတို့၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂဟူသော ဗလငါးတန်ဖွံ့ဖြိုးရေးအတွက်လည်း လမ်းညွှန်ချက်များပေးကာ အားပေးမြှင့်တင်လျက်ရှိသည်။ ပညာရပ်များ၏အားနည်းချက်များကိုသုံးသပ်၍ အမျိုးသားပညာရေးစနစ်သစ်၏ အစီအစဉ်အရ စနစ်သစ်သင်ရိုးညွှန်းတမ်းများဖြင့် ကျောင်းများတွင် လက်တွေ့သင်ကြားစေ၍ တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။ သက်မွေးပညာရပ်များဖြစ်သော စက်မှုနည်းပညာ၊ စိုက်ပျိုးရေးနည်းပညာ၊ မွေးမြူရေးနည်းပညာများသင်ကြားပေးနိုင်သည့် သက်မွေးပညာအထက်တန်းကျောင်းများကို နိုင်ငံတော်က ဖွင့်လှစ်နိုင်ခဲ့သည်။ အဆိုပါကျောင်းများတွင် သက်မွေးပညာရပ်များကို ကောင်းစွာသင်ယူနိုင်ကြပြီး အလုပ်အကိုင်အခွင့်အလမ်းများအတွက် အထောက်အပံ့ကောင်းများရရှိအောင် ဆောင်ရွက်နိုင်သည်။ ဤကဲ့သို့ စနစ်သစ်ပညာရေးကို အားပေးခြင်းဖြင့် ဘက်စုံပညာရေးကဏ္ဍဖွံ့ဖြိုးလာပြီး နိုင်ငံတော်အတွက် လိုအပ်သောလူ့စွမ်းအားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်မည်ဖြစ်သည်။

**❖ ကမ္ဘာ့နိုင်ငံအသီးသီး၏ဖွံ့ဖြိုးတိုးတက်မှုသည် ပညာရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် မူတည်လျက်ရှိသည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍအရည်အသွေးမြင့်မားလာရန်မှာ လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှုကဏ္ဍသည် အရေးကြီးသည်။ ယနေ့ခေတ် လူငယ်မောင်မယ်များကို နိုင်ငံတော်က ပညာရေးကိုအားပေးမြှင့်တင်ပေးသကဲ့သို့ အခွင့်အလမ်းကောင်းများကိုလည်း ဖန်တီးပေး၏။ နိုင်ငံတော်တွင် ကြုံတွေ့နေရသည့်အခက်အခဲများနှင့် စိန်ခေါ်မှုများကြားမှ ပညာရေးကို မဖြစ်မနေအားပေးလျက်ရှိသည်။ ပညာတတ်များပေါ်များလာရေးအတွက် မသင်မနေရပညာရေး၊ အခမဲ့ပညာရေး၊ စဉ်ဆက်မပြတ်ပညာရေးစီမံချက်များကို အားပေးမြှင့်တင်လျက်ရှိသည်။ ❖**

မြန်မာနိုင်ငံတွင် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူမှုအခွင့်အလမ်းများကို နိုင်ငံတော်က မြှင့်တင်ဆောင်ရွက်နေသည်။ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူမှုအခွင့်အလမ်းများ မဆုံးရှုံးစေရန် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေခွင့်ရရှိရေး၊ အခြေခံပညာကို အခမဲ့သင်ယူခွင့်ရရှိရေး၊ အခြေခံပညာမူလတန်း၊ အလယ်တန်း မပြီးဆုံးမီ ကျောင်းထွက်မှုများ နည်းပါးစေရေးအတွက် နိုင်ငံတော်နှင့် ဌာနဆိုင်ရာများ၊ ပြည်သူများပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ အသက်မွေးဝမ်းကျောင်းသင်အထက်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးခြင်းဖြင့် အခြေခံအသက်မွေးဝမ်းကျောင်းပညာကိုရရှိကာ မိမိတို့၏ အရည်အချင်း၊ ဝါသနာနှင့်ကိုက်ညီသော အသက်မွေးလုပ်ငန်းများကို ကောင်းမွန်စွာလုပ်ကိုင်နိုင်မည်ဖြစ်သည်။ ထို့ပြင် အဆင့်မြင့်ပညာကို ဆက်လက်သင်ယူလိုသူများသည်လည်း မိမိတို့၏ အရည်အချင်းနှင့် ဝါသနာအလျောက် တက္ကသိုလ်ပညာများကို ဆက်လက်ဆည်းပူးနိုင်သည်။

ပညာရေးဝန်ကြီးဌာနသည် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း(အထူးစီမံကိန်း)များ ရေးဆွဲကာ အစီအစဉ်များချမှတ်ဆောင်ရွက်လျက်ရှိရာ ၎င်းအစီအစဉ်သည် မြန်မာနိုင်ငံ၏ မျက်မှောက်ကာလ ပညာရေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်းနှီးမြှုပ်နှံပေးခြင်းသည် အနာဂတ်နိုင်ငံတော်အတွက် အခိုင်အမာဖြစ်စေမည်ဖြစ်သည်။ ယခုအခါပညာရေးအတွက် ရင်းနှီးမှုကို တိုးချဲ့စီစဉ်ဆောင်ရွက်ပေးနေပြီဖြစ်ရာ မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍမြှင့်တင်မှုအတွက် အောင်မြင်မှုများဆီသို့ ဦးတည်နေပြီဖြစ်သည်။ ပြည်သူတစ်ရပ်လုံးအနေဖြင့်လည်း ပညာရေးမြှင့်တင်မှုအခန်းကဏ္ဍကို နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုတွင် အတူပူးပေါင်းပါဝင်လျက် အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ရမည်ဖြစ်သည်။

ကမ္ဘာ့နိုင်ငံအသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှုသည် ပညာရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် မူတည်လျက်ရှိသည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍ အရည်အသွေးမြင့်မားလာရန်မှာ လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှုကဏ္ဍသည် အရေးကြီးသည်။ ယနေ့ခေတ် လူငယ်မောင်မယ်များကို နိုင်ငံတော်က ပညာရေးကို အားပေးမြှင့်တင်ပေးသကဲ့သို့ အခွင့်အလမ်းကောင်းများကိုလည်း ဖန်တီးပေး၏။ နိုင်ငံတော်တွင် ကြုံတွေ့နေရသည့်အခက်အခဲများနှင့်စိန်ခေါ်မှုများကြားမှ ပညာရေးကို မဖြစ်မနေအားပေးလျက်ရှိသည်။ ပညာတတ်များပေါ်များလာရေးအတွက် မသင်မနေရပညာရေး၊ အခမဲ့ပညာရေး၊ စဉ်ဆက်မပြတ်ပညာရေးစီမံချက်များကို အားပေးမြှင့်တင်လျက်ရှိသည်။ အသိပညာရှင်၊ အတတ်ပညာရှင်များ တိုးတက်ပေါ်ထွန်းလာစေရန် နိုင်ငံတော်၏ အားပေးကူညီမှုသည် မဖြစ်မနေလိုအပ်သည်။ ယနေ့နိုင်ငံတော်တွင် အသိပညာ၊ အတတ်ပညာမြင့်မားရေး၊ အားကစားကဏ္ဍမြှင့်တင်ရေး၊ လူငယ်နှင့်ပညာရေးကဏ္ဍမြင့်မားရေး၊ ကုန်ထုတ်စွမ်းအားအဆင့်မြှင့်တင်ရေးတို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးနေသည်။ ဘက်စုံကဏ္ဍစုံ၌ ထူးချွန်ထက်မြက်သော လူငယ်မောင်မယ်များကို နိုင်ငံတော်အနေဖြင့် ပြည်တွင်းနှင့်ပြည်ပရှိ ပညာရေးနှင့်ဆိုင်သောကဏ္ဍများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိအောင် ပံ့ပိုးဆောင်ရွက်ပေးသည်။ ထူးချွန်သောလူငယ်မောင်မယ်များကိုလည်း ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးသည်။

ဤသို့ထူးချွန်ထက်မြက်သော လူငယ်လူရွယ်များ မြန်မာနိုင်ငံတွင် များစွာရှိသည်။ ထိုလူငယ်များ၏ ပညာအခွင့်အလမ်းများကို မိဘအုပ်ထိန်းသူများနှင့် ပတ်ဝန်းကျင်က တည့်မတ်ပေးပြီး နိုင်ငံတော်အစိုးရက မြှင့်တင်ပေးခြင်းဖြင့် အနာဂတ်အတွက် အားထားရမည့် အရင်းအမြစ်ကောင်းများရရှိလာမည်ဖြစ်သည်။ လူငယ်များသည် အနာဂတ်နိုင်ငံတော်၏ ပဲ့ကိုင်ရှင်များဖြစ်သည်။ အသိဉာဏ်ပညာနှင့်ပြည့်စုံသည့် လူငယ်ပညာရှင်များပေါ်ထွန်းလာရေး၊ အသိပညာ၊ အတတ်ပညာစွမ်းရည်နှင့်ပြည့်စုံပြီး အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်တည်လာရေးအတွက် အလေးထားလုပ်ဆောင်ရမည်ဖြစ်သည်။

ထို့ကြောင့် မျိုးဆက်သစ်လူငယ်မောင်မယ်များနှင့် လူ့စွမ်းအားအရင်းအမြစ်များသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာအခန်းကဏ္ဍမှတက်ကြွစွာပါဝင်ဆောင်ရွက်ရမည့်သူများဖြစ်ရာ ၎င်းတို့၏ အသိပညာ၊ အတတ်ပညာတိုးတက်မြင့်မားရေးအတွက် နိုင်ငံတော်က အားပေးဆောင်ရွက်မြှင့်တင်ပေးနေသကဲ့သို့ နိုင်ငံသူ၊ နိုင်ငံသားအားလုံးကလည်း အဘက်ဘက်မှ ပူးပေါင်းပါဝင် အားပေးကူညီမြှင့်တင်ပေးကြရန်လိုအပ်ကြောင်း တင်ပြလိုက်ရပေသည်။

**ကိုးကား**

- **နေ့စဉ်ထုတ်သတင်းစာများ။**
- **ပညာတန်ဆောင်မဂ္ဂဇင်းပါ ပညာရေးဆောင်းပါးများ။**
- **ပညာရေးကဏ္ဍလမ်းညွှန်ချက်များ။**

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job–PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit–PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Pass-port for Job–PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန

## လေပတ်ကားရုပ်ရှင်ဇာတ်ကားကို ရုပ်သံဇာတ်လမ်းအဖြစ် CANAL+ ZAT LENN ရုပ်သံလိုင်းမှ ထုတ်လွှင့်မည်



**ရန်ကုန် နိုဝင်ဘာ ၅**

လေပတ်ကား ရုပ်ရှင်ဇာတ်ကားကို နိုဝင်ဘာ ၈ ရက် ည ၇ နာရီ မိနစ် ၃၀ တွင် ရုပ်သံဇာတ်လမ်းအဖြစ် CANAL+ ZAT LENN ရုပ်သံလိုင်းမှ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)ထံမှ သိရသည်။

အဆိုပါ လေပတ်ကား ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒီဒီထက်အောင်က ရေးသားထားပြီး ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)က ဘိုဘိုရုပ်ရှင်ထုတ်လုပ်ရေးအတွက် ပုံဖော်ရိုက်ကူးထားသည့် အချစ်ဟာသ ရုပ်ရှင်ဇာတ်ကား ဖြစ်ကြောင်း သိရသည်။

"ကျွန်တော့်အနေနဲ့ သရုပ်ဆောင်တွေ ကာရိုက်တာ မတူအောင်တော့ သေချာပြင်ဆင်ရိုက်ကူးထားပါတယ်။ ကိုဇော်ဝင်းနိုင်တို့၊ ဆင်မတို့လဲ မတူတဲ့ရှုထောင့်တွေက တင်ဆက်ထားပါတယ်။ ထက်အောင်ရှိုင်းကိုလဲ အစစ်မတွေမုန်းတယ်ဆိုတဲ့ ပုံစံလေး ဖန်တီးထားပါတယ်။ အချစ်ဟာသဇာတ်မြူးလေးပါပဲ။ ၂၀၂၃ ခုနှစ်အောက်တိုဘာလတုန်းက ရုံတင်ပြသခဲ့ပြီးပါပြီ။ ပရိသတ်တွေအားပေးမှုလဲရရှိခဲ့တဲ့ ရုပ်ရှင်ဇာတ်ကားကို ရုပ်သံဇာတ်လမ်းအနေနဲ့ ပြန်လွှင့်မှာပါ"ဟု ဒါရိုက်တာ ကိုဇော် (အရုဏ်ဦး)က ပြောပြ၍ သိရသည်။

ဘိုဘိုရုပ်ရှင်ထုတ်လုပ်ရေးက စီစဉ်ရိုက်ကူး ထုတ်လုပ်သည့် လေပတ်ကား ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် မြင့်မြတ်၊ ထက်အောင်ရှိုင်း၊ ခင်လှိုင်၊ ဇော်ဝင်းနိုင်(မန်း)၊ ဆင်မ၊ ကျောင်ဂုက်၊ သွက်လက်၊ မေမြင့်မိုရ်၊ ဝေလာရီ၊ Elena၊ မျိုးမျိုးခိုင်နှင့် အနုပညာရှင်များစွာ ပါဝင်ထားကြောင်း သိရသည်။ ASH

## Focker In - Law ဟာသဒရာမာဇာတ်ကား၌ အာရီယာနာဂရန်ဒီ၏ ဇာတ်ဝင်ခန်းများရိုက်ကူးပြီးဖြစ်

**နယူးယောက် နိုဝင်ဘာ ၅**

Focker In – Law အမည်ရှိ ဟာသဒရာမာ ဇာတ်ကား၌ မင်းသမီး အာရီယာနာဂရန်ဒီ၏ ဇာတ်ဝင်ခန်းများ ရိုက်ကူးမှုလုပ်ငန်းမှာ တရားဝင်ပြီးဆုံးခဲ့ပြီဖြစ်ကြောင်း နိုဝင်ဘာ ၄ ရက် သတင်းများအရ သိရသည်။

Focker In – Law ဇာတ်ကား၌ ၎င်း၏ ဇာတ်ဝင်ခန်းများရိုက်ကူးပြီးစီးမှုကို မင်းသမီး အာရီယာနာဂရန်ဒီက ၎င်း၏ လူမှုမီဒီယာစာမျက်နှာပေါ်တွင် အတည်ပြုရေးသားထားခြင်းဖြစ်သည်။

အဆိုပါ ဇာတ်ကားတွင် မင်းသမီး အာရီယာနာဂရန်ဒီနှင့်အတူ မင်းသား ရာဘတ်ဒီနီရို၊ ဘင်စတယ်လာ၊ အိုဝင်ဝီဆင်နှင့် မင်းသမီး တာရီပိုလိုတို့လည်း ပါဝင်သရုပ်ဆောင်ထားသည်။

Focker In – Law ဇာတ်ကား၌ မင်းသမီး အာရီယာနာဂရန်ဒီပါဝင်သရုပ်ဆောင်ထားသည့် ဇာတ်ကောင်နေရာကို မသိရသေးကြောင်း၊ ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၂၅ ရက်တွင် ရုံတင်ပြသရန် စီစဉ်ထားသည့် အဆိုပါ ဇာတ်ကားကို ဒါရိုက်တာ ဂျွန်ဟမ်းဘာ့က တာဝန်ယူ ရိုက်ကူးထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



## နိုဝင်ဘာ ၇ ရက်တွင် နိုင်ငံတစ်ဝန်းအဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည့် ပြန်မပြောရ ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းမိတ်ဆက်ပွဲ ပြုလုပ်

**ရန်ကုန် နိုဝင်ဘာ ၅**

နိုဝင်ဘာ ၇ ရက်တွင် နိုင်ငံတစ်ဝန်းအဆင့်မြင့် ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည့် ပြန်မပြောရ ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းမိတ်ဆက်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၄ ရက်က ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ စိမ်းလန်းစိုပြေစားသောက်ဆိုင်တွင် ကျင်းပခဲ့ကြောင်း အဆိုပါ ပြန်မပြောရ ရုပ်ရှင်ဇာတ်ကားကို တာဝန်ယူ ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ Lucius Wayne ထံမှ သိရသည်။

အဆိုပါ ပြန်မပြောရ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို Lucius Wayne က ရေးသားထားပြီး DUET PICTURES ရုပ်ရှင်ထုတ်လုပ်ရေးအတွက် Lucius Wayne ကပင် ဒါရိုက်တာအဖြစ် ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"လူငယ်သရုပ်ဆောင်သစ်တွေကို အခွင့်အရေးပေးထားတဲ့ ဒွိထုတ်လုပ်ရေးရဲ့ ပထမဆုံးကားဖြစ်ပါတယ်။ ဒီရုပ်ရှင်က ဇာတ်လမ်းသုံးခုကို ကျောရိုးတစ်ခုတည်းနဲ့ ဖန်တီးထားပါတယ်။ ရှောင်လွှဲလို့မရတဲ့ ကံကြမ္မာနဲ့အတူ သူတို့တစ်ယောက်ချင်းစီ ကြုံတွေ့ရမဲ့ သွေးပျက်ဖွယ်ရာ အဖြစ်အပျက်တွေ၊ သူတို့ချစ်ရတဲ့သူတွေကို အန္တရာယ်ပေးလာတော့မဲ့ တစ်စုံတစ်ရာကဘာလဲ။ သူတို့ကို စောင့်ကြည့်နေတဲ့ သူစိမ်းတစ်ယောက်က ဘယ်သူလဲ။ သူတို့တွေ ဘာဆက်ဖြစ်ကြမလဲ ဆိုတာကတော့ နိုဝင်ဘာ ၇ ရက်မှာ ပိတ်ကားထက်ကနေ အဖြေပေးမှာဖြစ်ပါတယ်" ဟု ဒါရိုက်တာ Lucius Wayne က ပြောပြသည်။



အဆိုပါ ပြန်မပြောရ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် အောင်ရဲထိုက်၊ ရာဇာနေဝင်း၊ သိန်းလင်းစိုး၊ ကျော်ဇော၊ ရဲနောင်ချို၊ စွမ်းထက်ညီညီ၊ အောင်ဇေယျမင်းထင်၊ သူရိန်ဝင်း၊ ဇင်မိုး၊ ညီကျော်၊ ဖွဲ့ဝီရ၊ စည်သူထက်မေတိုးခိုင်၊ သီရိစိုး၊ ဆုထက်၊ သီရိကျော်၊ ပြည့်ပြည့်၊ ဆောင်း၊ စိုးမိုးကြည်၊ လင်းဇာနည်ဇော်နှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။ ASH

## Reenactment ရုပ်ရှင်ဇာတ်ကား၌ မင်းသား ဘင်နီစီအိုဒယ်တိုရို ပါဝင်မည်

**နယူးယောက် နိုဝင်ဘာ ၅**

Reenactment အမည်ရှိ ရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသား ဘင်နီစီအိုဒယ်တိုရို ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း နိုဝင်ဘာ ၄ ရက် သတင်းများအရ သိရသည်။

Reenactment ဇာတ်ကားတွင် ဘင်နီစီအိုဒယ်တိုရိုသည် မင်းသမီး ကင်မရွန်းဒီအက်နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ဂရန်းဆင်းဂါးက ကိုယ်တိုင် ဝတ္ထုဇာတ်ညွှန်းရေး၍ ကိုယ်တိုင် ရိုက်ကူးမည် ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Reenactment ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

သို့ရာတွင် ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုကို မကြာမီကာလအတွင်း လော့စ်အိန်ဂျလိစ်မြို့၌ စတင်ရန် စီစဉ်ထားပြီး ဒါရိုက်တာ ဂရန်းဆင်းဂါးနှင့် မင်းသား ဘင်နီစီအိုဒယ်တိုရိုတို့သည် Reptile အမည်ရှိ ဇာတ်ကား၌ လက်တွဲဆောင်ရွက်ခဲ့ဖူးသူများ ဖြစ်ကြကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



## တေးသံရှင် စိုးပိုင်၊ ဂျေညီမလေးတို့၏ တေးဂီတဖျော်ဖြေပွဲကို တာမွေမြို့နယ်ရှိ 225 Entertainment Lounge တွင် ပြုလုပ်မည်

**ရန်ကုန် နိုဝင်ဘာ ၅**

တေးသံရှင် စိုးပိုင်၊ ဂျေညီမလေးတို့၏ တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ 225 Entertainment Lounge ၌ နိုဝင်ဘာ ၇ ရက်ညတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါ တေးဂီတဖျော်ဖြေပွဲတွင် ပါဝင်ဖျော်ဖြေမည့် တေးသံရှင် ဂျေညီမလေးထံမှ သိရသည်။

အဆိုပါ တေးသံရှင် စိုးပိုင်၊ ဂျေညီမလေးတို့၏ တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို 225 Entertainment Lounge ၏ ပင်တိုင်တေးဂီတ အဖွဲ့က အကောင်းဆုံး ပံ့ပိုးကူညီတီးခတ်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

"နိုဝင်ဘာ ၇ ရက်ညမှာ 225 Entertainment Lounge မှာ ဦးစိုးပိုင်နဲ့အတူ တေးသီချင်းတွေ သီဆိုဖျော်ဖြေသွားဖို့ အတွက် ပြင်ဆင်နေပါတယ်။ 225 Entertainment Lounge ရဲ့ ပင်တိုင် တေးဂီတအဖွဲ့နဲ့အတူ တေးသီချင်းကောင်းများစွာကို သီဆိုဖျော်ဖြေသွားမှာဖြစ်ပါတယ်" ဟု တေးသံရှင် ဂျေညီမလေးက ပြောပြသည်။

အဆိုပါ တေးသံရှင် စိုးပိုင်၊ ဂျေညီမလေးတို့၏ တေးဂီတဖျော်ဖြေပွဲကို 225 Entertainment Lounge တွင် နိုဝင်ဘာ ၇ ရက် ည ၇ နာရီမှ စတင်ကာ ကျင်းပပြုလုပ်သွားမည် ဖြစ်ကြောင်း တေးသံရှင် ဂျေညီမလေးက ဆက်လက်ပြောပြ၍ သိရသည်။

ASH

# Sagaing Township exceeds cultivation of rainfed paddy this year



A monsoon paddy plantation.

**Sagaing November 5**

Local farmers have planted rainfed paddy exceeding the target cultivation in Sagaing Township of Sagaing Region this year, according to the township Agriculture Department.

Local authorities earmarked cultivation of 26,116 acres of rainfed paddy in monsoon in 2025-26 but farmers have planted 26,126 acres of the crops exceeding the target cultivation.

"At Sagaing Township, it was planned to cultivate 26,116 acres of rainfed paddy during this year's monsoon cropping season. As of today, cultivation has already been completed on 26,126 acres, exceeding the initial target. Necessary technologies and seed varieties will be provided for rainfed paddy cultivation, and field activities are being carried out to help farmers complete their planting in time," said U Myo Thant Aung, Head of the Township Agriculture Department.

It is learned that during this year's monsoon cropping season, the Township Agriculture Department and local farmers have been cooperating to ensure systematic cultivation of rainfed paddy without any difficulties.

In Sagaing Township, agricultural training is being provided to rainfed paddy farmers, along with awareness programmes on pest prevention, measures to minimize crop damage and losses, and guidance to ensure timely storage of harvested paddy under proper shelter.

This year, service personnel of the township Agriculture Department make field trips to the paddy plantations to help farmers select quality strains of crops, check pests, weed plantations, remove different paddy strains, and systematically use fertilizers with agricultural techniques. 206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Plan underway to grow more than 9,000 acres of green gram in Kalay Township

**Kalay November 5**

Local authorities have earmarked cultivation of more than 9,000 acres of green gram in Kalay Township ofSagaing Region in coming cold season, according to the township Agriculture Department.

For the 2025–2026 winter crop season, it is reported that 9,190 acres of green gram are planned to be cultivated in Kalay Township, with cultivation scheduled to take place from October to December this year.

Daw Marn Ewe, Head of the Kalay Township Agriculture Department, said: "This year, we have planned to grow over 9,000 acres of green gram in Kalay Township during the winter crop season. Efforts will be made to meet the full target acreage. Green gram cultivation has been increasing year by year. We will provide awareness and technical training to encourage farmers to expand cultivation and to use quality, pure seeds for better yields."

The Kalay Township Agriculture Department will provide technical awareness to green gram farmers on using suitable and quality seed varieties for the region, adopting proper cultivation methods, preventing pest infestations, applying fertilizers systematically, and improving crop yields.

During this year's monsoon crop season, various types of pulses were cultivated in the township, and efforts were made in cooperation with farmers to ensure good yield and quality through the use of quality seeds, application of inputs, and post-harvest handling technologies. 206



A thriving green gram plantation.

# Farmers harvest all plantations of rainfed groundnut in YeU Township

**YeU November 5**

According to the district Agriculture Department, local farmers have completed harvest of groundnut on all plantations in YeU Township of Sagaging Region.

They planted 11,052 acres of groundnut as monsoon crops in YeU Township. Starting from August, they harvested the groundnut plantations. So far, they have finished harvest of groundnut, yielding 41.67 baskets per acre.

During this year's monsoon crop season, groundnut was cultivated on 11,052 acres in YeU Township. All of the cultivated groundnut fields have now been fully harvested. As an oil crop, groundnut production is reported to be successful, and cultivation has shown steady progress year by year, according to U Zaw Myint Tun, Head of the YeU District Department of Agriculture.

In YeU Township, one and a half baskets of seed are used per acre, and the total production cost—including seed cost, labour charges, fertilizers, and pesticides—amounts to over K200,000 per acre. The average yield per acre is about 50 baskets.

To ensure successful groundnut cultivation, prevent pest and disease infestations, and maintain weed-free fields, staff from the Township Department of Agriculture have been conducting field inspections and maintaining field monitoring records throughout the growing season. 206

# More than 48,000 acres of rainfed paddy planted in Tamu District

**Tamu November 5**

Local farmers planted 48,823 acres of rainfed paddy inTamu District of Sagaing Region this year, accordin to the district Agriculture Department Office.

During the 2025-2026 monsoon crop season, a total of 49,500 acres of monsoon paddy have been planned for cultivation in Tamu District. Planting began in June this year, and as of now, cultivation has been completed on 12,861 acres in Myothit Township, 14,894 acres in Tamu Township, and 21,068 acres in Khampat Township — making a total of 48,823 acres already planted.

"For this monsoon crop season, Tamu District has a target of 49,500 acres of monsoon paddy, and 48,823 acres have been cultivated so far. Efforts are being made to meet the full target. The necessary techniques and quality paddy seeds are being provided, and we are conducting field visits to help farmers plant their crops in a timely manner," said U Hla Myint, Head of the Tamu District Department of Agriculture.

The planned acreage for monsoon paddy cultivation in Tamu District for the 2025-2026 season is 12,880 acres in Myothit Township, 15,580 acres in Tamu Township, and 21,040 acres in Khampat Township — totaling 49,500 acres.

During this monsoon season, the respective Township Departments of Agriculture, in cooperation with local farmers, have been working to ensure systematic cultivation without difficulties. Farmers are also being provided with agricultural techniques, knowledge on pest prevention, crop protection measures to prevent losses, and guidance to ensure that harvested paddy is stored properly and on time.

To ensure successful cultivation and good yields from the monsoon paddy fields in Tamu District this year, staff from the Township Departments of Agriculture are conducting field inspections and providing technical assistance, including the use of quality and pure seeds, pest and disease control, proper weeding and thinning, removal of mixed varieties, and systematic fertilizer application. 206

# All sesame plantations reaped in Monywa Township this year


Photo shows newly harvested sesame in a field.

**Monywa November 5**

Based on data compiled at Monywa Township Agriculture Department of Sagaing Region, local farmers have so far harvested all sown acreage of sesame planted in monsoon this year in Monywa Township.

During this year's monsoon cropping season, a total of 11,665 acres of monsoon sesame were cultivated in Monywa Township. Harvesting began in August, and as of today, all cultivated areas have been fully harvested, with an average yield of over 10 baskets per acre.

"This year, a total of 11,665 acres of monsoon sesame were cultivated in Monywa Township during the monsoon cropping season. Harvesting has now been completed on 100 percent of the cultivated area, exceeding the initial target. Efforts were also made to expand sesame cultivation, improve yields, and promote cultivation using GAP (Good Agricultural Practices) methods," said U Soe Thet Aung, Head of the Monywa Township Agriculture Department.

The Township Agriculture Department has provided awareness programs for sesame farmers on cultivation expansion, systematic farming methods, GAP-based cultivation practices, and the use of high-quality and high-yield seed varieties.

Crops cultivated under the GAP system are known to have better quality and fetch higher prices than those grown under traditional methods. Moreover, GAP-compliant produce can be marketed not only domestically but also exported abroad. As a result, farmers who adopt GAP practices can achieve greater profitability and improvement in their socio-economic livelihoods. 206

# Russia and China issue roadmap for relations

**Washington November 5**

Russia and China have issued a new communique on the countries' growing relations, following Russian Prime Minister Mikhail Mishustin's visit to Hangzhou, where he met with his Chinese counterpart, Li Qiang.

In the communique issued on Tuesday, both sides pledged to expand cooperation across multiple spheres and jointly respond to external challenges. They vowed to provide firm mutual support on issues affecting their core interests, and called for deeper ties in areas including science, technology, agriculture, trade, ecology, investment, and AI.

The two also agreed to strengthen cultural and people-to-people exchanges, promote visa-free travel, and boost integrated development in tourism and border-city cooperation. They pledged to promote peace and stability in the Arctic and deepen cooperation in space exploration.

Russia reaffirmed its adherence to the One-China policy, recognizing Taiwan as an integral part of China, and reiterated its support for Beijing's efforts toward national reunification. China expressed support for Russia's efforts to safeguard its security, stability, and sovereignty. Xinhua

# Local farmers harvest maize in Kanbalu Township

**Kanbalu November 5**

Statistics of Kanbalu Township Agriculture Department stated that local farmers have so far harvested all sown acreage of maize in Kanbalu Township of Sagaing Region.

During this year's monsoon cropping season in Kanbalu Township, a total of 88,931 acres of maize and 533 acres of sweet corn were cultivated, totalling 89,464 acres. Harvesting of these maize fields began in August this year, and to date, 88,931 acres of maize have been harvested with an average yield of 57.13 baskets per acre, while 533 acres of sweet corn have produced more than 18,000 ears per acre.

"This year, during the monsoon cropping season, a total of 89,464 acres of maize and sweet corn were cultivated in Kanbalu Township. At present, harvesting has been completed on 100 per cent of the planted area. To ensure successful maize production, we have provided awareness programmes and guidance on pest and disease prevention," said U Myo Zaw, Head of the Kanbalu Township Agriculture Department.


A pile of harvested maize.

The Township Agriculture Department has been providing training courses and field demonstrations for farmers growing maize and sweet corn, as well as raising awareness on preventive measures against fall armyworm and promoting the use of integrated pest management practices such as neem-based pesticides and ginger and chili extracts for pest control.

In Kanbalu Township, maize yields more than 50 baskets per acre while sweet corns produce 15,000 cobs per acre. Farmers need to cost K500,000 per acre of maize and more than K500,000 per acre. 206

# U.S. gov't shutdown set to break record as Senate again fails to pass funding bill

**Washington November 5**

The U.S. Senate on Tuesday again failed to pass a temporary funding bill, marking the 14th unsuccessful attempt.

This means the federal government shutdown is on track to surpass the 35-day record set during the 2018-2019 shutdown and become the longest in U.S. history.

The Republican-held Senate voted 54-44 on the House-approved "clean" continuing resolution, which would fund the government at current levels through Nov. 21. The bill needed 60 votes to overcome filibuster and move forward in the upper chamber.

The ongoing shutdown has caused growing disruptions, hitting sectors such as aviation, food assistance and health care, with its impact continuing to expand and putting mounting pressure on both livelihoods and the economy.

The ongoing shutdown could cost the U.S. economy 14 billion dollars if it lasts eight weeks, the Congressional Budget Office said in a recent report.

Meanwhile, the two parties continued to trade blame, each accusing the other party of causing the stalemate.

"'Every day gets better for us.' Those were the words of the Democrat leader one week into this shutdown, reflecting on the supposed benefits of the shutdown for Senate Democrats. But thanks to Senate Democrats, every day is getting worse for the American people," Senate Majority Leader John Thune said Tuesday in a post on X.

Xinhua


Photo taken on Nov. 4, 2025 shows the exterior of the White House, in Washington, D.C., the United States.

# Yinmabin District completes harvest of more than 21,000 acres of groundnut this year

**Yinmabin November 5**

Local farmers have reaped more than 21,000 acres of groundnut in Yinmabin District of Sagaing Region, according to the region Agriculture Department.

During this year's monsoon cropping season in Yinmabin District, a totalof 33,342 acres of groundnut were cultivated. Harvesting began in August, and as of today, 21,871 acres have been harvested, with an average yield of 45.92 baskets per acre.

"This year, a total of 33,342 acres of groundnut were cultivated in Yinmabin District during the monsoon cropping season. Harvesting is currently underway, and more than 21,000 acres have been harvested so far. As an oil crop, groundnut cultivation has been successful and continues to improve year by year," said Dr Tin Mar Mar Oo, Assistant Director of the Sagaing Region Agriculture Department.


According to the report, by township-level progress, groundnut harvesting has been completed on 21,015 acres in Kani Township, 788 acres in Salingyi Township, and 68 acres in Pale Township — totalling 21,871 acres.

In Yinmabin District, groundnut cultivation requires about one and a half baskets of seed per acre, with total production costs — including seed, labour, fertilizer, and pesticide expenses — exceeding K200,000 per acre, while average yields reach over 50 baskets per acre.

To ensure successful and healthy groundnut cultivation this year, staff from the respective Township Agriculture Departments have been conducting field inspections, collecting monitoring records, and providing on-site guidance to prevent pest and disease infestations and maintain weed-free fields. 206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်နိုင်ငံ ACS ကုမ္ပဏီက လုံခြုံစိတ်ချရသောအမြင်အာရုံသုံး ရန်သူ၊ မိတ်ဆွေစိစစ်ခွဲခြားရေးစနစ်ကို ထုတ်ဖော်ပြသခဲ့




အမေရိကန်နိုင်ငံ Allen Control Systems(ACS)ကုမ္ပဏီသည် ရေဒီယိုအချက်ပြမှုပိတ်ဆို့ခံရနိုင်ခြေရှိသော ရေဒီယိုလှိုင်းများကိုအသုံးမပြုဘဲ ဒရုန်းများကို ခွဲခြားသတ်မှတ်ပေးနိုင်သည့် လုံခြုံစိတ်ချရသောအမြင်အာရုံသုံး ရန်သူ၊ မိတ်ဆွေစိစစ်ခွဲခြားရေးစနစ်တစ်ခုကို ထုတ်ဖော်ပြသခဲ့သည်ဟု The Defense Post သတင်းဌာနက အောက်တိုဘာ ၃၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ရန်သူ၊ မိတ်ဆွေ ခွဲခြားစစ်ဆင်ရေးစနစ်ဟုအမည်ပေးထားသော အဆိုပါစနစ်သည် သမားရိုးကျအသုံးပြုလေ့ရှိသည့် ရေဒီယိုလှိုင်းနှုန်းသုံး အချက်ပြစက်များအစား ကုတ်ဝှက်ထားသော အနီအောက်ရောင်ခြည်အလင်းလှိုင်းများကို အသုံးပြု၍ ဒရုန်းများကို ရန်သူ၊ မိတ်ဆွေစိစစ်ခွဲခြားပေးနိုင်မည်ဖြစ်သည်။

၎င်း ရန်သူ၊ မိတ်ဆွေစိစစ်ခွဲခြားရေးစနစ်သည် လုပ်ငန်းစဉ်တွင် မီလီစက္ကန့် ၂၀၀ အောက်သာကြာမြင့်ပြီး နှစ်ကီလိုမီတာအကွာအဝေးထိ လုပ်ဆောင်နိုင်သည်။ ၎င်းသည် ဒရုန်းများကို GPS သို့မဟုတ် ဆက်သွယ်ရေးစနစ်များပိတ်ဆို့ထားသော ပတ်ဝန်းကျင်များတွင်ပင် အခြားဒရုန်းများ၏ ဝိသေသလက္ခဏာများကို အတည်ပြုပေးနိုင်ရန် သို့မဟုတ် အခြေစိုက်စခန်းသို့ ပြန်လာရန်ကဲ့သို့သောအမိန့်များကို လုံခြုံစိတ်ချစွာ လက်ခံရရှိနိုင်စေလိမ့်မည် ဖြစ်ကြောင်း သိရသည်။

ACS ကုမ္ပဏီ၏ ထုတ်ပြန်ချက်အရ ၎င်းစနစ်ကို ဒရုန်းများဖြင့် ပြည့်နှက်နေသည့် ခေတ်သစ်စစ်မြေပြင်များအတွက် ဒီဇိုင်းထုတ်ထားခြင်းဖြစ်ပြီး ထိုနေရာများတွင် ရေဒီယိုအခြေပြု ရန်သူ၊ မိတ်ဆွေခွဲခြားသတ်မှတ်စနစ်များသည် ပိတ်ဆို့ခံရခြင်း၊ လှည့်စားခံရခြင်း သို့မဟုတ် ကြားဖြတ်ဖမ်းယူခံရခြင်းများ ဖြစ်နိုင်ကြောင်း သိရသည်။

"အချက်ပြမှုများပိတ်ဆို့နေသည့် ပတ်ဝန်းကျင်များတွင် မိတ်ဆွေ သို့မဟုတ် ရန်သူကို လျင်မြန်စွာခွဲခြားသတ်မှတ်နိုင်ခြင်းနှင့်ဘေးအန္တရာယ်ဖြစ်စေမည့် ကျရှုံးမှုဖြစ်နိုင်ခြေသည် လက်ရှိရင်ဆိုင်နေရသော အရေးကြီးဆုံးနှင့် အရှုပ်ထွေးဆုံးစိန်ခေါ်မှုများထဲမှတစ်ခုဖြစ်နိုင်သည်"ဟု ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် Mike Wior က ပြောကြားခဲ့သည်။

နိုင်ငံတကာ တပ်မတော်များသည် ဒရုန်းအသုံးပြုမှု ပြည့်နှက်လာနေသော စစ်မြေပြင်များတွင် မိမိတပ်ဖွဲ့အချင်းချင်း မှားယွင်းတိုက်ခိုက်မှုများနှင့် ရှုပ်ထွေးမှုများကိုလျှော့ချရန်အတွက် မျိုးဆက်သစ် ရန်သူ၊ မိတ်ဆွေ ခွဲခြားသတ်မှတ်ခြင်း နည်းပညာများတွင် ပိုမိုရင်းနှီးမြှုပ်နှံလာခဲ့ကြသည်။

ယခုနှစ်အတွင်း၌ပင် အမေရိကန် ရေတပ်သည် လေယာဉ်များ၊ ဒရုန်းများနှင့် ရေယာဉ်များတွင် အသုံးပြုနေသော အဓိက IFF ကိရိယာဖြစ်သည့် AN/APX-123A(V) Common Transponder ကို ခေတ်မီအောင် ပြုပြင်မွမ်းမံရန်အတွက် BAE Systems ကုမ္ပဏီကို ဒေါ်လာ သန်း ၃၀ တန်ဖိုးရှိ စာချုပ်တစ်ခု ပေးအပ်ခဲ့သေးသည်။

အလားတူ ရုရှားနိုင်ငံသည်လည်း ၎င်း၏ မောင်းသူမဲ့ပလက်ဖောင်းများတွင် လျှို့ဝှက်ကုဒ်ဖြင့် ထုတ်ထားသော ကိုယ်ပိုင်ဝိသေသလက္ခဏာများကို ထည့်သွင်းရန်ရည်ရွယ်၍ ပိတ်ဆို့ခံရသောနေရာများတွင် မိတ်ဆွေချင်းမှားယွင်းတိုက်ခိုက်မှု မဖြစ်စေရန်အတွက် ၎င်းတို့၏ ဒရုန်းတပ်ဖွဲ့များအတွက် အထူးပြုလုပ်ထားသော ရန်သူ၊ မိတ်ဆွေ စိစစ်ခွဲခြားစနစ်တစ်ခုကိုတီထွင်နေကြောင်း သိရသည်။

**ACS Unveils Optical Friend-or-Foe ID for Drones ကို ဘာသာပြန်ဆိုထားပါသည်။**

## တရုတ်(PLA)က ပြည်တွင်းထုတ် Z-20 ရဟတ်ယာဉ်ကို ကိုယ်ပျောက်စွမ်းရည်အဆင့်မြှင့်တင်မှုများပြုလုပ်ခဲ့







တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(PLA)သည် ပြည်တွင်းထုတ် Z-20 ရဟတ်ယာဉ်ကို ကိုယ်ပျောက်စွမ်းရည်အဆင့်မြှင့်တင်မှုများပြုလုပ်ခဲ့ကြောင်း Defence Blog သတင်းဌာနက နိုဝင်ဘာ ၁ ရက်တွင် ရေးသား ဖော်ပြခဲ့သည်။

တရုတ်နိုင်ငံထုတ် Z-20 ရဟတ်ယာဉ်သည် အမေရိကန်ထုတ် H-60 Black Hawk ပုံစံတူနီးပါးရဟတ်ယာဉ်အဖြစ် သတ်မှတ်ခံထားရသောအမျိုးအစားဖြစ်သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ကာကွယ်ရေးလေ့လာသူများကြား ပျံ့နှံ့နေသော အဆိုပါ Z-20 ကိုယ်ပျောက်ရဟတ်ယာဉ်ဗားရှင်းသစ်ကို လူသိရှင်ကြား ပထမဆုံးအကြိမ်တွေ့မြင်ခဲ့သည်။ ရဟတ်ယာဉ်ကိုယ်ထည်ပြုပြင်ထားမှုများနှင့်အနီအောက်ရောင်ခြည်တိုက်ဖျက်ရေးစွမ်းရည်တို့သည် ကိုယ်ပျောက်နည်းပညာနှင့်ဆက်စပ်နေသော ဒီဇိုင်းရွေးချယ်မှုများနှင့် ပုံစံတူနေသည်။

Harbin လေယာဉ်စက်မှုလုပ်ငန်းအဖွဲ့မှ တည်ဆောက်ထားသော တရုတ်နိုင်ငံ၏ Z-20 ရဟတ်ယာဉ်သည် စစ်သည်များ သယ်ယူပို့ဆောင်ခြင်း၊ ထောက်ပံ့ပို့ဆောင်ခြင်းလုပ်ငန်းများနှင့် တောင်ပေါ်စစ်ဆင်ရေးများလုပ်ဆောင်နိုင်သည့် ဘက်စုံသုံး အလတ်စားသယ်ယူပို့ဆောင်ရေးရဟတ်ယာဉ်အဖြစ် တရုတ်လေတပ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည်။

၎င်း၏ဖွဲ့စည်းပုံ၊ ဒလက်ငါးခုပါ ပင်မပန်ကာနှင့် နောက်မြီးပုံစံဖွဲ့စည်းမှုတို့သည် အမေရိကန်ထုတ် UH-60 Black Hawk ရဟတ်ယာဉ်နှင့် အလွန်တူညီနေသည်။ တရုတ်နိုင်ငံသည် ၁၉၈၀ ပြည့်နှစ်လွန်များက အမေရိကန်ထုတ် UH-60 Black Hawk ရဟတ်ယာဉ်များကို တရားဝင် ဝယ်ယူခဲ့ဖူးသည်။ တရုတ်အင်ဂျင်နီယာများသည် အမေရိကန်၏ လျှို့ဝှက်တီထွင်ခဲ့သောအစီအစဉ်မှ ကိုယ်ပျောက်ရဟတ်ယာဉ် သဘောတရားများကို လေ့လာခဲ့ကြောင်း သိရသည်။

Rupprecht နှင့် အခြားလေ့လာသုံးသပ်သူများက တရုတ်နိုင်ငံ၏ ရဟတ်ယာဉ်များအတွက် ရေဒါနှင့် အနီအောက်ရောင်ခြည်လျှော့ချသည့် နည်းပညာများအပေါ် ကျယ်ကျယ်ပြန့်ပြန့်စိတ်ဝင်စားခဲ့ကြသည်ကို အချိန်ကြာမြင့်စွာကတည်းက မှတ်ချက်ပြုခဲ့ကြသည်။ ယခင်က တိုက်ခိုက်ရေးနှင့် ကင်းထောက်ရဟတ်ယာဉ်များအတွက် ကိုယ်ပျောက်ဦးတည်သော အဆင့်မြှင့်တင်မှုများကို ညွှန်ပြခဲ့သော်လည်း ယခုအခါ Z-20 ဗားရှင်းကဲ့သို့သော ကိုယ်ပျောက်သယ်ယူပို့ဆောင်ရေးရဟတ်ယာဉ်ကို တီထွင်ထုတ်လုပ်နိုင်ဖွယ်ရှိနေခြင်းသည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(PLA)အတွက် ဦးတည်ချက်အသစ်တစ်ခုကို ကိုယ်စားပြုနေသည်။ တရုတ်နိုင်ငံအတွက် ထိုကဲ့သို့သော ပလက်ဖောင်းတစ်ခုသည် စစ်ဆင်ရေးဆိုင်ရာကွာဟချက်တစ်ခုကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

၎င်းသည် အငြင်းပွားဖွယ်လေပိုင်နက်များတွင် အထူးတပ်ဖွဲ့များစေလွှတ်ခြင်းနှင့် လျှို့ဝှက်မစ်ရှင်များကို လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ရေဒါနှင့် အသံလှိုင်းအချက်ပြမှုများ လျှော့ချထားခြင်းကြောင့် ယခင်က အမေရိကန်အထူးစစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်အတွက်သာ သီးသန့်ထားရှိခဲ့သော စစ်ဆင်ရေးမျိုးများကို လုပ်ဆောင်နိုင်စေပြီး တိကျသောစီးနင်းတိုက်ခိုက်မှုများ၊ တိတ်တဆိတ်ထိုးဖောက်ဝင်ရောက်မှုများနှင့် ထောက်လှမ်းရေးမစ်ရှင်များအတွက် စွမ်းရည်အသစ်များကို ပိုင်ဆိုင်ထားနိုင်စေမည်ဖြစ်သည်။

၎င်းတီထွင်မှုသည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၏ ခေတ်မီအဆင့်မြှင့်တင်ရေး လုပ်ဆောင်ချက်များနှင့်ကိုက်ညီနေပြီး ၎င်းသည် လေကြောင်းနှင့် ရေကြောင်းပိုင်ဆိုင်မှုများ၏ ရှင်သန်ရပ်တည်နိုင်စွမ်းနှင့် တစ်ဖက်ရန်သူမှ ထောက်လှမ်း၍မရသော ဝိသေသလက္ခဏာရပ်များကို ဦးစားပေးကြိုးပမ်းလာခြင်းဖြစ်သည်။

Z-20 ရဟတ်ယာဉ်သည် လွန်ခဲ့သောဆယ်စုနှစ်များက ဝယ်ယူခဲ့သော Black Hawk ပုံစံကူးယူ၍ reverse-engineering နည်းပညာမှပေါ်ပေါက်လာခြင်းဖြစ်သည်။ အကယ်၍ ယခုကိုယ်ပျောက်ဗားရှင်းသည် အမှန်တကယ်ထွက်ပေါ်လာခဲ့ပါက တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(PLA)သည် လက်ရှိဒီဇိုင်းများကို ကူးယူခြင်းထက်ကျော်လွန်၍ တရုတ်နိုင်ငံ၏ စစ်ဆင်ရေးသဘောတရားနှင့် ကိုက်ညီသော ကိုယ်ပျောက်စွမ်းရည်၊ အာရုံခံ-ပေါင်းစပ်မှုစွမ်းရည်များ ပေါင်းစည်းအသုံးပြုရန် ကြိုးပမ်းနေမှုကို ဖော်ညွှန်း ပြသနေခြင်းပင်ဖြစ်ကြောင်း သိရသည်။

**China reportedly testing stealth variant of Black Hawk clone ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၈၆၃၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ချောင်းဦး နိုဝင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၈၆၃၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ချောင်းဦးမြို့နယ်တွင် နှမ်း ဧက ၁၅၄၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၈၆၃၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ နှမ်းဧက ၁၅၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၈၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ကော ဆီထွက်သီးနှံအနေနဲ့သာ အောင်မြင်တဲ့အနေအထားမှာ ရှိပါတယ်"ဟု ချောင်းဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရန်၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည် ဖြစ်သောကြောင့် နှမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။

(၂၀၆)

# ဟသ်ာတမြို့နယ်တွင် ဒေသထွက်ခရမ်းသီးများ အရောင်းအဝယ်ကောင်းမွန်နေ



**ဟသ်ာတ နိုဝင်ဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်တွင် ဒေသထွက် ခရမ်းသီးများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဟသ်ာတမြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမြင့်က ပြောပြသည်။

ဟသ်ာတမြို့နယ်တွင် ဒေသထွက် ခရမ်းသီးများထွက်ရှိနေပြီး ယခုနှစ် အောက်တိုဘာလပထမပတ်မှစတင်၍ ယနေ့ထိ ခရမ်းသီးများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသမှထွက်ရှိသည့် ခရမ်းသီးများ တစ်ရက်လျှင် အလုံးရေ ၄၀၀၀၀ မှ ၅၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ဟသ်ာတမြို့နယ်ကနေ ထွက်ရှိတဲ့ခရမ်းသီးတွေ အဝယ်လိုက်နေပါတယ်။ အခြားဒေသ ကုန်စိမ်းဈေးကွက်က ဝယ်လက်တွေက အဝယ်များနေပါတယ်။ ဟသ်ာတမြို့နယ်ကနေ အခြားဒေသတွေကို ခရမ်းသီးအလုံးရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနေရပါတယ်။ ဒေသထွက် ခရမ်းသီးတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းမွန်တာ တွေ့ရပါတယ်။ ဒီနှစ်ခရမ်းသီးတွေက အရည်အသွေးကောင်းသလို အထွက်နှုန်းလဲ ကောင်းနေပါတယ်။ လက်ရှိ ခရမ်းအဝိုင်းသီးကော၊ အရှည်သီးကော နှစ်မျိုးစလုံးအရောင်းအဝယ်ကောင်းမွန်နေပါတယ်" ဟု ဟသ်ာတမြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းမြင့်က ပြောပြသည်။

ဟသ်ာတမြို့နယ်မှ စိုက်ပျိုးထွက်ရှိပြီး အရောင်းအဝယ်ကောင်းမွန်နေသည့် ခရမ်းသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၁၃၀၀၀ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဒေသထွက် ခရမ်းသီးများ အပါအဝင် အခြားကုန်စိမ်းများကို ဟသ်ာတဈေးကွက်အပြင် ပုသိမ်၊ ရေကြည်စသည့် ဒေသများသို့ တင်ပို့ရောင်းချနေကြောင်း၊ ဒေသထွက်ခရမ်းသီးများ အရောင်းအဝယ် ကောင်းမွန်နေသောကြောင့် စိုက်ပျိုးသူများ၊ ပွဲရုံပိုင်ရှင်များ၊ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်း ကောင်းနေကြောင်းဟသ်ာတမြို့နယ်ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းမြင့်ထံမှ သိရသည်။

**ကျော်ကျော်လင်း**

# သာစည်မြို့နယ် ကန်ရိုးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် နိုဝင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြင်းကွက်ကျေးရွာအုပ်စု ကန်ရိုးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကိုနိုဝင်ဘာ ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကန်ရိုးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ရန်ပုံငွေကျပ် ၂၅ ဒသမ ၉ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိကြည့်ရှုစစ်ဆေးပြီး သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကန်ရိုးကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦးကို ငွေကျပ် ၁၁ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦးကို ငွေကျပ် ၉ ဒသမ ၈ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၆ ဦးကို ငွေကျပ် ၄ ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၆ ဦးကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ရန်ပုံငွေကျပ် ၂၅ ဒသမ ၉ သန်း ထုတ်ချေးပေးထားကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းထံမှ သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**




# မိုင်းလားမြို့နယ် ဝမ်ရှဲန်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး



**မိုင်းလား နိုဝင်ဘာ ၅**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းလားခရိုင် မိုင်းလားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိစေရန် ရည်ရွယ်၍ ဝမ်ရှဲန်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို နိုဝင်ဘာ ၄ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးကျော်သန့်ဇင်၊ မိုင်းလားခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဒေါ်အေးဆုမွန်၊ မြို့နယ်ဦးစီးမှူး ဦးသက်ညီညီနှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများက ဝမ်ရှဲန်ကျေးရွာ၌ ကျေးလက် ရေရရှိရေးအတွက် အရှည် နှစ်မိုင်လေးဖာလုံ စိမ့်စမ်းရေသွယ်တန်းခြင်း လုပ်ငန်းနှင့် အလျား ၁၅ပေ၊ အနံ ၁၀ပေ၊ အမြင့် ခြောက်ပေရှိ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန် တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာရေပေးရေး ကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဝမ်ရှဲန်ကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၈၄ ဒသမ ၀၇၉ သန်းအသုံးပြု၍ ဦးစီးဌာန အင်ဂျင်နီယာဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် သြဂုတ်လ ဒုတိယပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ၆၅ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ဝမ်ရှဲန်ကျေးရွာရှိ ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိတော့မည် ဖြစ်ကြောင်း မိုင်းလားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်ညီညီထံမှ သိရသည်။

**ပိုးသခင်**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# မဲခေါင်-လန်ချန်းစီမံကိန်း၏ အထောက်အပံ့ဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ခွာနာလျှာနာရောဂါထိန်းချုပ်ဇုန် ကာကွယ်ဆေးထိုးနှံခြင်းနှင့် သုံးသပ်ဆွေးနွေးပွဲကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၅**

မဲခေါင်-လန်ချန်းစီမံကိန်း၏ အထောက်အပံ့ဖြင့် ဆောင်ရွက်သည့် နေပြည်တော် ခွာနာလျှာနာရောဂါထိန်းချုပ်ဇုန် ကာကွယ်ဆေးထိုးနှံခြင်းနှင့် သုံးသပ်ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ရုံးအမှတ်(၃၆) စုဝေးဆောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ ၊ မြန်မာနိုင်ငံတိရစ္ဆာန်ဆေးပညာကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တာဝန်ရှိသူများနှင့် စီမံကိန်းဒေသမှ တိရစ္ဆာန်ကျန်းမာရေး လုပ်သားများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြည်ပသို့ တရားဝင် ကျွဲနွားတင်ပို့နိုင်ရန်အတွက် တိရစ္ဆာန် ထိန်းသိမ်းစောင့်ကြည့်ရေးစခန်း (AQS)၊ ခွာနာလျှာနာရောဂါကင်းရှင်းဇုန် (Disease Free Zone)၊ ခွာနာလျှာနာရောဂါ ကာကွယ်ဇုန်(Disease Protection Zone)၊ ခွာနာလျှာနာရောဂါ ထိန်းချုပ်ဇုန်(Disease Control Zone)များကို သတ်မှတ်ချက်အတိုင်းတည်ထောင်နိုင်ရေးအတွက် ဝန်ကြီးဌာနက မူဝါဒချမှတ်ပြီး အဆင့်ဆင့်ဆောင်ရွက်လျက်ရှိကြောင်း။

နေပြည်တော် ရှစ်မြို့နယ်၌ ခွာနာလျှာနာရောဂါထိန်းချုပ်ဇုန်အဖြစ် ၂၀၂၁ ခုနှစ် ဇွန် ၁၁ ရက်မှစ၍ ဌာနဘဏ္ဍာရန်ပုံငွေဖြင့် အခမဲ့ ခွာနာလျှာနာရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းကိုစတင်ဆောင်ရွက်ခဲ့ပြီး ခွာနာလျှာနာရောဂါထိန်းချုပ်ဇုန်အဖြစ် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ၁၃ရက်တွင်ကြေညာနိုင်ခဲ့ကြောင်း၊ ခွာနာလျှာနာရောဂါကင်းရှင်းဇုန် ကြေညာနိုင်ပါက နေပြည်တော်ကောင်စီနယ်မြေမှ ထွက်ရှိသည့်မွေးမြူရေးထွက်ကုန် အရေခွံသားများကို ပြည်ပသို့ တိုက်ရိုက်တင်ပို့ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ တင်ပို့ခြင်း လုပ်ငန်းအတွက် သက်ဆိုင်ရာနိုင်ငံအစိုးရ ဝန်ကြီးဌာနများနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း၊ မကြာမီ အသေးစိတ်ဆွေးနွေးမှုဆောင်ရွက်ပြီး တစ်ဖက်တွင်လည်း ရောဂါကင်းရှင်းကြောင်းအတည်ပြုချက်များရရှိပြီးပါက ကုန်သွယ်ဖက်နိုင်ငံများသို့ တိုက်ရိုက်တင်ပို့ရောင်းချနိုင်ရန် စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း။

မွေးမြူရေးလုပ်ငန်းကို စိတ်ဝင်စားပြီး အရေခွံသားများထုတ်လုပ်ရန် ဆန္ဒရှိသူများ အနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်နိုင်ကြပါကြောင်း၊ လုပ်ငန်းလုပ်ကိုင်ခွင့်များရရှိပြီး ဆောလျင်စွာ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါက ပြည်ပတင်ပို့ခွင့်ရသည်နှင့်တစ်ပြိုင်တည်း အရေခွံအသားများတင်ပို့နိုင်ကြမည်ဖြစ်၍ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တာဝန်ရှိသူများအနေဖြင့် လုပ်ငန်းရှင်များကို ရှင်းလင်းဆွေးနွေးပြီး လိုအပ်ချက်များကူညီဆောင်ရွက်ပေးကြစေလိုကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံ့စီးပွားကိုတစ်ဖက်တစ်လမ်းက ပံ့ပိုးပေးနိုင်မည်ဖြစ်ပြီး နိုင်ငံတော်၏ အသားတင်ထုတ်လုပ်မှု တိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်၍ အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဆွေးနွေးပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တာဝန်ရှိသူများက ခွာနာလျှာနာရောဂါ ကာကွယ်ဆေးထိုးနှံခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများနှင့် ကုန်သွယ်မှုလုပ်ငန်းများ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ဆောင်ရွက်လျက်ရှိသည့် ခွာနာလျှာနာရောဂါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်း အခမဲ့ဆောင်ရွက်ထားရှိမှုတို့ကို တင်ပြကြသည်။

တင်ပြချက်များအပေါ် ဆွေးနွေးပွဲတက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးကြပြီး ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက မဲခေါင်-လန်ချန်းစီမံကိန်း၏ အထောက်အပံ့ဖြင့်ဆောင်ရွက်သည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဆောင်ရွက်သည့် ခွာနာလျှာနာရောဂါ ထိန်းချုပ်ဇုန်ကာကွယ်ဆေးထိုးနှံခြင်းဆိုင်ရာ တင်ပြချက်များနှင့် ဆွေးနွေးချက်များအပေါ် သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မန္တလေးမြို့နှင့် ကျောက်ဆည်မြို့တို့ရှိ တက္ကသိုလ်များ၊ ပညာရေးဒီဂရီကောလိပ်နှင့် အခြေခံပညာကျောင်းများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၅**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကျောက်ဆည်မြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတို့သို့ ရောက်ရှိပြီး Grade-12 သင် ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများနှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍကို အလေးထားအားပေးဆောင်ရွက်ပေးလျက်ရှိပြီး သင်ကြားရေးနှင့်သင်ထောက်ကူပစ္စည်းများကိုလည်း ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် မူဝါဒများချမှတ်ပေးလျက်ရှိပြီး မူဝါဒများ ပေါက်မြောက်အောင်မြင်စေရန် ဆရာ၊ ဆရာမများက ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ မိဘများအနေဖြင့် မိမိတို့၏သားသမီးများ စာကြိုးစားကြရန် ဂရုစိုက်ကြပ်မတ်ပေးကြစေလိုပါကြောင်း၊ Grade -9 အောင်မြင်ပြီးသည့်အခါတွင် Grade-12 သို့ ဆက်လက်မတက်ရောက်လိုပါက စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများသို့ ရွေးချယ်တက်ရောက်နိုင်မည်ဖြစ်ပါကြောင်း၊ စက်မှု၊ စိုက်ပျိုး၊မွေးမြူရေးအထက်တန်းကျောင်း ၈၉ ကျောင်း ဖွင့်လှစ်ထားရှိပြီး စိုက်ပျိုးရေး၊မွေးမြူရေးနှင့်စက်မှုအင်ဂျင်နီယာပညာရပ်များသင်ကြားပေးလျက်ရှိပါကြောင်း၊ ယင်းကျောင်းများမှ အောင်မြင်ပြီးပါက အဆင့်မြင့်ဘာသာရပ်များ ဆက်လက်ဆည်းပူးသင်ကြားနိုင်မည်ဖြစ်ပါကြောင်း။

Grade -12 အောင်ချက်ရာခိုင်နှုန်း မြင့်မားရေးအတွက် သင်ကြားရေးပိုင်းနှင့်ပတ်သက်၍ ဆရာ၊ဆရာမများတွင် တာဝန်ရှိသကဲ့သို့ ကျောင်းပြင်ပသို့ရောက်ရှိချိန်တွင် မိဘများက ထိန်းကျောင်းပေးရမည်ဖြစ်ကြောင်း၊ ဆရာ၊ဆရာမများ၏သင်ကြားရေးအရည်အသွေးကောင်းမွန်စေရန် ပညာရေးဝန်ကြီးဌာနက သုတေသနလုပ်ငန်းများ ဆောင်ရွက်ထားရှိပြီး သုတေသနလေ့လာတွေ့ရှိချက်များပေါ်တွင်အခြေခံ၍ သင်ကြားရေးစွမ်းရည်များမြှင့်တင်နိုင်ရန် ထိရောက်သည့် သင်တန်းများဖွင့်လှစ်ပို့ချနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ စာကြည့်တိုက်အခြေပြုသင်ကြားရေးစနစ်ကို အားပေးလျက်ရှိရာတွင် ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများအနေဖြင့် စာကြည့်တိုက်သို့ ကိုယ်တိုင်သွားရောက်၍ အသုံးပြုလေ့လာကြပြီး ကျောင်းသား၊ကျောင်းသူများ လေ့လာသင်ယူနိုင်မည့်စာအုပ်များကို ဖြည့်ဆည်းထားရှိပေးကြစေလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက Grade-12 အောင်ချက်ရာခိုင်နှုန်း မြင့်မားရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ဆွေးနွေးပြောကြားသည်။

ယင်းနောက် ဆရာ၊ ဆရာမများ၊ မိဘများက သိရှိလိုသည်များနှင့်စပ်လျဉ်း၍ မေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးသည် ကျောက်ဆည်တက္ကသိုလ်သို့ ရောက်ရှိပြီး ပါမောက္ခချုပ်၊ဒုတိယပါမောက္ခချုပ်၊ပါမောက္ခဌာနမှူးများနှင့်တွေ့ဆုံ၍ တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အပန်းဖြေရိပ်သာ(Recreation Center) တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေသည့် တာဝန်ရှိသူများနှင့်တွေ့ဆုံကာ သတ်မှတ်ထားသည့်ကာလအတွင်း အချိန်မီတည်ဆောက်ပြီးစီးရေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးမြို့ မန္တလာတက္ကသိုလ်သို့ရောက်ရှိပြီး မန္တလာတက္ကသိုလ်အစည်းအဝေးခန်းမတွင် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများ၊ဆရာ၊ဆရာမများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး မန္တလေး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ဘွဲ့နှင်းသဘင်ခန်းမကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးပညာရေးဒီဂရီကောလိပ်သို့ ရောက်ရှိပြီး ကျောင်းအုပ်ကြီး၊ ဆရာ၊ဆရာမများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံအမှာစကားပြောကြား၍ သင်တန်းသား၊ သင်တန်းသူ ဆရာ၊ဆရာမများသင်ယူနေမှုများကိုကြည့်ရှုပြီး အားပေးစကားပြောကြားကာ ဘောလုံးအားကစားကွင်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**








တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ကို ဒေသခံပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ မိဘပြည်သူများ အေးချမ်းပျော်ရွှင်စွာပါဝင်ဆင်နွှဲနေမှုကို တွေ့ရစဉ်။

ရှေ့ဖုံးမှအဆက်

စာလုံးများကို ပုံဖော်ကာလွှတ်တင်ကြသည့် မီးပုံးပျံအမျိုးအစားဖြစ်ကြောင်း သိရှိရပြီး အဆိုပါပွဲတော်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ မိဘပြည်သူများက အေးချမ်းပျော်ရွှင်စွာဖြင့် ပါဝင်ဆင်နွှဲလျက်ရှိသည်။

ယခုနှစ်တွင် တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော်ကို အောက်တိုဘာ ၂၉ ရက်မှစတင်၍ တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်းတွင် စည်ကားသိုက်မြိုက်စွာဆက်လက်ကျင်းပလျက်ရှိရာ တောင်ကြီးမြို့ပေါ် ရပ်ကွက်များမှ ပြိုင်ပွဲဝင်အသင်းများ၊ ကုမ္ပဏီအသင်းအဖွဲ့များမှ ပြိုင်ပွဲဝင်အသင်းများနှင့် တောင်ကြီးမြို့အနီးဝန်းကျင် မြို့ရွာများမှ ပြိုင်ပွဲဝင်အသင်းများက အတီးအမှုတ်၊ အကအခုန်များနှင့် ပျော်ရွှင်စွာပါဝင်ယှဉ်ပြိုင်လွှတ်တင်လျက်ရှိကြရာ အနယ်နယ်အရပ်ရပ်မှ မိဘပြည်သူများက အေးချမ်းပျော်ရွှင်စွာဖြင့် ပါဝင်ဆင်နွှဲလျက်ရှိပြီး နေ့စဉ်ဦးရေ ၂၅၀၀၀၀ ခန့် လာရောက်ကြည့်ရှုခဲ့ကြကြောင်း သိရှိရသည်။

အဆိုပါ တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော်ကြီးတွင် ညမီးကြီး ၂၂ ပေ ၂၅ လုံး၊ ၂၅ ပေ ၁၈ လုံး၊ စိန်နားပန် ၁၈ ပေ ၃၇ လုံး စုစုပေါင်း အလုံး ၈၀၊ နေ့လွှတ်အရုပ် မီးပုံးပျံအရုပ်ခြေနှစ်ချောင်း ၁၉၃ လုံး၊ အရုပ်ခြေလေးချောင်း ၉၃ လုံး၊အရုပ်အုပ်စု ၇၅ လုံး၊ စုစုပေါင်း ၃၆၁ လုံး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ညလွှတ်မီးပုံးပျံကို ည ၆ နာရီခွဲမှပွဲစဉ်ပြီးဆုံးသည်ထိ လွှတ်တင်သွားမည်ဖြစ်ကာ နေ့လွှတ်အရုပ်ပြိုင်ပွဲကို မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီထိ နေ့ရက်အလိုက် လွှတ်တင်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် ခေတ်ပေါ်တေးဂီတတီးဝိုင်းများ၊ တိုင်းရင်းသား ရိုးရာအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ မြို့လုံးကျွတ်မဟာဘုံကထိန်ပဒေသာပင်လှည့်လည်ခြင်း၊ မသိုးသင်္ကန်းရက်လုပ်ပူဇော်ခြင်း၊ မီးပဒေသာလှည့်လည်ပူဇော်ခြင်းများ ဆောင်ရွက်ကြသည်။

ရှမ်းပြည်နယ်၏ အထင်ကရပွဲတော်တစ်ခုဖြစ်သည့် တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော်ကို အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၅ ရက်ထိ ကျင်းပပြုလုပ်သွားမည်ဖြစ်သော်လည်း လက်ရှိမိုးလေဝသရာသီဥတုအခြေအနေများကြောင့် ပွဲတော်ရက်ကို သုံးရက်တိုးကာ နိုဝင်ဘာ ၈ ရက်ထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)



# ၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပပြုလုပ်

နေပြည်တော် နိုဝင်ဘာ ၅

၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိ တပ်မတော်အားကစားရုံ (A) ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုယ်စား တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် တက်ရောက်သည်။

အဆိုပါဖူဆယ်ပြိုင်ပွဲသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) ရုံး၊ ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။



၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဖူဆယ်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုယ်စား တပ်မတော်အားကစားနှင့်ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် အဖွင့်အမှာစကားပြောကြားစဉ်။

ဦးစွာ နိုင်ငံတော်စစ်တီးဝိုင်းအဖွဲ့က ကွင်းအတွင်း ဝင်ရောက်နေရာယူပြီး စစ်ရေးပြမှူးကြီး ဦးဆောင်သော အားကစားအသင်း ၁၄ သင်းမှ အားကစားသမားများ နေရာယူကြသည်။ ထို့နောက် စစ်ရေးပြမှူးကြီးဦးဆောင်၍ အားကစားအသင်း ၁၄ သင်းမှ အားကစားသမားများက တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ်အား အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုယ်စား တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် စစ်ရေးပြမှူးကြီး ဦးဆောင်၍ ပြိုင်ပွဲဝင်အသင်းများက ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကြသည်။

ထို့နောက် တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ စစ်ရေးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား ဖူဆယ်ပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲအဖြစ် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို ၁၀ ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါ ၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဖူဆယ်ပြိုင်ပွဲများကို နိုဝင်ဘာ ၁၇ ရက်ထိ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)





တပ်မတော်အားကစားနှင့်ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်နှင့် အခမ်းအနားတက်ရောက်လာကြသူများက ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။


### ❖ နေရာကွက်၍မိုးကြီးနိုင်မှ

အဆိုပါ တိုင်ဖွန်းမုန်တိုင်း "ခန့်မေဂီ" မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့် နိုဝင်ဘာ ၈ ရက်မှ ၁၀ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများဖြစ်ပေါ်နိုင်သည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။

မိုးသက်လေပြင်းကျစဉ် ရေပြင်၊မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် သတိပေးနှိုးဆော်ထားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။

**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်လ်၏ ၅-၁၁-၂၀၂၅ ရက် မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၈-၁၁-၂၀၂၅ ရက်မှ ၁၀-၁၁-၂၀၂၅ ရက်ထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ**



☆ ကျောဖုံးမှအဆက်

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ရင်းနှီးမြှုပ်နှံရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကာ အမှတ်တရလက်ဆောင် ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံး မင်္ဂလာခန်းမ၌ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်း၊ အထွေထွေ အတွင်းရေးမှူးနှင့် အမှုဆောင်အဖွဲ့ဝင်များ နှင့်တွေ့ဆုံပြီး စီးပွားရေးဆိုင်ရာများနှင့် အဖွဲ့သည် ရွှေတိဂုံစေတီတော်မြတ်ကြီး အား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ရွှေတိဂုံစေတီတော်မြတ်ကြီးရှိ သာသနိက အဆောက်အအုံများကို ကြည့်ရှုလေ့လာ ကြသည်။

မွန်းလွဲပိုင်းတွင် ဧည့်သည်တော် နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့သည် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ ရန်ကုန်တိုင်းဒေသ ကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီး များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေး ရှင်းနိုင်ငံ သံအမတ်ကြီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက် ဦးစီး ဌာနမှ တာဝန်ရှိသူများ၊ တိုင်းရင်းသား၊







ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ယင်းနောက် အဆိုပါကိုယ်စားလှယ် တိုင်းရင်းသူများက မြန်မာ-ရုရှား နှစ်နိုင်ငံ အလံငယ်များကို ဝှေ့ယမ်း၍ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင် နှုတ်ဆက်ကြသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ မထွက်ခွာမီ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေး မှူးအား မြန်မာနိုင်ငံ ခရီးစဉ်မှတ်တမ်း ဓာတ်ပုံအယ်လ်ဘမ်ကို အမှတ်တရ လက်ဆောင်ပေးအပ်ခဲ့ကြောင်း သတင်း ရရှိသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့ အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

**( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

**( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

**(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

**( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
(၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

**( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

**(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

**( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

**( ဈ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

**(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသ ကြီး)**
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

**( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

**( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

**( ဍ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

**( ဎ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

**(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

**(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့် အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ကရင်ပြည်သူ့ပါတီ (KPP)က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၅

**ကရင်ပြည်သူ့ပါတီ(KPP)ဥက္ကဋ္ဌ နန့်ခင်အေးဦးက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာလ ၅ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



နန့်ခင်အေးဦး (ဥက္ကဋ္ဌ၊ ကရင်ပြည်သူ့ပါတီ(KPP))

"အားလုံးပဲမင်္ဂလာရှိသောနေ့ဖြစ်ပါစေရှင်"

ကျွန်မကတော့ ကရင်ပြည်သူ့ပါတီ (KPP)ရဲ့ဥက္ကဋ္ဌ နန့်ခင်အေးဦး ဖြစ်ပါတယ်။ ယခုလို ရုပ်မြင်သံကြားအစီအစဉ်မှာ ပြည်သူလူထု အများ ရှေ့မှောက်စကားပြောခွင့်ရရှိတဲ့အတွက် စီစဉ်ပေးတဲ့ တာဝန်ရှိသူများ အားလုံးကို အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

ပထမဦးစွာ ရှေးနှစ်များကလိုပဲ ကျွန်မတို့ပါတီအမည်ဖြစ်တဲ့ ကရင်ပြည်သူ့ပါတီ(KPP)ရဲ့အဓိပ္ပာယ်ကို ဖွင့်ဆိုရှင်းပြပေးလိုပါတယ်။ ကျွန်မတို့ရဲ့ပါတီကို စတင်ထူထောင်ခြင်းရဲ့ရည်ရွယ်ချက်ကတော့ ကျွန်မတို့ရဲ့ သွေးချင်းကရင်လူမျိုးများနှင့် ပြည်သူများအနေဖြင့် တရားဝင်နိုင်ငံရေး လမ်းကြောင်းပေါ်ရောက်ရှိနိုင်ရေးအတွက် အခင်းအကျင်းတစ်ရပ် တည်ဆောက်ဖို့ပဲဖြစ်ပါတယ်။

ကရင်အမျိုးသားများက ဦးဆောင်ဖွဲ့စည်းခဲ့လို့ အမည်ကို ကရင်နှင့် အစပြုထားသော်လည်း တစ်ရွာတည်းနေ တစ်ရေတည်းသောက် အစဉ်အဆက် အတူတကွအေးအတူပူအမျှ နေထိုင်လာခဲ့ကြသော အခြားတိုင်းရင်းသားပြည်သူအားလုံးကိုလည်း ပါဝင်စေလိုသောဆန္ဒဖြင့် ပြည်သူဟူသောအမည်ထည့်သွင်းလျက် တိုင်းရင်းသားပြည်သူများ၏ ပါတီတစ်ရပ်အဖြစ် ရပ်တည်ဆောင်ရွက်လျက်ရှိပါတယ်။ ကျဉ်းမြောင်းသော လူမျိုးရေးအမြင်ကို အခြေခံခြင်းမဟုတ်ကြောင်း ပြောကြားလိုပါတယ်။

ကရင်ပြည်သူ့ပါတီ၏မူဝါဒကို တင်ပြလိုပါတယ်။

ကရင်ပြည်သူ့ပါတီသည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်မြန်မာနိုင်ငံနှင့်ကိုက်ညီသော ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်သို့ ကူးပြောင်းရာတွင် ပါဝင်ဆောင်ရွက်သွားနိုင်ရေးကို ပါတီ၏နိုင်ငံရေးမူဝါဒအဖြစ် ချမှတ်ထားပါတယ်။

ကရင်ပြည်သူ့ပါတီ၏ ယုံကြည်ချက်နှင့် သဘောထားများ-

- မြန်မာနိုင်ငံသည် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်ကို တည်ဆောက်ကျင့်သုံးနိုင်မှသာလျှင် မတူကွဲပြားနေသော တိုင်းရင်းသားလူမျိုးများအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ ယုံကြည်မှုများရရှိလာပြီး တိုင်းပြည်အေးချမ်းသာယာမှုကို ရေးရှုနိုင်မယ်လို့ယုံကြည်ပါတယ်။
- ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရာတွင် မိသားတစ်စု၊ လူမျိုးတစ်မျိုး၊ တိုင်းပြည်တစ်ပြည်တိုးတက်ရန်အတွက် ပညာရေးသည် အကောင်းဆုံးသော ရင်းနှီးမြှုပ်နှံမှုဖြစ်တယ်လို့ ယုံကြည်ပါတယ်။ ဒ့ါကြောင့် လူတစ်ဦးချင်းစီ၏ အရည်အသွေးတိုးမြင့်လာရေး အတွက် အခြေခံကျသောပညာရေးဖွံ့ဖြိုးမှုကို အားသွန်ခွန်စိုက် လုပ်ဆောင်ရန် လိုအပ်သည်လို့ ယုံကြည်ပါတယ်။
- ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားအားလုံးနှင့် လူနည်းစုများ၏အခွင့်အရေးများကို ကာကွယ်ပေးနိုင်သောစနစ်ကို ချမှတ်အကောင်အထည်ဖော်နိုင်မှသာလျှင် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးကိုရရှိနိုင်မယ်လို့ ယုံကြည်ပါတယ်။
- ကရင်ပြည်သူ့ပါတီသည် ကရင်လူမျိုးများ၏မျိုးနွယ်စုအစွဲ၊ ဘာသာရေးယုံကြည်ကိုးကွယ်မှုအစွဲ၊ ဒေသအစွဲ စသောမတူကွဲပြားမှုများ အပေါ်အစွဲအလမ်းမရှိဘဲ ကရင်တိုင်းရင်းသားအားလုံးကို ကရင် လူမျိုးဟူ၍သာ ချစ်ခင်စွာရှုမြင်သဘောထားပါတယ်။
- ဤကမ္ဘာမြေပေါ်တွင် ကရင်မျိုးနွယ်များသည် လူမျိုးတစ်မျိုး အနေဖြင့် ရေရှည်ရပ်တည်နိုင်ရေးအတွက် ကရင်လူမျိုး၏ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများ ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ခြင်းကို လူမျိုးရေးတာဝန်တစ်ရပ်အဖြစ် သဘောထားခံယူပြီး တစိုက်မတ်မတ် လုပ်ဆောင်သွားမှာဖြစ်ပါတယ်။
- ကရင်လူမျိုးတို့၏အမှန်တရားကို မြတ်နိုးကျင့်သုံးခြင်း၊ သစ္စာရှိခြင်း စသည့်တန်ဖိုးများကိုအခြေခံပြီး နိုင်ငံသားတိုင်း၏ အနာဂတ် အေးချမ်းသာယာလှပရေးကို စိတ်ကောင်းစေတနာမှန်ဖြင့် အစဉ် ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။
- မြန်မာနိုင်ငံရှိတိုင်းရင်းသားအားလုံးသည် မိမိတို့၏စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို တန်ဖိုးထားထိန်းသိမ်းမြှင့်တင်ခြင်းအားဖြင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်လာပြီး တိုင်းရင်းသားအချင်းချင်း အပြန်အလှန်လေးစားတန်ဖိုးထားမှသာ စည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်မယ်လို့ ယုံကြည်ပါတယ်ရှင်။

ကရင်ပြည်သူ့ပါတီ၏ရည်ရွယ်ချက်-

၁။ မြန်မာနိုင်ငံအတွက် ငြိမ်းချမ်းရေးနှင့်ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ထောင်နိုင်ရန်၊

၂။ ပြည်သူများ၏လူနေမှုဘဝနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်လာရန်၊

၃။ ကရင်မျိုးနွယ်စုများနှင့် အတူယှဉ်တွဲနေထိုင်လျက်ရှိသော အခြားတိုင်းရင်းသားလူမျိုးများအားလုံး တရားမျှတသောအခွင့်အရေးများရရှိနိုင်ရန်၊

၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရန် တိုင်းရင်းသားမျိုးနွယ်စုအလိုက် ရိုးရာယဉ်ကျေးမှု၊ စာပေ၊ အနုပညာ၊ ယုံကြည်ကိုးကွယ်မှု၊ ဓလေ့ထုံးတမ်းများကို တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်ရန်၊

ကရင်ပြည်သူ့ပါတီ၏လုပ်ငန်းစဉ်-

၁။ ကရင်ပြည်သူ့ပါတီသည် နိုင်ငံတော်က ဖော်ဆောင်လျက်ရှိသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အစဉ်တစိုက် ပါဝင်ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ပါတယ်။

၂။ ကရင်ပြည်သူ့ပါတီသည် နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေတဲ့ အဂတိလိုက်စားမှုကိစ္စရပ်များအား တိုက်ဖျက်တဲ့အခါ ဥပဒေနှင့်အညီ ပူးပေါင်းဆောင်ရွက်မှာဖြစ်ပါတယ်။


၃။ ကရင်ပြည်သူ့ပါတီသည် ပြည်သူလူထု၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့်မြေယာကိစ္စရပ်များတွင် တရားမျှတမှုရှိစေရန် ဥပဒေနှင့်အညီ ပူးပေါင်းကူညီဆောင်ရွက်မည်ဖြစ်ပါတယ်။

၄။ ကရင်ပြည်သူ့ပါတီသည် နိုင်ငံတော်၏ပညာရေးကဏ္ဍတွင် လူငယ်များ၏ဘဝလုံခြုံမှုကို အာမခံချက်ပေးနိုင်သော ပညာရေးစနစ်ပေါ်ထွန်းရေးကို လွှတ်တော်တွင် တင်ပြဆောင်ရွက်မည်ဖြစ်ပါတယ်။

၅။ ကရင်ပြည်သူ့ပါတီသည် တိုင်းရင်းသားမျိုးနွယ်စုများ၏ မိခင်ဘာသာစကား၊ စာပေများကိုမပျောက်ပျက်စေရန် နိုင်ငံတော်၏ အမျိုးသားပညာရေးဥပဒေ(ပုဒ်မ ၄၂၊ ပုဒ်မခွဲ ခ)တွင်ပါရှိသည့် အတိုင်း လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းမည်ဖြစ်ပါတယ်။

၆။ ကရင်ပြည်သူ့ပါတီသည် တိုင်းရင်းသားမျိုးနွယ်စုများ၏ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်း၊ အနုသုခုမပညာရပ်များကို အကောင်အထည်ဖော်ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ပါတယ်။

၇။ ကရင်ပြည်သူ့ပါတီသည် ပြည်သူလူထု၏ကျန်းမာရေးကို အထောက်အကူပြုစေရန်အတွက် ကုသရေးထက် ကြိုတင်ကာကွယ်သည့်စနစ်ကိုအားကောင်းစေရန် ဆောင်ရွက်သွားမည် ဖြစ်ပါတယ်။



၈။ ကရင်ပြည်သူ့ပါတီသည် တိုင်းပြည်၏ အဓိက စီးပွားရေးကဏ္ဍဖြစ်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးတိုးတက်စေရန် အတွက် ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

၉။ ကရင်ပြည်သူ့ပါတီသည် လူငယ်နှင့်အမျိုးသမီးများ၏လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် တိုးတက်ပြောင်းလဲလာသော နည်းပညာများအား လက်လှမ်းမီအသုံးချနိုင်ရေး အသိပညာပေးဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

၁၀။ စာရင်းအင်းအချက်အလက်များမှန်ကန်ရေးနှင့် သုတေသန လုပ်ငန်းများဆောင်ရွက်နိုင်ရေးတို့ကို လွှတ်တော်တွင် တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

၁၁။ ကရင်ပြည်နယ်ပြင်ပရှိ ကရင်လူမျိုးများအတွက် လူနည်းစုတိုင်းရင်းသားများရရှိမည့်အခွင့်အရေးကို အပြည့်အဝရရှိနိုင်ရန်နှင့် သမိုင်းတွင်ရှိသော လေးစားတန်ဖိုးထားအပ်သည့် နေ့ထူးနေ့မြတ်များ၊ ဝိသေသလက္ခဏာများကို မှတ်တမ်းပြုစုပြီး အခမ်းအနားများကိုကျင်းပနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

၁၂။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးကို နီးနွယ်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၌ ကရင်ပြည်သူ့ပါတီ(KPP)က ကိုယ်စားလှယ်လောင်းများ ဝင်ရောက်အရွေးချယ်ခံမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ခုနစ်ဦး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်လောင်း၁၂ ဦးနှင့် ကရင်တိုင်းရင်းသားရေးရာကိုယ်စားလှယ်လောင်း တစ်ဦးတို့ဖြစ်ကြပါတယ်။

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် ကျွန်မတို့ ကရင်ပြည်သူ့ပါတီ(KPP)အနေနှင့် ပြည်သူများထံသို့ ပန်ကြားအသိပေးချက်များကို တင်ပြလိုပါတယ်။

၁။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ကရင်လူမျိုးနှင့် ပြည်သူများအားလုံး မိမိ၏အမည်သည် သက်ဆိုင်ရာကျေးရွာရပ်ကွက်ရွေးကောက်ပွဲကော်မရှင်ရုံးတွင် ထုတ်ပြန်သည့် ဆန္ဒမဲပေးခွင့်ရှိသူများစာရင်းတွင် ပါဝင်ခြင်း ရှိ၊မရှိ သွားရောက်ကြည့်ရှုအတည်ပြုပါ။

၂။ ဆန္ဒမဲပေးခွင့်ရှိသူများ အမည်စာရင်းတွင် မိမိ၏အမည်မပါရှိပါက သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်ရုံး တာဝန်ရှိသူများထံ တင်ပြပြီး မဲပေးခွင့်ရရှိသူများစာရင်းတွင် မိမိအမည်ပါဝင်ရန် လိုက်နာဆောင်ရွက်ပါ။ အခက်အခဲရှိပါက မိမိတို့ဒေသတွင် ရှိသော ကရင်လူမျိုးအခြေပြုပါတီတာဝန်ရှိသူများကို တင်ပြ အကူအညီတောင်းပါ။

၃။ မဲပေးရန် အစစအရာရာအဆင်သင့်ဖြစ်ပြီးပါက ဆန္ဒမဲပေးရမည့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့မှစ၍ ရွေးကောက်ပွဲ အပိုင်းလိုက်ကျင်းပမှု ပြီးဆုံးသည်ထိ မဲပေးနိုင်ရန် ပြင်ဆင်ထားပါ။

နောက်ဆုံးအနေနဲ့ လာမယ့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ကရင်လူမျိုးများနှင့် တိုင်းရင်းသားပြည်သူများ စည်းလုံးညီညွတ်စွာ ကရင်ပြည်သူ့ပါတီ (KPP) ကိုယ်စားလှယ်များကို ဆန္ဒမဲပေးခြင်းဖြင့် နိုင်ငံတော်အတွက် အကောင်းဆုံးဖြစ်စေလိုသော စိတ်စေတနာအရင်းခံ၍ တာဝန်ကျေပွန်စွာပါဝင်ကြဖို့ တိုက်တွန်းနှိုးဆော်အပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

# ရှေ့တန်းစစ်မျက်နှာများတွင် ရှပ်ရှပ်ချွံချွံတိုက်ပွဲဝင်ပြီး အောင်ပွဲအလီလီရယူနိုင်ခဲ့သော အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများကို ဂုဏ်ပြုကြိုဆို



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးမြတ်ထွန်း အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများကို ပန်းကုံးစွပ် ဂုဏ်ပြုကြိုဆိုစဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးမြတ်ထွန်း အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများကို ပန်းကုံးစွပ် ဂုဏ်ပြုကြိုဆိုစဉ်။

**နေပြည်တော် နိုဝင်ဘာ ၅**

ရှေ့တန်းစစ်မျက်နှာများတွင် ရှပ်ရှပ်ချွံချွံတိုက်ပွဲဝင်ပြီး အောင်ပွဲအလီလီရယူနိုင်ခဲ့သော အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယမန်နေ့ ညနေပိုင်းတွင် မိုင်းပွန်မြို့ရှိ နယ်မြေခံတပ်ဦပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွန်းနှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

ထိုသို့ အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုရာတွင် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများအား အောင်သပြေခက်ကမ်း၍ ဂုဏ်ပြုပန်းကုံးများစွပ်ပြီး အိုးစည် ဒိုးပတ်၊ အတီးအမှုတ် အကအခုန်များဖြင့် သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# အနောက်မြောက်တိုင်းစစ်ဌာနချုပ်၏ တန်ဆောင်တိုင်ပွဲတော်ကျင်းပ



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေး မီးပုံးပျံလွှတ်တင်ခြင်းနှင့် မီးရှူးမီးပန်းများ ပစ်လွှတ်ခြင်းကို အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့်အတူ ပါဝင်ဆင်နွှဲစဉ်။

**နေပြည်တော် နိုဝင်ဘာ ၅**

အနောက်မြောက်တိုင်းစစ်ဌာနချုပ်၏ တန်ဆောင်တိုင်ပွဲတော်ကို ယမန်နေ့ ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ ဇေယျာသီရိခန်းမ၌ ကျင်းပပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေးနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မီးပုံးပျံလွှတ်တင်ခြင်းနှင့် မီးရှူးမီးပန်းများ ပစ်လွှတ်ခြင်းကို အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့်အတူ ပါဝင်ဆင်နွှဲကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စားသောက်ဖွယ်ရာများဖြင့် ညှော့ခံကျွေးမွေးခြင်း၊ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခြင်း၊ တေးသရုပ်ဖော်များဖြင့် ကပြဖျော်ဖြေခြင်းတို့ကို လိုက်လံကြည့်ရှုအားပေးပြီး တန်ဆောင်တိုင်ပွဲတော်အား ပျော်ရွှင်စွာဆင်နွှဲခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေး အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

# အားကောင်းသောလေဖိအားနည်းရပ်ဝန်း တဖြည်းဖြည်း အားလျော့သွားမည်

**နေပြည်တော် နိုဝင်ဘာ ၅**

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းရိုးတန်းဒေသများတွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area)သည် မြောက်-အနောက်မြောက်ဘက်သို့ရွေ့လျားခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းရိုးတန်းဒေသများတွင် လေဖိအားနည်းရပ်ဝန်း(Low Pressure Area) အဖြစ်သို့ အားလျော့သွားခဲ့သည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းရိုးတန်းအနီးတွင် တဖြည်းဖြည်း အားလျော့သွားမည်ဟု ခန့်မှန်းရသည်။ (မိုး/ဇလ)


**လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)**

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ် အကူအညီ တောင်းခံနိုင်ပါသည်။

ရန်ကုန် - အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ ၀၁-၈၆၆၆၆၁၉

မန္တလေး - ရွှေကျင်သံလမ်းအနီး၊ ဘုန်းတော်တိုးရပ်၊ အောင်မြေသာစံမြို့နယ်။ ၀၂-၂၈၃၀၄၂၃


**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

# ထူးခြားသည့် ညအပူချိန်များ

၅ - ၁၁ -၂၀၂၅

| | | | | |
|---|---|---|---|---|
| ဟားခါး | ၁၃ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၁၅ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၁၅ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ဟုမ္မလင်း | ၁၆ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| တောင်ကြီး | ၁၆ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |

**၂၀၂၅ ခုနှစ် နိုဝင်ဘာ ၅ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၇၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။**

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၈ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့

နေပြည်တော် နိုဝင်ဘာ ၅

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ စုံစမ်းဖော်ထုတ်လျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-မယ်ထော်သလေး (KK Park)နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား ၁၅ ဦး၊ အီသီယိုးပီးယားနိုင်ငံသား နှစ်ဦးနှင့် တရုတ်နိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၁၈ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။


ယခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ နိုဝင်ဘာ ၅ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၀၇၆၂ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၄၀၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၁၃၅၉ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန်အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကိုကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)



မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၈ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့မှု မှတ်တမ်းဓာတ်ပုံ။

# စစ်ကိုင်းတိုင်းဒေသကြီး ကလေး-မော်လိုက်သွား ကားလမ်းမပေါ်ရှိ သံကူကွန်ကရစ်အမျိုးအစား ပလူဇဝတံတားကြမ်းခင်းကို PDF အမည်ခံအကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီး




စစ်ကိုင်းတိုင်းဒေသကြီး ကလေး-မော်လိုက်သွား ကားလမ်းမပေါ်ရှိ ပလူဇဝ တံတားကို PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက မီးရှို့ဖျက်ဆီးခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။

နေပြည်တော် နိုဝင်ဘာ ၅

PDF အမည်ခံအကြမ်းဖက်သမားများနှင့်ပူးပေါင်းအဖွဲ့များသည်ဒေသကောင်းစားရေးဟုသုံးနှုန်း၍ အမှန်တကယ်တွင် တိုင်းပြည်တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် ဒေသတွင်းကုန်စည်စီးဆင်းမှုများပျက်ပြားစေရန်ရည်ရွယ်၍ အများပြည်သူ သွားလာအသုံးပြုလျက်ရှိသည့် လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းများနှင့် မီးရှို့ဖျက်ဆီးခြင်းများစသည့် အဖျက်အမှောက်လုပ်ငန်းများကို ယုတ်မာရိုင်းစိုင်းစွာ ဥပဒေမဲ့ကျူးလွန်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နှင့် မော်လိုက်မြို့ကို ဆက်သွယ်ထားသည့် ကလေး-မော်လိုက်သွားကားလမ်းမပေါ်ရှိ အများပြည်သူ သွားလာအသုံးပြုလျက်ရှိသော အရှည် ပေ ၃၀၀၊ အကျယ် ၁၈ ပေရှိ သံကူကွန်ကရစ်အမျိုးစား ပလူဇဝတံတားကို PDF အမည်ခံအကြမ်းဖက်သမားများက အောက်တိုဘာ ၃၀ ရက်တွင် မီးရှို့ဖျက်ဆီးခဲ့သဖြင့် တံတား၏တောင်ဘက်ခြမ်းကြမ်းခင်း ၁၀ ပေခန့် မီးလောင်ပျက်စီးခဲ့ရာ အများပြည်သူများ ဖြတ်သန်းသွားလာနိုင်ခြင်းမရှိဘဲ အခက်အခဲများဖြစ်ပေါ်လျက်ရှိကြောင်း သိရှိရသည်။

သို့ဖြစ်၍ နယ်မြေလုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များက ခရီးသွားအများပြည်သူများ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရေးအတွက် PDF အမည်ခံအကြမ်းဖက်သမားများ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် ပျက်စီးသွားသော ပလူဇဝတံတားကြမ်းခင်းကို အမြန်ဆုံးပြန်လည်ပြင်ဆင်ခြင်းများ ဆောင်ရွက်ပေးခဲ့ရာ အောက်တိုဘာ ၃၁ ရက်တွင် ပြီးစီးခဲ့သဖြင့် ကလေး-မော်လိုက်သွား ကားလမ်းမပေါ်၌ အများပြည်သူများ၊ မော်တော်ယာဉ်များ ပုံမှန်အတိုင်း ဖြတ်သန်း သွားလာလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)



PDF အမည်ခံအကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် ပျက်စီးသွားသည့် ကလေး-မော်လိုက်သွား ကားလမ်းမပေါ်ရှိ ပလူဇဝတံတားကို တွေ့ရစဉ်။




PDF အမည်ခံအကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် ပျက်စီးသွားသည့် ကလေး-မော်လိုက်သွား ကားလမ်းမပေါ်ရှိ ပလူဇဝတံတားကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပြုပြင်ပေးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

## ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

၁။ မြန်မာ့ပင်လယ်ပြင်အတွင်း ရေတပ်ဆိုင်ရာ ပင်လယ်ပြင်လေ့ကျင့်ခန်းကို ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၇ ရက်မှ ၈ ရက်ထိ ရေပြင်၊ ဝေဟင် လက်နက်လေ့ကျင့်ပစ်ခတ်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လေ့ကျင့်ခန်းဧရိယာအဖြစ် Point A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၈ မိနစ်၊ Point B မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၅၈ မိနစ်၊ Point C မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၂ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၅၈ မိနစ်၊ Point D မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၂ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၈ မိနစ်စသည့် Coordinates အမှတ်များ ဆက်ဆွဲထားသည့် ဧရိယာအားသတ်မှတ်ထားရှိပြီး ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက်တို့ကို ထုတ်ပြန်ကြေညာထားရှိပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ လေ့ကျင့်ခန်းဆောင်ရွက်စဉ်ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အဆိုပါဧရိယာမှ ငါးမိုင်ပတ်လည်အား သင်္ဘောကြီး၊ သင်္ဘောငယ်များ၊ ကုန်တင်၊ စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းမရှိစေရန်နှင့် လေယာဉ်၊ ရဟတ်ယာဉ်များ အမြင့်ပေ ၁၅၀၀၀(တစ်သောင်းငါးထောင်)အောက် ဖြတ်ကျော်ပျံသန်းခြင်းမပြုကြရန် အသိပေးကြေညာအပ်ပါသည်။

ရေကြောင်းသတိပေးချက်ထုတ်ပြန်မည့်ဧရိယာ



# ဗိုဆင်နယ်မြေတွင် လေအားလျှပ်စစ်ထုတ်လုပ်မှုစီမံကိန်းတည်ဆောက်ရန် အဆိုတင်သွင်းမှုကို နော်ဝေအစိုးရက ပယ်ချ



**အော့စ်လို နိုဝင်ဘာ ၅**

နော်ဝေနိုင်ငံ ဗိုဆင်နယ်မြေတွင် လေအားလျှပ်စစ်ထုတ်လုပ်မှုစီမံကိန်းတည်ဆောက်ရန်အတွက် အဆိုပြုတင်သွင်းလာမှုကို နော်ဝေအစိုးရက ပယ်ချလိုက်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ရုပ်ကြွင်းလောင်စာသုံးစွဲမှုလျှော့ချရေး ရည်မှန်းချက်အရ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် လေအားလျှပ်စစ်ထုတ်လုပ်မှုကို အကောင်အထည်ဖော်ရန် စီစဉ်လာခြင်းဖြစ်ကြောင်း၊ အဆိုပါ လေအားလျှပ်စစ်ထုတ်လုပ်မှုစီမံကိန်းတည်ဆောက်မည့်နေရာသည် ဘေးမဲ့ပေးသောသမင်များ ကျက်စားရာနေရာဖြစ်သည့်အတွက် အစိုးရက ခွင့်မပြုခဲ့ခြင်းဖြစ်ကြောင်း၊ လေအားလျှပ်စစ်အတွက် တာဘိုင်များတည်ဆောက်ခြင်းကြောင့် သစ်တောကြိုးဝိုင်းများနှင့် တောရိုင်းတိရစ္ဆာန်များကို ထိခိုက်စေနိုင်ကြောင်း နော်ဝေအစိုးရက ထုတ်ပြန်သွားခဲ့သည်။

"လေအားလျှပ်စစ်ခတ်အားပေးစနစ် တည်ဆောက်သွားမဲ့နေရာဟာ နော်ဝေနိုင်ငံရဲ့ ဒုတိယမြောက် အကြီးဆုံးသဘာဝသစ်တောကြိုးဝိုင်းဧရိယာဖြစ်ပါတယ်။ စီမံကိန်းအတွက် တာဘိုင်တွေ တည်ဆောက်လိုက်ရင် ဒီဧရိယာမှာ ကျင်လည်ကျက်စားနေတဲ့ တောရိုင်း တိရစ္ဆာန်တွေအတွက် အခက်အခဲ ရှိလာနိုင်တယ်။ ဒါကြောင့် လေအားလျှပ်စစ်ခတ်အားပေးစနစ်တည်ဆောက်သွားမဲ့ အဆိုပြုချက်ကို တားမြစ်ခဲ့တာဖြစ်ပါတယ်"ဟု Water Resources and Energy Directorate(NVE)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်းတွင် တိုင်ဖွန်းမုန်တိုင်း ကာလမာဂီတိုက်ခတ်ကာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဒေသခံဦးရေ ၆၀၀၀၀ ခန့်ကို ဘေးလွတ်ရာရွှေ့ပြောင်း

**မနီလာ နိုဝင်ဘာ ၅**

ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းတွင် တိုင်ဖွန်းမုန်တိုင်း ကာလမာဂီဝင်ရောက်တိုက်ခတ်ကာ မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ဒေသခံဦးရေ ၆၀၀၀၀ ခန့်ကို ဘေးလွတ်ရာ သို့ ရွှေ့ပြောင်းခဲ့ရကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ် အေဂျင်စီက ယနေ့သတင်းများတွင် ထုတ်ပြန်ခဲ့သည်။

လက်ရှိတွင် တိုင်ဖွန်းမုန်တိုင်း ကာလမာဂီကြောင့် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်မှုများဖြစ်ပွားကာ လူ ၂၆ ဦး သေဆုံးခဲ့ကြောင်း၊ အဆိုပါ တိုင်ဖွန်းမုန်တိုင်းသည် တစ်နာရီလျှင် ကီလိုမီတာ ၁၅၀ နှုန်းဖြင့် တောင်တရုတ်ပင်လယ်ပြင်ဘက်သို့ ရွေ့လျားနေပြီး လေတိုက်နှုန်းသည် တစ်နာရီလျှင် ၂၀၅ ကီလိုမီတာထိ ရှိကြောင်း သိရသည်။

မုန်တိုင်းကြောင့် သက်ဆိုင်ရာ အာဏာပိုင်များက တောင်ပိုင်းလူဇွန်နှင့် မြောက်ပိုင်းမင်ဒါနာအိုပြည်နယ်အပါအဝင် ဗီဆာယာဒေသရှိ ဒေသခံဦးရေ ၆၀၀၀၀ ခန့်ကို ဘေးလွတ်ရာသို့ အရေးပေါ် ရွှေ့ပြောင်းခြင်းများ ပြုလုပ်ခဲ့ရကာ သဘာဝဘေး အန္တရာယ် အရေးပေါ်အခြေအနေ ကြေညာထားကြောင်း၊ ထို့ပြင် တာလီဆေးမြို့ရှိ အိမ်အများအပြားသည် ရေလွှမ်းခြင်းခံခဲ့ရပြီး စီဘူးမြို့ရှိလမ်းများ ရေလွှမ်းမိုးခံခဲ့ရကာ ယာဉ်များရေစီးနှင့်မျောပါသွားခဲ့ကြောင်း သိရသည်။

မိုးသည်းထန်စွာရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်မှုများကြောင့် လေယာဉ်ခရီးစဉ် ၁၆၀ ကျော်ကို ဖျက်သိမ်းခဲ့ရပြီး သင်္ဘောများနှင့် ငါးဖမ်းလှေငယ်များကို ပင်လယ်ပြင်တွင် သွားလာခြင်းမပြုကြရန် သတိပေးထားကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

# ကာဇက်စတန်နိုင်ငံ ကက်စပီယန်ကမ်းရိုးတန်းတွင် ပင်လယ်ဖျံ ၁၁၂ ကောင် သေဆုံးနေ

**အက်စ်တာနာ နိုဝင်ဘာ ၅**

ကာဇက်စတန်နိုင်ငံ မန်ဂီစတောဒေသရှိ ကက်စပီယန် ပင်လယ်ကမ်းရိုးတန်း တစ်လျှောက်တွင် နိုဝင်ဘာ ၄ ရက်က သေဆုံးနေသော ပင်လယ်ဖျံ ၁၁၂ ကောင်ကို တွေ့ရှိခဲ့ကြောင်း ဒေသခံမီဒီယာက ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

ကာဇက်စတန်နိုင်ငံတွင် နိုဝင်ဘာ ၄ ရက်က အာဆန်ရှာမှ ဖို့တ်-ရှက်ဗ်ချန်ကိုမြို့ထိ ကမ်းခြေတစ်လျှောက်တွင်သေဆုံးနေသော ပင်လယ်ဖျံ ၃၉ ကောင်နှင့် ဖို့တ်-ရှက်ဗ်ချန်ကိုနှင့် ဘော်တီနိုကြား ကမ်းခြေတစ်လျှောက်တွင် သေဆုံးနေသောပင်လယ်ဖျံ နောက်ထပ် ၇၃ ကောင် တွေ့ရှိခဲ့ကြောင်း၊ နိုဝင်ဘာ ၃ ရက်ကလည်း အဆိုပါ ကမ်းခြေ၌ သေဆုံးနေသော ပင်လယ်ဖျံ ခြောက်ကောင်တွေ့ရှိခဲ့ပြီး ၎င်းတို့အနက် နှစ်ကောင်တွင် ငါးဖမ်းပိုက်ကွန်များ ရစ်ပတ်နေကြောင်း၊ ယနေ့တွင် ပင်လယ်ဖျံ သေဆုံးမှုအကြောင်းရင်းကို သက်ဆိုင်ရာအာဏာပိုင်များက စုံစမ်းလျက်ရှိပြီး စုံစမ်းရာတွင် အဓိကစဉ်းစားရာ၌ ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ ရေညစ်ညမ်းမှုနှင့် ငါးဖမ်းလုပ်ငန်းများကြောင့် ဖြစ်နိုင်ကြောင်း ခန့်မှန်းနေကြသည်။



ထို့ကြောင့် ပင်လယ်ဖျံများသေဆုံးရာ ကမ်းခြေဝန်းကျင်မှ ရေနမူနာများကို သက်ဆိုင်ရာဓာတ်ခွဲခန်းများသို့ ပို့ဆောင်ထားပြီး အဆိုပါရေများတွင် ဓာတုပစ္စည်းပါဝင်မှု ရှိ၊ မရှိကို စမ်းသပ်မှုများ ပြုလုပ်နေကြကြောင်း၊ ပင်လယ်ဖျံများ သေဆုံးရသည့် အကြောင်းရင်းမှန်ကို စုံစမ်းသိရှိရပါက ပြည်သူများကို အသိပေးထုတ်ဖော် ကြေညာမည်ဟု အာဏာပိုင်များက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

# အင်ဒိုနီးရှားနိုင်ငံ ပါပူဝါးနယ်မြေတွင် ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုကြောင့် လူ ၁၅ ဦးထက်မနည်းသေဆုံးကာ ပျောက်ဆုံးနေသူ အမြောက်အမြားရှိနေ

**ဂျကာတာ နိုဝင်ဘာ ၅**

အင်ဒိုနီးရှားနိုင်ငံ ပါပူဝါးနယ်မြေတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နိုဝင်ဘာ ၃ ရက်မှစတင်၍ ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုပြဿနာများဖြစ်ပေါ်ခဲ့ပြီး ဒေသခံ ၁၅ ဦးထက်မနည်း သေဆုံးကာ ပျောက်ဆုံးနေသူ အမြောက်အမြား ရှိနေကြောင်း Disaster Mitigation Agency ထုတ်ပြန်ခဲ့သည်ဟု နိုဝင်ဘာ ၄ ရက် သတင်းများတွင် ဖော်ပြထားသည်။

သေဆုံးသူ ၁၅ ဦးအနက် အများစုမှာ ကလေးငယ်များဖြစ်ပြီး အသက် ၈ နှစ်အရွယ်မှ အသက် ၁၇ နှစ်အရွယ်ရှိ ကလေးများဖြစ်ကြောင်း၊ အဆိုပါ ကလေးများသည် ဘော်လီဘောကစားအပြီးတွင် အိမ်ပြန်ရန် ချောင်းကိုဖြတ်ကူးစဉ် ရုတ်တရက်ရေကြီးရေလျှံမှုကြောင့် ရေစီးနှင့်အတူမျောပါကာ သေဆုံးခဲ့ခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့က အတည်ပြုခဲ့ကြောင်းသိရသည်။

"ပါပူဝါးနယ်မြေမှာ နိုဝင်ဘာ ၃ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုနဲ့ မြေပြိုကျမှုတွေဖြစ်ပေါ်ခဲ့ပါတယ်။ မြေပြိုကျမှုနဲ့ ရေကြီးရေလျှံမှုကြောင့် လူ ၁၅ ဦးထက်မနည်း သေဆုံးခဲ့ပါတယ်။ ပျောက်ဆုံးနေသူအမြောက်အမြား ရှိနေပါတယ်။ သေဆုံးသူ ၁၅ ဦး အနက် ၁၃ ဦးက ကလေးငယ်တွေ ဖြစ်ကြပြီးတော့ အသက်ခုနစ်နှစ် အရွယ်ကနေ ၁၇ နှစ်အရွယ်ကြားက ကလေးငယ်တွေ ဖြစ်ပါတယ်။ ပျောက်ဆုံးနေသူ အမြောက်အမြား ရှိနေပါသေးတယ်"ဟု Disaster Mitigation Agency မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

"သေဆုံးသူတွေရဲ့ ရုပ်အလောင်းတချို့ကို ဆယ်ယူရရှိပြီးဖြစ်ပါတယ်။ ပျောက်ဆုံးနေသူတွေ ရှိနေပါသေးတယ်။ ကယ်ဆယ်ရေးဝန်ထမ်းတွေနဲ့ ရဲတပ်ဖွဲ့ဝင်တွေ ပူးပေါင်းပြီးတော့ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု နယ်မြေခံ ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ အယ်ဖရက်ဒိုက ပြောကြားခဲ့သည်။

ရေစီးနှင့်အတူ မျောပါသွားခဲ့သော ကလေးတချို့နှင့် ဒေသခံတချို့ကို ကယ်ဆယ်ရေးဝန်ထမ်းများက ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# သစ်တောပြုန်းတီးမှုလျှော့ချရေးနှင့် သစ်တောကြိုးဝိုင်းကာကွယ်ရေး TFFF တွင် ပထမနှစ်အတွင်း ရန်ပုံငွေကန်ဒေါ်လာ ၁၀ ဘီလီယံထည့်ဝင်ရန် ဘရာဇီးဘဏ္ဍာရေးဝန်ကြီး တိုက်တွန်း

**ဘရာဇီးလီးယား နိုဝင်ဘာ ၅**

ဘရာဇီးနိုင်ငံတွင် ကျင်းပပြုလုပ်နေသည့် ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးညီလာခံ COP30 တွင် တစ်ကမ္ဘာလုံးဆိုင်ရာ သစ်တောပြုန်းတီးမှုလျှော့ချရေးနှင့် သစ်တောကြိုးဝိုင်းကာကွယ်ရေး ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းထားသော Tropical Forests Forever Facility (TFFF) အတွက် ပထမနှစ်အတွင်း၌ပင် အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံထိ ရန်ပုံငွေထည့်ဝင်ရေး ဘရာဇီးဘဏ္ဍာရေးဝန်ကြီး ဖာနန်ဒိုဟက်ဒက်က တိုက်တွန်းခဲ့ကြောင်း နိုဝင်ဘာ ၄ ရက် သတင်းများအရ သိရသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ဘဏ္ဍာရေးဝန်ကြီး ဖာနန်ဒိုဟက်ဒက် က အစိုးရပိုင်းမှ ရန်ပုံငွေ ၂၅ ဘီလီယံထိထည့်ဝင်သွားရန်လည်း တိုက်တွန်းခဲ့ပြီး ပုဂ္ဂလိက ကဏ္ဍမှ အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ ထိ ရရှိရေးကိုလည်း ဆောင်ရွက်သွားမည်ဖြစ်သည်ဟု တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

"TFFF ရန်ပုံငွေအတွက် အမေရိကန် ဒေါ်လာ ၁၂၅ ဘီလီယံလောက်ထိ ရှိနေဖို့လိုအပ်ပါတယ်။ ဒါကြောင့် ပထမနှစ်အတွင်းမှာတင် ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံထိရရှိဖို့ လိုအပ်ပါတယ်။ အစိုးရပိုင်းက အမေရိကန်ဒေါ်လာ ၂၅ ဘီလီယံထိ ရရှိဖို့ လိုအပ်သလို ပုဂ္ဂလိကကဏ္ဍကနေလဲ အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံထိရရှိဖို့ လိုအပ်ပါတယ်။ ရန်ပုံငွေတောင်းခံမှ တစ်ကမ္ဘာလုံးဆိုင်ရာ သစ်တောပြုန်းတီးမှုလျှော့ချရေးနှင့် သစ်တောကြိုးဝိုင်းကာကွယ်ရေး လုပ်ငန်းတွေကို အောင်မြင်အောင် ဆောင်ရွက်သွားနိုင်မှာလဲ ဖြစ်ပါတယ်"ဟု ဘရာဇီးဘဏ္ဍာရေးဝန်ကြီး ဖာနန်ဒိုဟက်ဒက်က ပြောကြားခဲ့သည်။

ကမ္ဘာ့ဘဏ်ကလည်း ပြီးခဲ့သည့် အောက်တိုဘာလ နောက်ဆုံးပတ်က TFFF ရန်ပုံငွေတွင် ထည့်ဝင် သွားမည်ဖြစ်ကြောင်း တရားဝင် ထုတ်ပြန်ထားပြီးဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat



## ဝတ္ထုတိုကဏ္ဍ

# မင်းဆွေနှစ်တံတား

### ညိမ်းညို

( ၁ )

စိန်မောင်ဆိုတာ သရက်တန်းတစ်ရွာလုံးမှာ သူ့လောက် ကြွယ်ပိုးကြွယ်ဝရှိသူ၊ လူရည်လည်သူ ရှိတယ်ကို မအောက်မေ့တာ။ သရက်တန်းတင် ဘယ်ကပ့်မလဲ။ မူးရိုးအနောက်ဘက်တစ်လျှောက် မန်ကျည်းကုန်း၊ တမာစု၊ ကုက္ကိုမြိုင် စတဲ့ရွာစဉ် တစ်လွှားမှာတော့ သူ့ကို လောက်လောက်လားလား ယှဉ်နိုင်တဲ့သူ ပေါ်ကိုမလာသေးဘူးလို့ တထစ်ချ မှတ်ထားတဲ့သူ။

သူ့အရပ်သူ့ဒေသမှာတော့ မှတ်လဲမှတ်ချင်စရာကိုး။ ဖိတ်စာတစ်စောင်ကိုလူသုံးယောက်လောက် ပေါင်းဖတ်မှ ပုံနှိပ်တိုက်လိပ်စာရောက်ကြရသူတွေဆိုတော့ မြို့ကျောင်းမှာ ငါးတန်းထိပညာသင်ထားဖူးတဲ့ စိန်မောင်က အကောင်ပေါ့။ စိန်မောင့်အဖေက ဦးသက်ရှည်တဲ့။ နာမည် မတွင်ရှာပါဘူး။ အသက်ကလေး လေးဆယ်ကျော် လူလတ်ပိုင်းမှာ ဆုံးသွားရှာတယ်။ စိန်မောင်တစ်ယောက် လေးတန်းအောင်လို့ မြို့ကျောင်းမှာ ငါးတန်းတက်နေဆဲမှာပဲ အဖေဆုံးသွားတဲ့အခါ နဂိုကမှ ကျောင်းနေမပျော်ရတဲ့အထဲ ရွာကို ဖခင်ကြီးနာရေးဆိုပြီး ပြန်လာလိုက်တာ သူ့ပညာရေးလဲ တစ်ခါတည်း ဆုံးခန်းတိုင်တာပါပဲ။

ဒါပေမဲ့ စိန်မောင်က သူ့ရွာမှာတော့ အရှိန်အစော်ကြီးတယ်။ ငယ်ငယ်ရွယ်ရွယ်နဲ့ မြို့အထိကျောင်းသွားတက်ဖူးထားတော့ လူရည်လည်တယ်၊ အရောက်အပေါက် နှံ့စပ်တယ်ဆိုရမယ်။ ရွာမှာ ကျန်ရစ်ခဲ့တဲ့ သူ့အရွယ်တွေနဲ့ယှဉ်လိုက်တော့ ခေါင်းတစ်လုံးပိုမြင့်နေတာပေါ့။ ဒီကြားထဲ သူ့အဖေ ဦးသက်ရှည်ကလဲ လယ်ယာကိုင်းကျွန်း အမွေအနှစ်တွေချန်ခဲ့၊ တစ်ဦးတည်းသော မိတဆိုးသားကလေးလဲ ဖြစ်ရှာဆိုတော့ ဆွေတွေမျိုးတွေ ဝိုင်းမြှောက်စားတာနဲ့ပဲ အခြွေအရံရဲ့အရသာကို အရွယ်လေးခပ်ငယ်ငယ်ကတည်းက ခံတွင်းတွေ့ခဲ့ဟန် တူပါတယ်။

( ၂ )

စိန်မောင် ကျောင်းသွားတက်ရတဲ့ စိုင်ပြင်ဆိုတာက မြို့ခပ်သေးသေးပါ။ မြို့နယ်ခွဲဆိုပါတော့။ စိန်မောင်တို့ရွာနဲ့ စိုင်ပြင်နဲ့က ခြောက်မိုင်ကျော်ကျော် လောက်ဝေးတယ်။ အခုခေတ်အနေနဲ့ သိပ်မဝေးလှဘူးထင်ရပေမဲ့ စိန်မောင်တို့ခပ်ငယ်ငယ် စက်ဘီးတောင် တစ်ရွာတစ်စီး မရှိရှာသေးတဲ့ အချိန်တုန်းကတော့ နီးတယ်လဲမဆိုသာပါဘူး။

ကျောင်းချိန်မီအောင်ရောက်ဖို့ဆိုရင် မနက်ဝေလီဝေလင်းကတည်းက စက်ဘီးထနင်းရတာ။ လမ်းကလဲ ဘယ်ကောင်းလိမ့်မတုန်း။ တာရိုးတစ်လျှောက် အဖုအထစ်တွေ၊ ကျင်းတွေချိုင့်တွေ တင်းကျမ်းနဲ့ မညီမညာ နင်းရတာ။ မန်ကျည်းကုန်း၊ တမာစု၊ ကုက္ကိုမြိုင်ရွာတွေကို တစ်ရွာပြီးတစ်ရွာ တောက်လျှောက် ဖြတ်လာပြီး မင်းဆွေနှစ်ရွာ လွန်ပြီဆိုရင်တော့ စိန်မောင် သိပ်သဘောတွေ့သွားပြီ။ လမ်းက သိသိသာသာ ကောင်းသွားပြီကိုး။ စိုင်ပြင်ရောက်ဖို့ကလဲ နှစ်မိုင်လောက် လိုတော့တာ။ ကျင်းတွေချိုင့်တွေနဲ့ လမ်းကြီးက မင်းဆွေနှစ်ရွာကျော်တာနဲ့ ပိုကျယ်ပြီး ပိုကောင်းလာတယ်။ သဲဖြူတွေဖွေးပြီး ညက်လို့ မွှန်လို့။ စိန်မောင်တစ်ယောက် စက်ဘီးကို လက်နှစ်ဖက်လွှတ်ပြီးတောင် စီးလို့။

ပြီးတော့ သူ့သဘောအကျဆုံးက မင်းဆွေနှစ်တံတားကြီးပဲ။ ရွာအထွက်မှာပဲ ဖြောင့်စင်းနေတဲ့ လမ်းမကြီးပေါ်က ဖွေးဖွေးလှုပ်နေတဲ့ ကွန်ကရစ်တံတားကြီး။ အောက်မှာ ရေပြင်ပြာလဲ့လဲ့က တသွင်သွင်စီးလို့၊ ပရမကားချောင်းကို ဖြတ်ပြီးထိုးထားတာ။

မနက်ခင်းနေခြည်နုနုမှာ ချောင်းရေစီးသံ နားထောင်ရင်း တံတားဖြူဖြူကြီးပေါ် စက်ဘီး ဖြတ်စီးရတဲ့အရသာက စိန်မောင့် နှလုံးသားထဲမှာ မီးပြင်းပြင်းဖုတ်ထားတဲ့ သံပြားနဲ့ တံဆိပ်ခတ်နှိပ်လိုက်သလို အမှတ်ထင်ထင် စွဲနေခဲ့တယ်။

ပြောရရင် မင်းဆွေနှစ်တံတားကြီးဆိုတာ စိန်မောင့်ဘဝရဲ့ အရေးပါအရာရောက်တဲ့ အမှတ်သင်္ကေတတွေထဲက တစ်ခုပဲ။ စိန်မောင့်ခရီးသွားနယ်ပယ်ရဲ့ ထင်ရှားတဲ့ပြယုဂ်တစ်ခုပဲ။ စိန်မောင့် အထွေထွေဗဟုသုတရဲ့ အခြေခံယူနစ်ကြီးပဲ။

ဒီမင်းဆွေနှစ်တံတားကြီးဟာ စိန်မောင် ကြီးပြင်းလူလားမြောက်တာနဲ့အတူ တစ်ဆက်တည်းတွဲလျက် ကပ်ပါလာတဲ့ ဂုဏ်ဒြပ်ကြီးတစ်ခုပဲ။

"ဟာ မင်းတို့နှယ်၊ မင်းဆွေနှစ်တံတားကြီး ကြီးချက်ခံ့ချက်ဆိုတာ ဘာပြောကောင်းမလဲ။ ငါဖြင့် လူတွေဆောက်တဲ့လက်ရာတောင် မထင်ဘူး မောင်ရေ့။ မပြောကောင်းမဆိုအပ် ဝိသကြုံနတ်သား လာဆောက်ထားတာတောင် ထင်သဗျား"

စိန်မောင် သူ့သူရင်းငှားတွေကို စကားစပ်မိတိုင်း ဒီလိုပြောတာပါပဲ။ မင်းဆွေနှစ်တံတားကြီးအကြောင်း မစပ်မိစပ်မိအောင်လဲ သူ့ခမျာပြောရှာပေရဲ့။ မင်းဆွေနှစ်တံတားကြီးကို မရောက်ဖူးသေးတဲ့ သူရင်းငှားလေးက တအံ့တသြ ငေးလို့ပေါ့။ ရောက်ဖူးပြီးသား သူရင်းငှားကျပြန်တော့လဲ သူရောက်ခဲ့တဲ့တံတားက ဒီလောက်တောင် ကြီးမားခံ့ထည်နေတာ ဟုတ်ရောဟုတ်ရဲ့လားပေါ့၊ ဇဝေဇဝါတွေဖြစ်လို့။

ဘယ်လိုပဲဖြစ်ဖြစ်လေ။ စိန်မောင့်စကားအဆုံးမှာတော့ အားလုံးက ခေါင်းညိတ်ကြရတာပဲ။ စိန်မောင်က အလုပ်ရှင်၊ သူတို့က အလုပ်သမားတွေကိုး။

( ၃ )

"မယ်မြင့်နှယ် စစ်ကိုင်းတံတားကြီးများ ဘယ်လောက်ရှည်သတုံးတဲ့။ မေးပုံကိုက ကြံကြီးစည်ရာဟာ။ ငါဖြင့် နှိုင်းပြီးတောင် မပြောတတ်ပါဘူး။ ငါတို့ရွာ နှစ်ပြန်လောက်တော့ အသာလေးရှိတော့မပေ့ါ"

ဘိုးညိုမောင်က ဆေးတံလေးခေါက်ပြီး လေအေးလေးနဲ့ ပြောနေတာပါ။ အရီးမယ်မြင့်က ဆေးရိုးတွေ အမှုန်အမွှားကင်းအောင် ပြာရင်းတီးရင်း နားထောင်နေတယ်။ ဘေးနားက ဦးလေးဆယ်တို့၊ ကိုလူထွေးတို့ကလဲ ဘာရယ်မဟုတ်ဘူး၊ အဖန်ရည်သောက်ရင်း တစ်အောင့်တစ်နားထိုင်ပြီး နားထောင်တာပေ့ါ။

သူတို့အတွက် အကြောင်းအရာက အစိမ်းသက်သက်ဖြစ်နေတာကိုး။ ဘိုးညိုမောင်က သူ့နောင်တော်ဘုန်းဘုန်းဘုရားကြီးခေါ်လို့ ပြီးခဲ့တဲ့ လကုန်ကမှ စစ်ကိုင်းဘက် ဘုရားဖူးထွက်ထားတာကလား။ ပြန်ရောက်တာ ဘာကြာသေးလို့လဲ။ ဘုရားဖူးဆိုလို့ ရွာဦးကျောင်းနဲ့ ရွာဦးစေတီလောက်တောင် အခါကြီးရက်ကြီးမှ ကပ်နိုင်ရှာတဲ့ လက်လှုပ်မှပါးစပ်လှုပ်နေပူစပ်ခါးဝမ်းကျောင်းရတဲ့ အောက်ခြေက လူတွေမဟုတ်လား။ ဘိုးညိုမောင်ပြောသမျှတွေက သူတို့နေ့စဉ်ဘဝထဲမယ် မကြုံဖူးမတွေ့ဖူး အသစ်အဆန်းတွေဆိုတော့ စိတ်ဝင်စားဖို့ကောင်းတာလဲ ပါရှာပေမှာပေ့ါ။

ဖြစ်ချင်တော့ စိန်မောင်ကလဲ ရောက်နေတယ်။ သူ့နှမ်းတွေ တလင်းခါဖို့ ကိုလူထွေးဆီ အလုပ်သမားစပ်ရင်း ရက်လာညှိတာ။

ဘိုးညိုမောင်ရဲ့ ဘုရားဖူးအတွေ့အကြုံတွေ အထိတော့ စိန်မောင့်စိတ်ထဲ ပုံမှန်ပါပဲ။ ဘယ့်နှယ်မှ မနေသေးဘူး။ အဲ စစ်ကိုင်းတံတား ချီးမွမ်းခန်းလဲ ရောက်ရော၊ စိန်မောင့်စိတ်ထဲ မရိုးမရွ ဖြစ်လာတော့တယ်။ ဘယ့်နှယ် မင်းဆွေနှစ်တံတားကိုကျော်ပြီး စစ်ကိုင်းတံတားက ကြီးရရှည်ရပါအုံးမလား။ ခက်တာက စစ်ကိုင်းတံတားကို ကိုယ်တိုင်လဲ ရောက်ဖူးသေးတာမဟုတ်တော့ ဘဝင်ကမကျနိုင်ဘူး။

"ရှည်တာကတော့ ဟုတ်ပါပြီ ဘိုးညိုမောင်ရဲ့။ ကျုပ်တို့ မင်းဆွေနှစ်တံတားလောက် ကျယ်ကောကျယ်ရဲ့လား"

"ဘယ်လောက်ကျယ်တယ်တော့ မသိဘူး စိန်မောင်ရေ။ နောက်တစ်ကြိမ်ရောက်မှ ဆင်းပြီး တိုင်းထွာလာခဲ့အုံးမယ်"လို့ ဘိုးညိုမောင် စိတ်ပေါက်ပေါက်နဲ့ အငေါ်တူးလွှတ်တာတောင် စိန်မောင်က အလျှော့မပေးဘဲ ပြောဖြစ်အောင် ပြောသွားသေးတယ်။

"ကျုပ်လဲ ဒီတစ်ခေါက် စိုင်ပြင်သွားရင် ဘိုးညိုမောင်ကိုခေါ်ပြီး မင်းဆွေနှစ်တံတားကြီး ကျကျနန ပြပါအုံးမယ်။ မျက်စိတွေဘာတွေ လျှမ်းမှာစိုးလို့"

( ၄ )

မန်ကျည်းပွင့်တွေ သဲသဲလှုပ် ကြွေကျနေတဲ့ တစ်မနက် စိန်မောင့်ဆီကို တမာစုရွာက ညိုမြင့် ပေါက်ချလာတယ်။

သူ့နောက်မှာ အသားဖြူဖြူ မွန်မွန်ရည်ရည်နဲ့ လူငယ်တစ်ယောက်လဲပါတယ်။ ညိုမြင့် မိတ်ဆက်ပေးလို့ တမာစုရွာက ကျောင်းဆရာလေးမှန်း သိရတယ်။ ညိုမြင့်ကတော့ စိန်မောင်နဲ့ ကျောင်းနေဖက်တွေ။ ညိုမြင့်တို့ တမာစုရွာက အတန်းကျောင်း မရှိသေးတော့ စိန်မောင်တို့ သရက်တန်းရွာကို ကျောင်းလာတက်ရတာ။ တမာစုရွာမှာ စာသင်ကျောင်းရတာ ဘာကြာသေးလို့လဲ။ စိန်မောင်တောင် အလှူငွေတွေ ဘာတွေ ထည့်လိုက်ရသေးတယ်။

ညိုမြင့်က လယ်ပိုင်နွားပိုင်တော့ မရှိရှာဘူး။ လက်လုပ်လက်စား ခပ်နွမ်းနွမ်းပဲ။ ဒါပေမဲ့ ရပ်ရေးရွာရေး အတော်စိတ်ဝင်စားတဲ့သူ။ ငွေအင်အား မတတ်နိုင်ပေမဲ့ လုပ်အားအကူတော့ ရှေ့ဆုံးကဆိုတဲ့သူ။ အခုလဲ သူငယ်ချင်းဖြစ်သူ စိန်မောင့်ဆီကို အလှူလာခံတာပါ။

တာရိုးပေါင်ပေါ်ကနေ တမာစုရွာကိုချိုးဝင်တဲ့ နေရာမှာ တံတားကလေးတစ်စင်းရှိတယ်။ ရွာအစီအစဉ်နဲ့လုပ်တဲ့ သစ်သားတံတားလေးဆိုတော့ ခိုင်ခိုင်ခံ့ခံ့တော့ ဘယ်ဟုတ်ပါ့မလဲ။ တစ်နှစ်တန်သည် နှစ်နှစ်တန်သည် ကြာလာတော့လဲ ကျိုးတဲ့နေရာကျိုး ပေါက်တဲ့နေရာပေါက်ပေ့ါလေ။

အသစ်ရောက်လာတဲ့ဆရာလေးက အရွယ်ကလေး ခပ်ငယ်ငယ် တက်တက်ကြွကြွလည်းရှိပြန်ဆိုတော့ အခိုင်အမာကွန်ကရစ်တံတားလေး ဖြစ်အောင် ရွာကိုစည်းရုံးပြီး ဦးဆောင်ဆော်ဩလုပ်မယ် ထင်ပါရဲ့။ ဒီမှာတင် ပရဟိတအားသန်တဲ့ ညိုမြင့်ကလဲ ရွာနီးချုပ်စပ်က ခင်မင်ရင်းချာရှိပြီး သောင်သာတောင့်တင်းတဲ့သူတွေဆီလိုက်ပြီး အလှူခံပေးပေ့ါလေ။ ဒီလို ဖြစ်ပုံရပါတယ်။

စကားပြောရဆိုရတာ အပေါက်အလမ်း တည့်တော့ ကျောင်းဆရာလေးစိတ်ထဲ ကိုစိန်မောင်က ပြောသလောက်လဲ မဆိုးပါဘူး။ အလိုက်အထိုက် ရှိသားပဲ တွေးမိထင်ပါရဲ့။ သဘောတွေကျလို့။ မျက်နှာကလေးကို ရွှင်နေတာပဲ။

"နေပါအုံးဗျ။ တံတားဆောက်တာတော့ ဟုတ်ပါပြီ။ ဆရာလေးတို့က ဘယ်ပုံစံဆောက်ကြမှာတုံး"

စိန်မောင်က ကောက်ကာငင်ကာ မေးလိုက်တော့ ဆရာလေးလဲ ရုတ်တရက် ဘာဖြေရမှန်း မသိဘဲ တွေနေတယ်။ ပါးရည်နပ်ရည်ရှိလှတဲ့ ညိုမြင့်က ဆရာလေးကို အသာလက်တို့ပြီး–

"ဒီလိုရှိတယ် စိန်မောင်ရ။ ငါတို့က ဒီတစ်ခါတော့ ရန်ပုံငွေ တောင့်တောင့်တင်းတင်းနဲ့ ခိုင်ခိုင်ခံ့ခံ့လေးဖြစ်ချင်တာဆိုတော့ မင်းဆီက အလှူငွေတင်မကဘူး။ အကြံဉာဏ်ပါယူရအောင် လာကြတာ။ ဒီနယ်တစ်ကြောမှာလဲ မြို့နဲ့ဘာနဲ့ အကူးအလူးများပြီး အမြင်ကျယ်တာဆိုလို့ မင်းတစ်ယောက်ပဲ လောက်လောက်လားလား ရှိတာကိုးကွ။ ဟုတ်တယ်နော် ဆရာလေး"

ဆရာလေးလဲ ရောယောင်ပြီး ခေါင်းညိတ်ပြလိုက်တယ်။ သူ့လွယ်အိတ်ထဲ စိန်မောင့်ဆီက အလှူငွေတွေလဲ ထည့်ထားပြီးနေပြီ။

စိန်မောင်က ခေါင်းတဆတ်ဆတ် ညိတ်နေတယ်။ သူ့ကိုယ်သူ မျက်စိကြီးနားကြီးရှိတယ်ဆိုတာကိုတော့ လက်ခံပါရဲ့။ အကြံဉာဏ်ပေးဖို့အထိကျ ကြိုပြီး စဉ်းစားထားတာမရှိတော့ သူလဲ ဘာပြန်ပြောရမှန်း မသိဘူး။

ဒီနေရာမှာ လူတွေကို လှူချင်တန်းချင်စိတ်ပေါ်လာအောင် ပြောနေဟောနေကျဆိုတော့ ညိုမြင့်က ပါးရည်နပ်ရည်ရှိတယ်။ တော်ရုံတန်ရုံ လူ့စိတ်ကို နောကျေတယ် ဆိုရမယ်။ အသက်ရှူကျပ်နေတဲ့ စိန်မောင့်ကို ထွက်ပေါက်တစ်ခု ဖွင့်ပေးလိုက်တယ်။

စာမျက်နှာ ၂၅ သို့➢

# မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးခဲ့သော ပဲတီစိမ်း ၁၅၃၃၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**စစ်ကိုင်း နိုဝင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၁၅၃၃၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၇၅၀၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၅၃၃၅ ဧကရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၁၇ ဒသမ ၇၆ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ ပဲတီစိမ်း ၁၇၅၀၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းခင်းတွေ အခုလက်ရှိရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ၁၅၃၃၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်း ကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေ ရှိပါတယ်"ဟု စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ကျောင်းကုန်းမြို့နယ်တွင် ဖူးစားပြောင်းများ အရောင်းအဝယ်ကောင်းမွန်နေ

**ကျောင်းကုန်း နိုဝင်ဘာ ၅**



ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် ဖူးစားပြောင်းများ အရောင်းအဝယ်ကောင်းမွန်ကြောင်း ကျောင်းကုန်းမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် ယခုနှစ် အောက်တိုဘာလဒုတိယပတ်မှစတင်ပြီး ယနေ့ထိ ဖူးစားပြောင်းများ ဝယ်ယူအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊အဆိုပါဖူးစားပြောင်းများ ဝယ်ယူအား ကောင်းလာခြင်းသည် ဒေသထွက်ဖူးစားပြောင်းကို ပုသိမ်အပါအဝင် အခြားဒေသများကပါ မှာယူအား ကောင်းလာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

''ဒေသထွက်ကုန် ဖူးစားပြောင်းတွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကပါ အဝယ်လိုက်နေပါတယ်။ အောက်တိုဘာလ ဒုတိယပတ်လောက်က နေပြီး သိသိသာသာကို အဝယ်လိုက်လာတာ ဖြစ်ပါတယ်'' ဟု ကျောင်းကုန်းမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ပြောပြ၍ သိရသည်။

ကျောင်းကုန်းမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက် ဖူးစားပြောင်းများကို ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ ပြန်လည်ဖြန့်ဖြူး ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ဒေသထွက်ဖူးစားပြောင်းများသည် ပိုးမွှားကင်းရှင်းပြီးဖူးစားပြောင်းအဖူးရေ ၁၀၀ လျှင် အကြီး၊ အသေးနှင့် အရည်အသွေးပေါ်မူတည်ပြီး ငွေကျပ် ၃၂၀၀၀ မှ ၃၅၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

➢စာမျက်နှာ ၂၄ မှအဆက်

"မင်းဆွေနှစ်တံတားကို ပုံစံယူပြီးလုပ်ရင်ကောင်းမလားလို့"

"အေး အဲဒါပြောမလို့ ညီမြင့်ရ။ တံတားတစ်စင်းရဲ့ ဥပမိရုပ်အင်္ဂါရပ်ထဲမှာတော့ မင်းဆွေနှစ်တံတားက အပြည့်စုံဆုံးပေါ့ကွာ။ ဒါကို ပုံစံယူလုပ်မယ်ဆိုတော့ ကောင်းပါလေ့"

မင်းဆွေနှစ်တံတားဆိုတာနဲ့ စိန်မောင်က အတင်းလုပြောတယ်။ သူ့လမ်းကြောင်းပေါ် ရောက်သွားတာကိုး။ ဒီမှာတင် အတွေ့အကြုံများနေပြီဖြစ်တဲ့ ညီမြင့်က နောက်ထပ်ပစ်မှတ်တစ်ခုကို တွေ့သွားတယ်။ ခွင့်ကြိုပစ်မှတ် ဆိုရမှာပေ့ါ။

"ကောင်းတာကတော့ အတိုင်းထက်အလွန်ပေ့ါ စိန်မောင်ရယ်။ သူ့ကိုမီတဲ့တံတားက ရှားသမို့လား။ ကောင်းလွန်းတော့ အကုန်အကျကလဲ များမယ်ထင်တယ်ကွ။ သိတဲ့အတိုင်းပဲ ငါတို့ရုပ်ရှင်မှာကလဲ တောင့်တောင့်တင်းတင်းဆိုလို့ မင်းတို့လောက် ရှိတာမို့လား။ ကိစ္စတိုင်း မင်းဆီ လာလာ အပူကပ်ရတော့ ပွင့်ပွင့်လင်းလင်းပြောရရင် သဒ္ဓါလွန်းဆွမ်းတော်တော်ရပ် အောက်မေ့လိုက်မှာလဲ စိုးသကွ"

စိန်မောင်က လက်ကာပြတယ်။ ရပါတယ်ကွာ ဆိုတဲ့သဘော။ နောက်ထပ် အလှူငွေထပ်ထည့်တယ်။ မင်းဆွေနှစ်တံတား ပုံစံယူလုပ်မယ်ဆိုကတည်းက သူ့စိတ်က ညွတ်နေပြီလေ။ သူ့ဘဝရဲ့ သင်္ကေတ၊ ထင်ရှားတဲ့ပြယုဂ်ဖြစ်တဲ့ မင်းဆွေနှစ်တံတားကို ကျန်တဲ့သူတွေကပါ လက်ခံအသိအမှတ်ပြုကြတယ်ဆိုတာ တစ်နည်းအားဖြင့်တော့ သူ့ကိုလဲ အသိအမှတ်ပြုတာပဲပေ့ါ။ ဘိုးညိုမောင်ဆီက ပြန်လာကတည်းက သူ့ရင်ထဲစူးဝင်နေတဲ့ စစ်ကိုင်းတံတားဆူးကလဲ အခုမှ နေသာထိုင်သာသလို ရှိသွားတော့တယ်။

နောက်ဆုံး စိန်မောင့်ကို မနေသာွေ့သွားစေတာကတော့ ကျောင်းဆရာလေးရဲ့ စကားတစ်ခွန်းပါပဲ။

"ရုပ်ရှေးရွာရေးမှာ ကိုစိန်မောင်တို့လို ရှေ့မီနောက်မီ အတွေ့အကြုံများတဲ့ ပုဂ္ဂိုလ်တွေရှိလို့ တော်သေးတာပေ့ါဗျာ။ အရေးရယ် အကြောင်းရယ်ဆိုတော့ ကျွန်တော်တို့လို စာတွေ့သမားတွေချည်းပဲ ဘယ်ပြီးပါ့မလဲ" တဲ့။

( ၅ )

ပခုက္ကူသား ဆရာလေးက မြန်မာနိုင်ငံမှာ အရှည်ဆုံးမြစ်ကူးတံတားကြီးအဖြစ် ဧရာဝတီတံတား(ပခုက္ကူ) ရှိနေတာ သူသိမှာပေ့ါ။ ခေတ်ပညာတတ် ဆရာလေးက တရုတ်နိုင်ငံ ပေကျင်းမြို့နဲ့ ရှန်ဟိုင်းမြို့ကို ဆက်သွယ်ပေးထားတဲ့ ဒေါင်ရန်း-ကွမ်ရှန်းတံတားကြီးဟာ မိုင်ပေါင်း ၁၀၀ ကျော်ရှည်လျားတာ သူသိမှာပေ့ါ။ ခဲတစ်ပစ်လောက်ကျယ်တဲ့ ပရမကားချောင်းကို ဖြတ်ထိုးထားတဲ့ မင်းဆွေနှစ်တံတားလို ပေတစ်ရာ အရှည် ကွန်ကရစ်တံတားကလေးတွေ မြန်မာနိုင်ငံအနှံ့အပြားမှာ မရေမတွက်နိုင်အောင် ရှိနေတာ သူသိမှာပေ့ါ။

ဒီလိုပါပဲ။ စိန်မောင်ရဲ့ မင်းဆွေနှစ်တံတားဂုဏ်ပုဒ်ကို အခြေအနေတစ်ခုမှာ ငြင်းဆန်လို့ မရနိုင်သေးဘူးဆိုတာကိုလဲ သူသိလို့ဖြစ်မှာပေ့ါ။

# အောင်စိတ်နဲ့ တို့ပြည်သူ

\- မှိုင်းမှောင်ရီ ပန်းချီကား
မိုးမင်းသား ဆွဲနေရှာ၊
ဘယ်သို့ပင် ထင်တိုင်းကြဲလည်း
ပွဲက သာယာ၊
တို့လူထု ကျောင်းတော်မှာ
စည်ကားစွာ ပျော်မွေ့၊
ကုသိုလ်ယူ အလှတစ်ခန်းက
ခမ်းနားပါပေ့။

\- တို့ရိုးရာ တို့ဓလေ့
မမေ့ခဲ့ တို့ပြည်သူ၊
မြတ်စိတ်ဆောင် ပေါင်းဆုံစုတဲ့
တို့ပြု အလှူ၊
ပေးဖြစ်ခဲ့ သဒ္ဓါဖြူဖြူ
ကုသိုလ်အယူ ကောင်းမွန်ဘက်၊
တို့နိုင်ငံ တို့ပြည်ဝန်းက
ထွန်းအောင်ဂုဏ် ဆက်။

\- ကြည့်တတ်လျှင် အဘက်ဘက်
တိုးတက်ပေ့ါ ပြည်တစ်ခွင်၊
တို့ဘာသာ တို့လေးစားလို့
တရားလည်း မင်၊
တို့အမျိုး တို့ချစ်ခင်
စာနယ်ဉ် ရင်ထဲထုံး၊
ထက်အောက်နွယ် တို့သွေးချင်းတို့
ချစ်ခြင်းနဲ့ ပြုံး။

\- ကိုယ်စီဝယ် အကောင်းဆုံး
ခြယ်မှုန်းမည့် စိတ်ကူးရှည်၊
ကိုယ့်မေတ္တာ ပန္နက်ရိုက်လို့
စိုက်ခဲ့ပေ့ါလေ၊
ပြည်ချစ်တဲ့ ပြည်သူတွေ
ညီတူပေ အတွေးမြတ်၊
ကမ္ဘာမှာ
မြန်မာ"မဟာ" ကမ္ပည်းထိုးနိုင်ဖို့
(အောင်စိတ်တွေ...)
တိုးဆင့်ဆင့်ထပ်။ ။

**ချမ်းမြေ့(ဇလွန်မြေ)**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# ချွေးမကတောင်းဆိုခွင့်မရသည့် အမွေ

စိန်လှိုင်ဗိုလ်

မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ဖခင်ဖြစ်သူ ထက်စော၍ ကွယ်လွန်သွားသော သားဖြစ်သူ၏ ဇနီးသည် ယောက္ခမထံမှ အမွေကို ဆက်ခံခွင့်မရှိခြင်းနှင့်ပတ်သက်၍ အမှုအခင်း ဖြစ်ပွားပြီးနောက် တရားရုံးချုပ်သို့ရောက်ရှိပြီး လမ်းညွှန်စီရင်ထုံး ထွက်ခဲ့ပါသည်။ ပြည်သူအများ သိသင့်သိထိုက်သည်ဖြစ်၍ ရေးသားတင်ပြပါဦးမည်။

ရန်ကုန်တိုင်းတရားရုံး၊ ၂၀၀၅ ခုနှစ် တရားမကြီးမှုအမှတ်(၂၀၂၁) တွင် တရားလို ဒေါ်မေဇင်ထွန်းက တရားပြိုင် ဦးလှထွန်းပါ ၄ အပေါ် မြေနှင့်အိမ်ကို လက်ရောက်ရလိုမှုစွဲဆိုရာ တိုင်းတရားရုံးက စွဲဆိုသည့်အတိုင်း ဒီကရီချမှတ်သည်။ တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်၍ ဦးလှထွန်းပါ ၄ ဦးက တရားရုံးချုပ်သို့ တရားမအယူခံမှု တင်သွင်းခဲ့ပါသည်။

အဆိုလွှာတွင် တရားလို ဒေါ်မေဇင်ထွန်းက ရန်ကုန်တိုင်း၊ သုံးခွမြို့နယ်၊ (၄)ရပ်ကွက်၊ အကွက်အမှတ်(၁၄)၊ ဥက္ကံ့ဝရပ်ကွက်၊ ဦးပိုင်အမှတ်(၃၉-က)၊ ဧရိယာ ၀ ဒသမ ၁၇၆ ဧကရှိဘိုးဘပိုင်မြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိ အောင်ဇေယျလမ်း၊ အမှတ်(၈၈) အိမ်ကို ဦးစိန်ဖေသည် မူလကပင် အမည်ပေါက်ပိုင်ဆိုင်ခဲ့ပြီး ဦးစိန်ဖေသည် ၂၀၀၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၂ ရက်တွင် ကွယ်လွန်ခဲ့ပါသည်။

ကွယ်လွန်သောအခါ ကိတ္တိမသမီးဖြစ်သူ (မြေးတော်စပ်သူ) ဒေါ်မေဇင်ထွန်းက မြေနှင့်အိမ်ကို အမွေဆက်ခံရရှိပြီး အမည်ပေါက်ပိုင်ဆိုင်လာခဲ့ပါသည်။ ဦးထင်အောင်သည် ဦးစိန်ဖေ၏ သားဖြစ်ပြီး ဦးထင်အောင်နှင့် အမှတ်(၂)တရားပြိုင် ဒေါ်နုယဉ်တို့က ဒေါ်မေဇင်ထွန်းကို မွေးဖွားခဲ့ကြောင်း၊ ဦးထင်အောင်သည် ၁၉၈၆ ခုနှစ်တွင် (ဖခင် ဦးစိန်ဖေထက်စော၍) ကွယ်လွန်ခဲ့ပြီးနောက် ဒေါ်နုယဉ်သည် အမှတ်(၁)တရားပြိုင် ဦးလှထွန်းနှင့် ထပ်မံအိမ်ထောင်ပြုခဲ့ပါသည်။

၂၀၀၁ ခုနှစ်၊ မေလတွင် ဦးလှထွန်းနှင့် ဒေါ်နုယဉ်တို့သည် အချင်းဖြစ်နေအိမ်၏ မြေညီထပ်တွင် အခွင့်အရေးမရှိဘဲ ဝင်ရောက်နေထိုင်ကြကြောင်း၊ အမှတ်(၃)တရားပြိုင် ဦးကျော်ဆွေ နှင့် အမှတ်(၄)တရားပြိုင် ဒေါ်အေးအေးဆင့်တို့သည်လည်း ဦးလှထွန်း၊ ဒေါ်နုယဉ်တို့ကို အကြောင်းပြုပြီး အချင်းဖြစ်မြေကွက်၏အရှေ့ဘက်မျက်နှာစာတွင် ကရဝိက်ကဖီးအမည်ရှိ လက်ဖက်ရည်ဆိုင်ကို လာရောက်ဖွင့်လှစ်ခဲ့ကြကြောင်း၊ ဒေါ်မေဇင်ထွန်းက ဦးလှထွန်းတို့ထံသို့ ၂၀၀၅ ခုနှစ် ဇွန် ၂၄ ရက်စွဲပါစာဖြင့် အချင်းဖြစ်မြေနှင့်အိမ်မှ ထွက်ခွာသွားရန် အကြောင်းကြားခဲ့သော်လည်း လိုက်နာမှုမရှိကြောင်း၊ သို့ဖြစ်၍ ဦးလှထွန်းတို့ကို မြေနှင့်အိမ်မှ ဖယ်ရှားပြီး လက်ရောက်ပေးအပ်ရန် အဆိုပြုခဲ့ပါသည်။

ချေလွှာတွင် တရားပြိုင် ဦးလှထွန်းပါ ၄ တို့က တရားလို ဒေါ်မေဇင်ထွန်းသည် အချင်းဖြစ်မြေနှင့်အိမ်ကို အမွေဆက်ခံပြီး တရားဝင်အမည်ပေါက်ပိုင်ဆိုင်သည်ဆိုခြင်းမှာ မမှန်ကြောင်း၊ ဒေါ်နုယဉ်၏ ပထမခင်ပွန်း ကွယ်လွန်သူ ဦးထင်အောင်သည် ဦးစိန်ဖေ၏ တစ်ဦးတည်းသောသားဖြစ်၍ မြေနှင့်အိမ်တွင် အကျိုးခံစားခွင့်ရှိပြီး ဒေါ်နုယဉ်ကလည်း ဆိုင်ရေးဆိုင်ခွင့်ရှိကြောင်း၊ ဒေါ်နုယဉ်သည် ဦးစိန်ဖေ မကွယ်လွန်မီ ၁၉၉၈ ခုနှစ်ကပင် ဦးစိန်ဖေ၏ ခွင့်ပြုချက်အရ ဦးလှထွန်းနှင့်အတူ နေထိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဦးစိန်ဖေသည် မကွယ်လွန်မီကပင် ဦးကျော်ဆွေတို့ကို လက်ဖက်ရည်ဆိုင်ဖွင့်လှစ်ရန် မြေငှားရမ်းခဲ့ပြီး ဦးစိန်ဖေ ကွယ်လွန်သောအခါ ဒေါ်နုယဉ်က ဆက်လက်ငှားရမ်းခဲ့ခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ အဆိုလွှာကို ပလပ်ပေးရန် ထုချေခဲ့ပါသည်။

အယူခံတရားလိုများ၏ရှေ့နေက ဒေါ်မေဇင်ထွန်းသည် အယူခံတရားပြိုင် ဒေါ်နုယဉ်၏ သမီးအရင်းဖြစ်ပြီး အမွေရှင် ဦးစိန်ဖေသည် ဒေါ်နုယဉ်၏ ယောက္ခမဖြစ်ကြောင်း၊ ဦးစိန်ဖေ၏ တစ်ဦးတည်းသော သားဦးထင်အောင်သည် ဒေါ်နုယဉ်၏ ခင်ပွန်းဖြစ်ကြောင်း၊ ဒေါ်နုယဉ်သည် ဦးထင်အောင်နှင့် အိမ်ထောင်ပြုသည့်နေ့ရက်မှစ၍ ယောက္ခမဖြစ်သူ ဦးစိန်ဖေ၏အိမ်တွင် မိသားစုအဖြစ် အတူနေထိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဦးထင်အောင်သည် ၁၉၈၅ ခုနှစ်၊ ဇူလိုင်လတွင် ကွယ်လွန်ခဲ့သော်လည်း ဒေါ်နုယဉ်သည် ဦးစိန်ဖေနှင့်အတူ မိသားစုအဖြစ် နေထိုင်လာခဲ့ကြောင်း၊ သို့ဖြစ်၍ ဦးလှထွန်းနှင့် ဒေါ်နုယဉ်တို့သည် ဦးစိန်ဖေ၏အိမ်တွင် မိသားစုအခွင့်အရေးအရလည်းကောင်း၊ ခင်ပွန်းဖြစ်သူ ဦးထင်အောင်၏ အခွင့်အရေးကို ဆက်ခံသူအဖြစ်လည်းကောင်း ဆက်လက်နေထိုင်လာခဲ့ခြင်းဖြစ်ကြောင်း၊ ပူးတွဲပိုင်ဆိုင်သူတစ်ဦးသည် အခြားပူးတွဲပိုင်ဆိုင်သူတစ်ဦးအပေါ် နှင်ထုတ်ပိုင်ခွင့်မရှိကြောင်း၊ ဦးစိန်ဖေ၏ ကျန်ရစ်သောပစ္စည်းကို ဒေါ်မေဇင်ထွန်းသည် ဒေါ်နုယဉ်နှင့် ခွဲဝေယူမည်ဟု သဘောတူညီပြီးမှ မရိုးမဖြောင့်ဆောင်ရွက်ပြီး သက်သေခံ-ခ ပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ကို ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဦးကျော်ဆွေသည် ဦးစိန်ဖေ မကွယ်လွန်မီကပင် လက်ဖက်ရည်ဆိုင်နေရာကို ငှားရမ်းလုပ်ကိုင်ခဲ့ပြီး ဦးစိန်ဖေကွယ်လွန်ပြီးနောက် ဆက်လက်ငှားရမ်းလုပ်ကိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ မူလတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်ပေးရန် လျှောက်လဲ တင်ပြခဲ့ပါသည်။



အယူခံတရားပြိုင်၏ရှေ့နေက အမှုတွဲ၌ ပေါ်ပေါက်ချက်အရ အယူခံတရားပြိုင် ဒေါ်မေဇင်ထွန်းသည် အချင်းဖြစ်အိမ်၌ ငယ်စဉ်ကပင် အဖိုးဖြစ်သူ ဦးစိန်ဖေနှင့်အတူ နေထိုင်လာခဲ့ကြောင်း၊ ဦးစိန်ဖေ၏တစ်ဦးတည်းသောသားမှာ ဦးထင်အောင်ဖြစ်ပြီး ဦးထင်အောင်နှင့် ဒေါ်နုယဉ်တို့က ဒေါ်မေဇင်ထွန်းကို မွေးဖွားခဲ့ကြောင်း၊ ဦးထင်အောင် ကွယ်လွန်သောအခါ ဒေါ်နုယဉ်သည် ဦးလှထွန်းနှင့် ထပ်မံအိမ်ထောင်ပြုခဲ့ကြောင်း၊ ဦးစိန်ဖေသည် ဒေါ်မေဇင်ထွန်းကို မှတ်ပုံတင် ကိတ္တိမမွေးစားခြင်းစာချုပ်ဖြင့် တရားဝင်မွေးစားခဲ့ကြောင်း၊ ဦးစိန်ဖေသည် အချင်းဖြစ်မြေနှင့်အိမ်ကို တရားဝင် အမည်ပေါက် ပိုင်ဆိုင်ပြီး ၂၀၀၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၂ ရက်တွင် ကွယ်လွန်ခဲ့သည်မှာ အငြင်းမပွားကြောင်း၊ အချင်းဖြစ် မြေသည် သက်သေခံ(ဂ) မြေစာရင်းပုံစံ-၁၀၅ နှင့် သက်သေခံ (ဂ-၁) မြေရာဇဝင်တို့အရ ဒေါ်မေဇင်ထွန်း အမည်ပေါက်နေကြောင်း တင်ပြခဲ့ပါသည်။

ဦးလှထွန်း၊ ဒေါ်နုယဉ်တို့က အချင်းဖြစ်မြေနှင့်အိမ်တွင် အမွေဆက်ခံရရှိသဖြင့် နေထိုင်သည်ဟု ဆိုသော်လည်း သက်သေခံအထောက်အထား မတင်ပြနိုင်ကြောင်း၊ ဦးကျော်ဆွေတို့သည် မြေကွက်ကို ဥပဒေနှင့်အညီ ပိုင်ဆိုင်သူထံမှ ငှားရမ်းနေထိုင်ခြင်း မဟုတ်ကြောင်း၊ ဒေါ်နုယဉ်၏ ခင်ပွန်းဦးထင်အောင်သည် ၎င်း၏ဖခင်ဦးစိန်ဖေထက် ဦးစွာ သေဆုံးခဲ့သဖြင့် ဒေါ်နုယဉ်သည် ယောက္ခမဦးစိန်ဖေ ကွယ်လွန်ချိန်တွင် အမွေဆက်ခံခွင့်ရှိသူ မဟုတ်ကြောင်း၊ သို့ဖြစ်၍ တရားမအယူခံမှုကို ပလပ်ပေးရန် လျှောက်လဲတင်ပြခဲ့ပါသည်။

**တရားရုံးချုပ်၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

ယခုအမှုတွင် အငြင်းမပွားသောအချက်မှာ ရန်ကုန်တိုင်း၊ သုံးခွမြို့၊ (၄)ရပ်ကွက်၊ အကွက်အမှတ်(၁၄) ဥက္ကံ့ဝရပ်ကွက် ဦးပိုင်အမှတ်(၃၉-က) ဧရိယာ ၀ ဒသမ ၁၇၆ ဧကရှိဘိုးဘပိုင်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အောင်ဇေယျလမ်း၊ အမှတ်(၈၈) အိမ်ကို အမွေရှင် ဦးစိန်ဖေ အမည်ပေါက်ပိုင်ဆိုင်ခဲ့သည်။ ဦးစိန်ဖေတွင် တစ်ဦးတည်းသောသား ဦးထင်အောင်ကို ထွန်းကားခဲ့သည်။ ဦးထင်အောင်သည် ဒေါ်နုယဉ်နှင့် အိမ်ထောင်ပြုပြီး ဒေါ်မေဇင်ထွန်းကို မွေးဖွားခဲ့သည်။ ဦးထင်အောင်သည် ၁၉၈၆ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။ ဦးထင်အောင် ကွယ်လွန်ပြီးနောက် ဒေါ်နုယဉ်သည် ဦးလှထွန်းနှင့် ထပ်မံအိမ်ထောင်ပြုခဲ့သည်။ ဦးစိန်ဖေသည် ဒေါ်မေဇင်ထွန်းကို သက်သေခံ-က မှတ်ပုံတင်ကိတ္တိမမွေးစားခြင်းစာချုပ်အရ ကိတ္တိမသမီးအဖြစ် မွေးစားခဲ့သည်။ ဦးစိန်ဖေသည် ၂၀၀၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၂ ရက်တွင် ကွယ်လွန်သည်။ ဦးစိန်ဖေကွယ်လွန်ပြီးနောက် ဒေါ်မေဇင်ထွန်းက သက်သေခံ (ခ) အမွေဆက်ခံပိုင်ဆိုင်သောစာချုပ် ပြုလုပ်ခဲ့သည်။ သက်သေခံ(ဂ) မြေပုံနှင့် သက်သေခံ(ဂ-၁) မြေရာဇဝင်တို့အရ အချင်းဖြစ်မြေကွက်၌ ဒေါ်မေဇင်ထွန်း အမည်ပေါက်နေသည်ကို တရားရုံးချုပ်က စိစစ်ဖော်ထုတ်ခဲ့ပါသည်။

**သားဖြစ်သူ ဦးထင်အောင်သည် ဖခင်ဦးစိန်ဖေထက်စော၍ ကွယ်လွန်ခဲ့သဖြင့် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ဦးထင်အောင်သည် ဦးစိန်ဖေ၏အမွေကို ဆက်ခံခွင့်မရှိပေ။** ဦးထင်အောင်သည် အမွေဆက်ခံခွင့်မရှိသဖြင့် ဦးထင်အောင် ကွယ်လွန်သောအခါ ဇနီးဖြစ်သူသည်လည်း ဦးစိန်ဖေ၏အမွေကို ဆက်ခံခွင့်မရှိပေ။ သမီးသည် မိဘအရင် ကွယ်လွန်သွားသဖြင့် မိဘနောက်မှ ကွယ်လွန်သော သားမက်ဖြစ်သူသည် မိဘများ၏အမွေကို ဆက်ခံခွင့်မရှိကြောင်း **မောင်ကြီးအိုနှင့် မသက်ပုံအမှု ၄ ရန်ကုန် စာ-၅၁၃ အမှုတွင်** လမ်းညွှန်ထားသည်။ သို့ဖြစ်၍ ဦးထင်အောင်သည် ဖခင်ထက်အရင်ကွယ်လွန်သွားသဖြင့် ဦးထင်အောင်၏ဇနီးသည် ယောက္ခမထံမှ အမွေကို မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ဆက်ခံခွင့်မရှိကြောင်း တရားရုံးချုပ်က စိစစ်သုံးသပ်ခဲ့ပါသည်။

ဦးစိန်ဖေက ဒေါ်မေဇင်ထွန်းကို သက်သေခံ(က) မွေးစားခြင်းစာချုပ်အရ တရားဝင် မွေးစားခဲ့သဖြင့် ဒေါ်မေဇင်ထွန်းသည် ဦးစိန်ဖေ၏ တရားဝင်ကိတ္တိမမွေးစားသမီးဖြစ်သည်။ သို့ဖြစ်၍ ဦးစိန်ဖေ ကွယ်လွန်သောအခါ ဦးစိန်ဖေ၏ အမွေကို ဒေါ်မေဇင်ထွန်းက မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံသည်။ ထို့ကြောင့် ဒေါ်မေဇင်ထွန်းသည် အချင်းဖြစ်မြေနှင့်အိမ်ကို အမွေဆက်ခံပြီး ပိုင်ဆိုင်ခဲ့သည်။

ဦးလှထွန်းနှင့်ဒေါ်နုယဉ်တို့သည် အချင်းဖြစ်မြေနှင့်အိမ်တွင် အခွင့်အရေးတစ်စုံတစ်ရာမရှိဘဲ နေထိုင်ကြခြင်းဖြစ်သည်။ ဦးကျော်ဆွေတို့သည် ဒေါ်နုယဉ်ထံမှ အချင်းဖြစ် မြေကွက်၏ အရှေ့ဘက်အစိတ်အပိုင်းကို ငှားရမ်းပြီး လက်ဖက်ရည်ဆိုင်ဖွင့်လှစ်ထားသည်။

ဒေါ်မေဇင်ထွန်းသည် အချင်းဖြစ်မြေနှင့်အိမ်ကို တရားဝင်ပိုင်ဆိုင်ပြီး ဦးလှထွန်း၊ ဒေါ်နုယဉ်တို့သည် မြေနှင့်အိမ်တွင် အခွင့်အရေးတစ်စုံတစ်ရာမရှိဘဲ နေထိုင်ကြသည်။ ထို့ကြောင့် ဒေါ်မေဇင်ထွန်းက မြေနှင့်အိမ်ကို လက်ရောက်ရထိုက်ကြောင်း တရားရုံးချုပ်က စိစစ်သုံးသပ်ခဲ့ပါသည်။

သို့ဖြစ်၍ ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကိုအတည်ပြုပြီး တရားမအယူခံမှုကို စရိတ်နှင့်တကွ ပလပ်လိုက်ပါသည်။ ဖခင်ထက်စော၍ ဦးစွာကွယ်လွန်ခဲ့သော သားသည် အမွေဆက်ခံခွင့်မရှိရာ သား၏ဇနီးသည်လည်း ယောက္ခမထံမှ အမွေတောင်းဆိုခွင့်မရှိကြောင်း ဦးလှထွန်းပါ ၄ နှင့် ဒေါ်မေဇင်ထွန်း ၂၀၀၆ ခုနှစ် တရားမပထမ အယူခံမှုအမှတ်-၂၂၃ ကို ရည်ညွှန်းကိုးကားရေးသားတင်ပြလိုက်ရပါသည်။

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်မမှန်စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# ရွှေဘိုခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၁၇၆၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရွှေဘို နိုဝင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၁၇၆၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ထောပတ်ပဲ ဧက ၄၄၆၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ခင်ဦးမြို့နယ်တွင် ၃၈၇ ဧက၊ ဝက်လက်မြို့နယ်တွင် ဧက ၉၅၀ နှင့် ကျောက်မြောင်းမြို့နယ်ခွဲတွင် ၄၂၇ ဧက စုစုပေါင်း ၁၇၆၄ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ရွှေဘိုခရိုင်မှာ ထောပတ်ပဲ ဧက ၄၄၆၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၁၇၆၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေတယ်။ ထောပတ်ပဲစိုက်ပျိုးမှုကတော့ ဖြစ်ထွန်းအောင်မြင်ကြပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ထောပတ်ပဲကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုပါရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ထောပတ်ပဲကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးသင့်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# မင်းလှမြို့နယ် လွင်ပြင်ကျေးရွာ၌ ကျေးရွာခန်းမ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု စစ်ဆေး

**မင်းလှ နိုဝင်ဘာ ၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက လွင်ပြင်ကျေးရွာ၌ ခေတ်မီစံပြကျေးရွာထူထောင်ရေး စီမံကိန်းရန်ပုံငွေဖြင့် ကျေးရွာခန်းမတည်ဆောက်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာယာဝတီခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်၊ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းနှင့်ဝန်ထမ်းများက လွင်ပြင်ကျေးရွာ၌ ကျေးရွာခန်းမ တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

လွင်ပြင်ကျေးရွာတွင် အလျား ၂၈ ပေ၊ အနံ ၁၄ ပေ၊ အမြင့် ၁၂ ပေရှိ ကျေးရွာခန်းမတည်ဆောက်ခြင်းလုပ်ငန်းကို ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းရန်ပုံငွေကျပ် ၁၉ ဒသမ ၉၉ သန်းဖြင့် မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အောက်တိုဘာလ ပထမပတ်မှ စတင်၍ ဆောင်ရွက်လျက်ရှိရာ ယခုအခါလုပ်ငန်းများ ၃၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**အေးမြတ်**

# ရွှေသောင်ယံကမ်းခြေသို့ အောက်တိုဘာလအတွင်း ခရီးသွားဧည့်သည် ၁၇၂၄၃ ဦးထိ လာရောက်လည်ပတ်ခဲ့

**ပုသိမ် နိုဝင်ဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့ရှိ ရွှေသောင်ယံကမ်းခြေသို့ အောက်တိုဘာလအတွင်း ခရီးသွားဧည့်သည် ၁၇၂၄၃ ဦးထိ လာရောက်လည်ပတ်ခဲ့ကြောင်း ရွှေသောင်ယံကမ်းခြေ ခရီးသွားလုပ်ငန်း အသင်း ဧည့်လမ်းညွှန်တာဝန်ခံ ဒေါ်ချယ်ရီမြင့်က ပြောပြသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ခရီးသွားဒေသများတွင် တစ်ခုအပါအဝင်ဖြစ်သည့် ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့ရှိ ရွှေသောင်ယံကမ်းခြေသို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက ခရီးသွားဧည့်သည် ၁၃၄၅၇ ဦးထိ လာရောက်လည်ပတ်ခဲ့ပြီး ယခုနှစ် အောက်တိုဘာလအတွင်း ခရီးသွားဧည့်သည် ၁၇၂၄၃ ဦးထိ လာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လအတွင်း ရွှေသောင်ယံကမ်းခြေကို လာတဲ့ ခရီးသွား အပန်းဖြေသူတွေများခဲ့ပါတယ်။ သီတင်းကျွတ်ပိတ်ရက်ထဲမှာ လာတဲ့သူတွေ ပိုများခဲ့တာဖြစ်ပါတယ်။ ရွှေသောင်ယံကမ်းခြေကိုလာတဲ့ ခရီးသွားဧည့်သည်တွေထဲမှာ ပြည်တွင်းဧည့်သည်တွေအပြင် ပြည်ပခရီးသွားတွေပါလာခဲ့ပါတယ်"ဟု ရွှေသောင်ယံကမ်းခြေ ခရီးသွားလုပ်ငန်းအသင်း ဧည့်လမ်းညွှန်တာဝန်ခံ ဒေါ်ချယ်ရီမြင့်က ပြောပြသည်။



ထို့ပြင်ကမ်းခြေသို့ လာရောက်အပန်းဖြေသည့် ဧည့်သည်များ အစစအရာရာ အဆင်ပြေစေရန်အတွက် အုပ်ချုပ်ရေးအဖွဲ့များ၊ ခရီးသွားလုပ်ငန်းရှင်များ၊ ခရီးသွားဝန်ဆောင်မှုပေးသည့် အသင်းများ၊ ကမ်းခြေ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များ၊ ဟိုတယ်နှင့် တည်းခိုရိပ်သာ လုပ်ငန်းရှင်များနှင့် ဒေသခံများ ပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# လှိုင်းဘွဲ့မြို့နယ် နားဒိုက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လှိုင်းဘွဲ့ နိုဝင်ဘာ ၅**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နားဒိုက်ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ တာဝန်ရှိသူများ ကျင်းပ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် မြစိမ်းရောင် ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့်တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက နားဒိုက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များနှင့်အတူ ၁၀ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ခုနစ်ဦး၊ ကုန်ထုတ်လုပ်ငန်း လုပ်ကိုင်သူတစ်ဦး၊ အသေးစား လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ငါးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၃၀ ကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၅၀၀ ကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးထားကြောင်း လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းထံမှ သိရသည်။

**ကိုသက်**

# မိုးနဲမြို့နယ် ကုန်းလုံကျေးရွာ၌ သဲဖြူန်းလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မိုးနဲ နိုဝင်ဘာ ၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် မိုးနဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေဖြင့် ကုန်းလုံကျေးရွာ၌ ကျေးရွာတွင်းလမ်း သဲဖြူန်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နမ့်စန်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးစံမြ၊ မိုးနဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်ခိုင်နှင့် အင်ဂျင်နီယာ ဝန်ထမ်းများက ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း စီမံကိန်းကော်မတီဝင်များနှင့်အတူ ကုန်းလုံကျေးရွာ၌ ကျေးရွာတွင်းလမ်း သဲဖြူန်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ သဲဖြူန်းလမ်းသည် အရှည် ပေ ၃၄၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၄၀ စုစုပေါင်း ရန်ပုံငွေကျပ်သိန်း ၁၉၀ ကို အသုံးပြုကာ ခရိုင်၊ မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ်လပထမပတ်မှ စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ကျေးရွာရှိ ကျေးလက်နေပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူစွာ သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သော်ဇင်ထူး**

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# ဇာတ်သဘင်ကပြသူများ ရုပ်သဏ္ဌာန်ပြုပြင်ခြင်း

ကိုဇော်ဌေး(ယဉ်ကျေးမှု)

**❖ ဇာတ်သဘင်၏ မင်းသား၊ မင်းသမီးဖြစ်လာပြီဆိုပါက အမူအရာသရုပ်ဆောင်ရခြင်းနှင့်အတူ အခြားစိန်ခေါ်မှုတစ်ရပ်မှာ ရုပ်သဏ္ဌာန်ပြုပြင်နိုင် ခြင်းပင်ဖြစ်သည်။ သာမန်အားဖြင့် လူတို့၏မျက်နှာသွင်ပြင်သည် ကွဲပြားခြားနားနေကြသည်။ ကွဲပြားခြားနားသောမျက်နှာပြင်ကိုသေချာလေ့လာကြည့်ပါက ဘဲဥပုံမျက်နှာ(သွယ်ပြီးဝိုင်းသောမျက်နှာ)၊ ပုဝိုင်းသောမျက်နှာ၊ ရှည်မျောမျောမျက်နှာ၊ လေးထောင့်မျက်နှာ၊ မျက်နှာအပေါ်ပိုင်းကျဉ်းပြီး အောက်ပိုင်းကျယ်သောမျက်နှာ၊ မျက်နှာအပေါ်ပိုင်းကျယ်ပြီး အောက်ပိုင်းကျဉ်းသောမျက်နှာဟူ၍ တွေ့နိုင်သည်။ ❖**

သဘင်သမိုင်းဦးတွင် ရုပ်သဏ္ဌာန်ပြုပြင်ခြင်း အတတ်ပညာသည် ကရင်း၊ ကရင်းဖြင့် အလှအပကို မက်မောသော သဘင်ပညာရှင်တချို့၏ သတိပြုစောင့်ကြည့်လာမှုနောက်ဝယ် နိုးထလာခဲ့သည်။ ဖယောင်းတိုင်မီးဖြင့် စင်အထက်တင်ဆက်ကြရာတွင် ဖယောင်းတိုင်အလင်းရောင်က ကပြသူတို့၏ ပင်ကိုသဘာဝအရောင်ကို ပျက်ယွင်းစေပြီး ဖြူဖပ်ဖြူရော်၊ ဝါကြန့်ကြန့်ဖြစ်သည်ကို ဇာတ်သဘင်တွင်ကပြသူများ သိရှိလာကြသည်။ ထိုဖြစ်စဉ်ကို ရိုးသားစွာစဉ်းစားရင်း မိတ်ကပ်လိမ်းခြယ်ခြင်းဖြင့် ကျော်လွှားကြသည်။ မိမိ၏ရုပ်သွင်လှပလာပြီး အဝေးမှပွဲကြည့်ပရိသတ်ကပင် မိမိကို ထင်ထင်ရှားရှား၊ နှစ်လိုရှုမြင်လာနိုင်ကြသည်ကို သတိပြုမိလာသည်။ ရုပ်သွင်ပြင်ဖြင့် ပရိသတ်ကို ဆွဲညို့နိုင်ရေးသည် မိတ်ကပ်လိမ်းခြယ်ခြင်းနှင့်ထိုမိတ်ကပ်ဖြင့်လိုက်လျောညီထွေသည့် မီးအလင်းရောင်ပင်ဖြစ်ကြောင်း လက်ခံလာကြသည်။ ထို့ကြောင့် ဇာတ်စင်မီးကို ဝပ်အားပြင်းသောမီးများ တပ်ဆင်လာကြပြီး လင်းလက်တောက်ပနေသော ကခွင်မီးအောက်ဝယ် မိတ်ကပ်လိမ်းခြယ်ခြင်းဟူသော ရုပ်သဏ္ဌာန်ပြုပြင်ဖန်တီးခြင်း အတတ်ပညာသည် လိုက်လျောညီထွေ စီးဆင်းလာတော့သည်။ ထို့ကြောင့် မိတ်ကပ်လိမ်းခြယ်ခြင်းသည် နေ့စဉ်သနပ်ခါးလိမ်းခြယ်ခြင်းနှယ် တစ်ဆင့်ပြီးတစ်ဆင့် အဆင့်မြင့်လာတော့သည်။

လူ၏အပေါ်ယံအရေပြားလွှာကို လိုအပ်သလိုပြုပြင်ရေးဆွဲခြင်းသည် မိတ်ကပ်လိမ်းခြယ်ခြင်းပင်ဖြစ်သည်။ မိတ်ကပ်လိမ်းခြယ်ခြင်းကိုအကြောင်းပြု၍ ရုပ်သဏ္ဌာန်ပြုပြင်ခြင်းဟူသည့် အတတ်ပညာပေါ်ပေါက်လာခြင်းဖြစ်သည်။ ရုပ်သဏ္ဌာန်ပြုပြင်မှုပြုလုပ်ကြရာတွင် မိမိ၏ပင်ကိုရှိရင်းစွဲမျက်နှာပြင်အချိုးအစားနှင့် စံပြုသတ်မှတ်ချက်အရလူတစ်ဦးတွင်ရှိသင့်သော ပြေပြစ်ညီညွတ်သည့်မျက်နှာပြင်အချိုးအစားတို့ကို သိရှိထားမှသာလျှင် ပိုမိုထိရောက်ကောင်းမွန်သော ရုပ်သဏ္ဌာန်ပြုပြင်မှုကို ပြုလုပ်နိုင်မည်ဖြစ်သည်။

ဇာတ်သဘင်၏မင်းသား၊ မင်းသမီးဖြစ်လာပြီဆိုပါက အမူအရာသရုပ်ဆောင်ရခြင်းနှင့်အတူ အခြားစိန်ခေါ်မှုတစ်ရပ်မှာ ရုပ်သဏ္ဌာန်ပြုပြင်နိုင်ခြင်းပင်ဖြစ်သည်။ သာမန်အားဖြင့် လူတို့၏မျက်နှာသွင်ပြင်သည် ကွဲပြားခြားနားနေကြသည်။ ကွဲပြားခြားနားသောမျက်နှာပြင်ကို သေချာလေ့လာကြည့်ပါက ဘဲဥပုံမျက်နှာ(သွယ်ပြီးဝိုင်းသောမျက်နှာ)၊ ပုဝိုင်းသောမျက်နှာ၊ ရှည်မျောမျောမျက်နှာ၊ လေးထောင့်မျက်နှာ၊ မျက်နှာအပေါ်ပိုင်းကျဉ်းပြီး အောက်ပိုင်းကျယ်သောမျက်နှာ၊ မျက်နှာအပေါ်ပိုင်းကျယ်ပြီး အောက်ပိုင်းကျဉ်းသောမျက်နှာဟူ၍ တွေ့နိုင်သည်။ ဇာတ်မင်းသား၊ မင်းသမီးတစ်ယောက်သည် မျက်နှာအလှနှင့်ဆိုင်သော မိမိမျက်နှာပြင်သည် မည်သည့်ပုံစံအချိုးအစားတွင် ပါဝင်နေကြောင်း မှတ်သားမိနေခြင်းသည် အခြေခံအချက်ပင်ဖြစ်သည်။ သို့မဟုတ် မိမိကိုလိမ်းခြယ်ပေးမည့် မိတ်ကပ်ဆရာက ဖော်ပြပါအခြေခံအချက်ကို နားလည်ထားရသည်။

စံပြုသတ်မှတ်ထားသော မျက်နှာပြင်အချိုးအစားပုံစံကို ကန့်လန့်အစိတ်အပိုင်းအားဖြင့် လေးစိတ်ပိုင်းခြားထားပြီး ဒေါင်လိုက်အားဖြင့် ငါးစိတ်ပိုင်းခြားထားသည်။ ကန့်လန့်ပိုင်းကိုငယ်ထိပ်မှဆံစပ်ထိ၊ ဆံစပ်မှမျက်ခုံးရိုးထိ၊ မျက်ခုံးရိုးမှ နှာဖျားအောက်ထိ၊ နှာခေါင်းအောက်မှ မေးစေ့ထိ ပိုင်းထားပြီး ထောင်လိုက်ခြင်းကို ပထမအလယ်ပိုင်း မျက်ခုံးစွန်းနှစ်ခုကြား(မျက်လုံးနှစ်လုံးကြား) တွင် တစ်ပိုင်း။ ဝဲ၊ယာမျက်လုံးအိမ်နှစ်လုံးကို နှစ်ပိုင်းခွဲခြားထားပြီး နားထင်နှင့်နားရွက်ဘက်ဝဲ၊ ယာနှစ်ဖက်ကိုနှစ်ပိုင်းခွဲခြားထားလေသည်။ အလယ်ပိုင်းတွင် နှာခေါင်း(နှာတံ)ခွင်ကျရှိပြီး နှာသီးဖျား ဘယ်၊ ညာ အစွန်းနှစ်ဖက်က အနည်းငယ်ပိုထွက်နိုင်သည်။ ထိုအပိုင်းတွင်ပင်ပါးစပ်(နှုတ်ခမ်း) ခွင်ကျရှိသည်။ အမျိုးသားသည် နှုတ်ခမ်းစွန်း ဘယ်၊ညာ အနည်းငယ်ပိုထွက်ပြီး အမျိုးသမီးနှုတ်ခမ်းက ခွင်ကျရှိသည်။ မှန်ထဲတွင် မိမိမျက်နှာကိုသေချာကြည့်ပြီး မျက်ခုံးသည် မျက်လုံးနှင့် နီးကပ်ခြင်း၊ ဝေးကွာခြင်း ရှိ၊ မရှိ။ မျက်လုံးသည် တစ်လုံးနှင့်တစ်လုံးကြား ပုံမှန်မဟုတ်ဘဲ နီးလွန်း၊ ဝေးလွန်းခြင်းရှိ၊ မရှိ။ မိမိနှာခေါင်းသည် ကြီးခြင်း၊ သေးခြင်း၊ တိုခြင်း၊ ရှည်ခြင်း၊ ကောက်ခြင်း၊ စောင်းခြင်းများ ဖြစ်၊ မဖြစ်။ ပါးစပ်သည် ထက်အောက် နှုတ်ခမ်းထူခြင်း၊ ပါးခြင်း၊ ကျဉ်းခြင်း၊ ကျယ်ခြင်းအနေအထားများဖြစ်၊ မဖြစ်။ ပါးရိုးသည် မို့မောက်ခြင်း၊ ကားခြင်းရှိ၊ မရှိ။ မေးရိုးသည် သွယ်ခြင်း၊ ကားခြင်းရှိ၊ မရှိတို့ကို မှတ်သားထားရသည်။ သို့မဟုတ် မိမိ၏မိတ်ကပ်ဆရာသည် မိမိ၏ဖော်ပြပါ မျက်နှာအနေအထားကို လေ့လာထားရသည်။ နဖူးပြင်၊ နားထင်၊ မျက်ကွင်း၊ ပါးပြင် စသည့်နေရာများ မို့မောက်ခြင်း၊ ချိုင့်ခွက်ခြင်းများကိုလည်း ပြည့်စုံစွာ သိမှတ်ကြရသည်။

ဖော်ပြပါ အခြေခံမျှကိုနားလည်ထားပါက ပြေပြစ်လှပသော မိတ်ကပ်လိမ်းခြယ်ခြင်းကို မိမိဘာသာ ပြုလုပ်နိုင်မည်ဖြစ်သည်။ မျက်ခုံးသည် မျက်လုံးနှင့် နီးကပ်ခြင်း၊ ဝေးကွာခြင်းတို့အတွက် မူလမျက်လုံးကို မျက်ခုံးအုပ်ဆေးဖြင့် ဖုံးအုပ်ပြီး မိမိလိုအပ်သလို ပုံစံကို ဖော်ကျူးနိုင်ကြမည်ဖြစ်သည်။ မျက်လုံးသည် တစ်လုံးနှင့်တစ်လုံးကြားပုံမှန်မဟုတ်ဘဲ ဝေးခြင်းကို နီးလာစေရန် မျက်ခွံ၏အတွင်းပိုင်းအကျဆုံးနေရာကို ခြယ်သ၍ အပြင်ပိုင်းကိုလျှော့ချရသည်။ ပြူးကျယ်သောမျက်လုံးအတွက် မျက်ခွံအပေါ်ပိုင်းနှင့် မျက်ရစ်အလယ်ပိုင်းကို လုံးဝခြယ်သခြင်းမပြုရဘဲ မျက်ခမ်းအတွင်းပိုင်းဘေး တစ်ဖက်တစ်ချက်ကိုသာ ထိန်းညှိရေးဆွဲရသည်။ သေးကျဉ်းသောမျက်လုံးကို မျက်ခွံအလယ်ပိုင်း မျက်ရစ်နေရာတွင် ခြယ်သရန်လိုအပ်ပြီး မျက်ခမ်းအစပ်၌ ဆေးခြယ်ခြင်းမပြုလုပ်သင့်ပါချေ။ ထို့အတူ မျက်လုံး ထက်၊ အောက်၊ ဝဲ၊ ယာတိမ်းစောင်းမှုများကိုလည်း ပုံမှန်အနေအထား ရောက်အောင် ပြုပြင်ရေးဆွဲခြင်းများ ပြုလုပ်နိုင်သည်။

နှာခေါင်းကြီးသူ၊ ပွသူများအတွက် နှာရိပ်ခြယ်သရာတွင် နှာတံ၏ဘေးနှစ်ဖက်နှင့် နှာသီးဖျား နှစ်ဖက်ကို လိုအပ်သလိုပြုပြင်ရေးဆွဲနိုင်ပြီး နှာတံတိုသူအတွက် နှာတံ၏အလယ်ဗဟိုအထက်မှ အောက်ဘက်ဆီသို့ အရောင်နုဖြင့်ခြယ်သပေးခြင်းဖြင့် တိုသောနှာခေါင်းသည် ရှည်သယောင်ထင်မှတ်လာနိုင်ပေသည်။ နှာခေါင်းရှည်သူအတွက် နှာခေါင်း၏အောက်ခြေကို ရှဒိုး(အမှောင်ရောင်)ထည့်၍ အပေါ်သို့ဆွဲရသည်။ အမြင်အားဖြင့် တိုသွားသယောင်ဖန်တီးနိုင်သည်။ နှာတံတစ်ဖက်စောင်းသူသည် စောင်းနေသောဘက်ကို မသိမသာမထင်ရှားစေရန်အတွက် အတတ်နိုင်ဆုံး အောက်ခံအရောင်ထက်ရင့်သောအရောင်ဖြင့် ဖြောင့်တန်းစေရန်ညှိယူရေးဆွဲနိုင်သည်။ နှာခေါင်းကောက်နေပါကအောက်ခံအရောင်ထက် ပိုရင့်သောမိတ်ကပ်ဖြင့် နှာခေါင်း၏ကောက်နေသောနေရာများကိုလိမ်းခြယ်ရသည်။ ထို့နောက် နုသောအရောင်ဖြင့် ကောက်သောနေရာအထက်နှင့် အောက်ဘက်ကို မျဉ်းဖြောင့်အနေအထားဖြင့် ဆွဲထားပြီး အရောင်ရင့်(အမှောင်)နှင့် အရောင်နု(အလင်း)တို့ကို နှာခေါင်း၏ အနေအထား အကြီး၊ အသေးအပေါ်မူတည်၍ လိုအပ်သည့်အတိုင်းအတာထိ ရေးဆွဲခြယ်သနိုင်သည်။

နှုတ်ခမ်းပုံစံအမျိုးမျိုးရှိကြရာတွင် နှုတ်ခမ်းထူသူကို သဘာဝနှုတ်ခမ်းအတိုင်း နှုတ်ခမ်းကို အပြည့်အဝဆိုးပါက အကြည့်ရဆိုးလေသည်။ ထို့ကြောင့် နှုတ်ခမ်းကိုအပြည့်မဆိုးဘဲ ဘေးနှုတ်ခမ်းသားများကိုချန်၍ ဆိုးပြီးလျှင် လိုအပ်ပါက နှုတ်ခမ်း၏ ဘေးဒေါင့်စွန်းနှစ်ဖက်ကို အနည်းငယ်ကျော်လွန်၍ ဆိုးရသည်။ နှုတ်ခမ်းပေါက်ကျယ်သူကို ပြုပြင်မည်ဆိုပါက နှုတ်ခမ်းအစွန်းနှစ်ဖက်ကိုချန်ပြီးဆိုးရသည်။ သို့မှသာ နှုတ်ခမ်းပေါက်ကျယ်သည်ကို ကာကွယ်နိုင်မည်ဖြစ်ပြီး ထိုသို့မပြုပြင်ဘဲ မူလနှုတ်ခမ်းအတိုင်းဆေးဆိုးလျှင် ပိုမိုအကျည်းတန်သွားနိုင်လေသည်။ နှုတ်ခမ်းပေါက်ကျဉ်းသူကို၊ မူလနှုတ်ခမ်းစွန်းနှစ်ဖက်ကို ကျော်လွန်၍ လိုအပ်သောအတိုင်းအတာထိ ပြုပြင်၍ခြယ်သမည်ဆိုပါက နှုတ်ခမ်းပေါက်ကျဉ်းခြင်းကို ကာကွယ်နိုင်လေသည်။

နှုတ်ခမ်းပါးသူများကို ပင်ကိုနှုတ်ခမ်းအတိုင်း မဆိုးဘဲ မိမိလိုအပ်သောအနေအထားပုံစံရောက်အောင် ပြုပြင်ခြယ်သမှသာလျှင် နှုတ်ခမ်းပါးမှန်းမသိသာဘဲ ပိုမိုလှပလာစေမည်ဖြစ်သည်။ အထက်နှုတ်ခမ်းအလယ်ချိုင့်မရှိသူကို အထက်နှုတ်ခမ်းအလယ်တွင် ချိုင့်ပါရှိသည်ဟုထင်မှတ်နိုင်ရန် ဆေးဖြင့်ချိုင့်ပုံစံဖော်ပြီး ပြုပြင်ယူနိုင်သည်။ ထိုသို့ယူခြင်းဖြင့် နှုတ်ခမ်းမှာလှလာတော့သည်။ အထက်နှုတ်ခမ်းအလယ်ချိုင့်ပိုခွက်နေသူကိုပြုပြင်ဖန်တီးရာ၌ ပိုမိုချိုင့်ခွက်နေသောနေရာကို ဖြည့်စွက်ဆေးဆိုးမှသာလျှင် ချိုင့်နေသောနှုတ်ခမ်းမှာပြည့်တင်း၍ နှုတ်ခမ်းအလှပေါ်လွင်လာသည်။ အောက်နှုတ်ခမ်းထူသူကို အပေါ်နှုတ်ခမ်းကို ဆေးအရင့်သုံးပြီး အောက်နှုတ်ခမ်းကို လိုအပ်သောပုံစံအတိုင်း ပြုပြင်ပြီး အထက်နှုတ်ခမ်းအရောင်ထက် အနည်းငယ်နုသောအရောင်သုံး၍ခြယ်သပေးရသည်။ သို့မှသာ အောက်နှုတ်ခမ်းထူခြင်းကို ဖုံးအုပ်နိုင်မည်ဖြစ်သည်။

တင်ပြခဲ့သည့်အတိုင်း ဇာတ်သဘင်တွင် လင်းလက်တောက်ပနေသော ကခွင်မီးကိုတပ်ဆင်ကြပြီး ကခွင်မီး၏ အလင်းရောင်ကလည်း ဇာတ်ဆောင်တို့၏ မိတ်ကပ်လိမ်းခြယ်ခြင်းကို တိုက်ရိုက်ဖမ်းစားပေးလေသည်။ ပြုပြင်ဖန်တီးထားသည့် မျက်လုံး၊ ပါးပြင်၊ ဆံပင်တို့အပေါ် ဇာတ်စင်မီးရောင်က အကျိုးပြုနိုင်သကဲ့သို့ ပျက်ယွင်းအရုပ်ဆိုးစေသည်လည်း သတိချပ်ရသည်။ ဇာတ်စင်ဒါရိုက်တာနှင့် ဇာတ်ဆောင်တို့သည် ကခွင်မီး၏ အလင်းရောင်နှင့် မိတ်ကပ်အရောင်တို့ ပေါင်းစပ်မှုကြောင့်ဖြစ်ပေါ်လာသော သက်ရောက်မှုကိုနားလည်ကြရမည်ဖြစ်သည်။ ဥပမာအားဖြင့် ပယင်းရောင်သည် မိတ်ကပ်မှ အနီရောင်ကိုဖုံးလွှမ်း၍ ဝါကြန့်ကြန့်အရောင်သို့ ပြောင်းလဲဖြစ်ပေါ်စေသည်။ မီးအပြာရောင်ကလည်း မိတ်ကပ်မှအနီရောင်ပေါ် တိုက်ရိုက်ရောက်သည်နှင့် ခရမ်းပြာရင့်ရောင်၊ အနက်ရောင်တို့ကို ဖြစ်ပေါ်စေသည်။ မီးအစိမ်းရောင်က အစိမ်းရောင်မိတ်ကပ်တွင် ပို၍တောက်ပကာ မိတ်ကပ်အနီရောင်ကိုမူ မည်းနက်စေလေသည် စသည့်သဘောတရားတို့ကို သိနားလည်ကြရပေမည်။ မိတ်ကပ်လိမ်းခြယ်ခြင်းကို အဖွဲ့ခေါင်းဆောင် မင်းသား၊ မင်းသမီးမှအပ အများစုသော ဇာတ်အဖွဲ့သားများမှာ ကိုယ်တိုင်လိမ်းခြယ်တတ်ကြသည်။ ထို့ကြောင့်ပင် ကပွဲမစတင်မီ အချိန်တစ်ခုဝယ် ဇာတ်စင်ဒါရိုက်တာက အဖွဲ့ပိုင်မိတ်ကပ်ဆရာနှင့်အတူ ကခွင်မီးများထွန်းညှိကာအဖွဲ့သားများ လိမ်းခြယ်ထားသောမိတ်ကပ်ကိုစစ်ဆေးရသည်။ လိုအပ်ချက်ကို ထောက်ပြကာ မိတ်ကပ်ဖြည့်ခြင်း၊ လိုက်လျောညီထွေစေခြင်းတို့ကို ပြုပြင်ခိုင်းကြသည်။ ကိုယ်တိုင်လိမ်းခြယ်မှုမကျွမ်းကျင်၍ ပြင်ပပညာရှင်ကို ငှားရမ်းအကူအညီတောင်းခံပါက ဇာတ်ရုပ်သည် ကခွင်လိုအပ်ချက်မှခွဲထွက်ကာ မီးရောင်နှင့်ပေါင်းစပ်လိုက်ပါက အလှကင်းခြင်းဖြစ်တတ်ကြသည်။ မိတ်ကပ်လိမ်းခြယ်ခံသူက ဇာတ်စင်သဘာဝကို မိတ်ကပ်ဆရာအား ကြိုတင်ပြောပြထားပါက အလှကင်းခြင်းမျိုးမရှိလာနိုင်ပါချေ။

မိတ်ကပ်လိမ်းခြယ်ခြင်းမပြုမီ အခြေခံအချက်များဖြစ်သည့် အသားအရေကိုစင်ကြယ်စေရန် လုပ်ဆောင်ခြင်း၊ ကပြအပြီး မိတ်ကပ်ဖျက်ခြင်းတို့သည် အသားအရေကို ရေရှည်ထိန်းသိမ်းခြင်းသာဖြစ်သည်။ လိမ်းရင်းခြယ်ရင်း မိတ်ကပ်အရောင်တို့ကို မှတ်သားရင်း အရောင်တစ်မျိုးစီ၏ သဘောတရားများကို ကျက်မှတ်မိလာမည်ဖြစ်သည်။ အရောင်တို့သည် ဇာတ်သဘင်က ပြည်သူများကို ပရိသတ်ထံမှ မေတ္တာသယ်ဆောင်ပေးလာနိုင်သည်။

လူ၏ရုပ်သဏ္ဌာန် ပြုပြင်ဖန်တီးမှုသည် သဘာဝကိုအခြေခံကာ ပြုပြင်ပြောင်းလဲမှုပြုခြင်းပင်ဖြစ်သည်။ အတတ်ပညာဟူသည်ကား လေ့ကျင့်သင်ယူရသောပညာဖြစ်သည်။ သီချင်းတစ်ပုဒ်ကို ခံစားနားလည်နိုင်ပြီး သီချင်းအပုဒ်ပေါင်းများစွာကို နားထောင်ကာ လေ့ကျင့်ပျိုးထောင်ယူရသည်။ ပန်းချီကားတစ်ချပ်ကို နှစ်သက်သဘောကျနိုင်ရန် ပန်းချီကားများစွာကို လေ့လာကြည့်ရှုခဲ့ရသည်။ ထို့အတူ လူ၏ရုပ်သဏ္ဌာန် ပြုပြင်ဖန်တီးမှုနည်းပညာကို နားလည်တတ်ကျွမ်းလာနိုင်ရန် သဘာဝရှိလူတို့၏ ရုပ်သဏ္ဌာန်များစွာကို အဖန်ဖန်လေ့လာ ကြိုးကုတ်၍ အကြိမ်များစွာပြုပြင်မှုပြုလုပ်ပါက ရုပ်သဏ္ဌာန်ဖန်တီးမှုနည်းစနစ်များကို တတ်သိနားလည်အသုံးချတတ်မည်သာဖြစ်ပါတော့သည်။

**ကိုးကား**

**- သဘင်သစ် (ဗိုလ်ကျော်ဆန်း) စာပေဗိမာန်၊ ၁၉၈၉ ခုနှစ်။**

# တာလီဘန်အစိုးရအဖွဲ့နှင့် ဆက်ဆံရေးတိုးမြှင့်လာသော အိန္ဒိယနိုင်ငံ

ဝင်းဇင်(သုတေသန)

အာဖဂန်နစ္စတန် နိုင်ငံခြားရေးဝန်ကြီး အမီယာခန်းမူတာကီသည် အောက်တိုဘာ ၉ ရက်မှ ၁၆ ရက်ထိ အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိခဲ့သည်။ တာလီဘန်အစိုးရအဖွဲ့မှ ဝန်ကြီးတစ်ဦး၏ အိန္ဒိယခရီးစဉ်သည် နယူးဒေလီနှင့် ကဘူးလ်တို့ကြားရှိဆက်ဆံရေးတွင် အရေးပါသော ပြောင်းလဲတိုးတက်လာမှုတစ်ရပ်ပင်ဖြစ်သည်။ ထို့ပြင် အိန္ဒိယဝန်ကြီးချုပ် နရန်ဒရာမိုဒီအစိုးရအဖွဲ့ကလည်း ကဘူးလ်ရှိတာလီဘန်အစိုးရအဖွဲ့နှင့် ဆက်ဆံရေးတိုးမြှင့်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး အက်စ်ဂျိုင်ရှန်ကာနှင့်မူတာကီတို့ကြား တွေ့ဆုံဆွေးနွေးပြီးနောက် နယူးဒေလီက ၎င်းတို့အနေဖြင့် ကဘူးလ်ရှိနည်းပညာအထောက်အကူပြုမစ်ရှင် တာဝန်ထမ်းဆောင်နေသည့်အဖွဲ့ကို ဆက်လက်ထားရှိသွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ကုန်သွယ်မှုအဆင်ပြေချောမွေ့စေရန်၊ ဆေးဘက်ဆိုင်ရာနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်ရန် ၂၀၂၂ ခုနှစ်ကတည်းက ၎င်းမစ်ရှင်အဖွဲ့ကို စေလွှတ်ထားခြင်းဖြစ်သည်။ ထို့ကြောင့် အိန္ဒိယနိုင်ငံသည် တရုတ်၊ ရုရှား၊ ပါကစ္စတန်၊ တူကီယဲနိုင်ငံတို့အပါအဝင် အခြားသောနိုင်ငံ ၁၂ နိုင်ငံခန့်နှင့်အတူ ပူးတွဲကာ ကဘူးလ်မြို့တွင် သံတမန်မစ်ရှင်များကို အင်ပြည့်အားပြည့်ထမ်းဆောင်သွားနိုင်မည်ဖြစ်သည်။

မူတာကီသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ခရီးသွားလာမှု ယာယီခွင့်ပြုချက်ရရှိပြီးနောက် အိန္ဒိယနိုင်ငံသို့ အလည်အပတ်ခရီးလာရောက်ခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ခရီးသွားလာခွင့်တားမြစ်ချက်များနှင့် ပိုင်ဆိုင်မှုများ ထိန်းချုပ်ခံရခြင်းအပါအဝင် ကုလသမဂ္ဂ၏ ပိတ်ဆို့မှုများခံနေရဆဲပင်ဖြစ်သည်။ အိန္ဒိယနိုင်ငံအနေဖြင့် ကဘူးလ်အစိုးရအဖွဲ့ကို သံခင်းတမန်ခင်းအရ အသိအမှတ်ပြုခြင်း မရှိသေးသော်လည်း နှစ်နိုင်ငံဆက်ဆံရေးအဆင့်မြှင့်တင်မှုသည် အာဖဂန်နစ္စတန်နှင့်ဆက်ဆံရေးကို စာမျက်နှာသစ်ဖွင့်လှစ်နိုင်ခဲ့ပြီး တာလီဘန်နှင့် ပါကစ္စတန်တို့ကြား ဆက်ဆံရေးယိုယွင်းလာသည့်အချိန်၌ နယူးဒေလီနှင့်ကဘူးလ်တို့ကြား ဆက်ဆံရေးတိုးတက်လာခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံသည် တာလီဘန်နှင့်ထိတွေ့ဆက်ဆံမှုမရှိဘဲ ခပ်ကင်းကင်းနေခဲ့သည်မှာ ဆယ်စုနှစ်များစွာကြာခဲ့သည်။ အကြောင်းမူကာ ပါကစ္စတန်စစ်ဘက်နှင့်အာဖဂန်နစ္စတန်၏နီးကပ်မှု၊ အမျိုးသမီးများ အခွင့်အရေးပေါ်လျစ်လျူရှုမှုနှင့် အခြားသောအကြောင်းတရားများကြောင့် နယူးဒေလီသည် ကဘူးလ်နှင့်ဆက်ဆံရေးကင်းကွာခဲ့သည်။ သို့သော် ၂၀၂၁ ခုနှစ် ဩဂုတ်လတွင် ကဘူးလ်၌ တာလီဘန်တို့ အာဏာပြန်လည်ရရှိပြီးနောက် တာလီဘန်နှင့် ပါကစ္စတန်တို့ကြား ဆက်ဆံရေးအေးခဲလာခဲ့ရာ အိန္ဒိယနိုင်ငံအတွက် အာဖဂန်နစ္စတန်ရှိ အစိုးရအသစ်နှင့်ထိတွေ့ဆက်ဆံရန် အခွင့်အလမ်းရရှိလာခဲ့သည်။ ထို့ကြောင့် အိန္ဒိယနိုင်ငံသည် တောင်အာရှဒေသ၏ ပထဝီနိုင်ငံရေးဆိုင်ရာ ရုတ်ခြည်းပြောင်းလဲလာမှုတွင် မဟာဗျူဟာကို ပြန်လည်သုံးသပ်လုပ်ဆောင်လာခဲ့ရသည်။

နယူးဒေလီ၌ မူတာကီကို ကော်ဇောနီခင်း၍ ကြိုဆိုခဲ့ခြင်းသည် အဆိုပါမဟာဗျူဟာ၏ တစ်စိတ်တစ်ဒေသပင်ဖြစ်သည်။ ဂျိုင်ရှန်ကာသည် အိန္ဒိယသို့ အလည်အပတ်လာရောက်သည့် နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ နိုင်ငံခြားရေးဝန်ကြီးများနှင့် ဂုဏ်သရေရှိပုဂ္ဂိုလ်များကို လက်ခံတွေ့ဆုံသည့် ဟိုက်ဒရာဘတ်အိမ်တော်၌ပင် မူတာကီကို လက်ခံတွေ့ဆုံခဲ့သည်။ ဂျိုင်ရှန်ကာသည် မူတာကီနှင့်တွေ့ဆုံပြီးနောက် စီမံကိန်းများစွာနှင့်အစီအမံများကိုဖော်ပြခဲ့ပြီး အိန္ဒိယနိုင်ငံအနေဖြင့် နှစ်နိုင်ငံဆက်ဆံရေးမြှင့်တင်ရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် အိန္ဒိယနှင့် အာဖဂန်နစ္စတန်တို့ကြား ခိုင်မာအားကောင်းသော ချစ်ကြည်ရင်းနှီးမှုကို ဖော်ဆောင်သွားမည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသည် အာဖဂန်နစ္စတန်၏ ချစ်ကြည်ရင်းနှီးသော မိတ်ဆွေနိုင်ငံနှင့် အလှူရှင်နိုင်ငံအဖြစ်ရပ်တည်လျက်ရှိပြီး ဂျိုင်ရှန်ကာသည် အာဖဂန်ရှိ



အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးနှင့် အာဖဂန်နစ္စတန်နိုင်ငံခြားရေးဝန်ကြီးတို့ တွေ့ဆုံစဉ်။

ပြည်သူများ၏ သက်သာချောင်ချိရေးအတွက် စီမံကိန်းအသစ်ခြောက်ခုကို ကြေညာခဲ့သည်။ အဆိုပါစီမံကိန်းများတွင် ကဘူးလ်မြို့ရှိ ဘာဂရာမီခရိုင်တွင် ခုတင် ၃၀ ဆံ့ဆေးရုံတစ်ခု တည်ဆောက်ခြင်း၊ ကင်ဆာရောဂါဗေဒဌာနတစ်ခုအပြင် ပတ်တီကာ၊ ခို့စ်နှင့် ပတ်တီယာပြည်နယ်တို့တွင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးဆေးခန်း ငါးခုတည်ဆောက်ခြင်းတို့ပါဝင်သည်။ မူတာကီနှင့်ဆွေးနွေးစဉ် ဂျိုင်ရှန်ကာ ထုတ်ဖော်ပြောကြားခဲ့သော အာဖဂန်နစ္စတန်အတွက် ပေးအပ်မည့်အကူအညီများတွင် အရေးပေါ်လူနာတင်ကားအစီးရေ ၂၀၊ ဆေးဘက်ဆိုင်ရာဓာတ်မှန်ပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ ယခုနှစ်စက်တင်ဘာလ ငလျင်ကြောင့်ပျက်စီးခဲ့သောအိမ်များပြန်လည်တည်ဆောက်ခြင်း၊ အိမ်နီးချင်းပါကစ္စတန်နှင့် အီရန်မှပြန်လည်လွှဲပြောင်းပေးသော အာဖဂန်ဒုက္ခသည်များအတွက် ခိုလှုံရေးနေရာများ တည်ဆောက်ပေးခြင်းတို့ပါဝင်သည်။

အိန္ဒိယနိုင်ငံသည် အာဖဂန်နစ္စတန်နိုင်ငံကို ရေအရင်းအမြစ်စီမံခန့်ခွဲရာတွင် ကူညီရန်နှင့် အာဖဂန်ခရစ်ကက်အဖွဲ့ကို ပံ့ပိုးပေးရန်လည်း ကမ်းလှမ်းခဲ့သည်။ စီးပွားရေး၊ ပညာရေးနှင့်ဆေးဝါး စောင့်ရှောက်မှုလုပ်ငန်းများအတွက် အိန္ဒိယသို့လာရောက်လိုသည့် အာဖဂန်ပြည်သူများကိုလည်း ဗီဇာတိုးမြှင့်ပေးလျက်ရှိသည်။ အာဖဂန်နစ္စတန်ရှိ သတ္တုတွင်းထွက်လုပ်ငန်းများကို လေ့လာရန်နှင့် ကုန်သွယ်မှုမြှင့်တင်ရန် အိန္ဒိယကုမ္ပဏီများကို မူတာကီ၏ ဖိတ်ကြားမှုကို ဂျိုင်ရှန်ကာက ကြိုဆိုလက်ခံခဲ့သည်။

ဂျိုင်ရှန်ကာသည် အိန္ဒိယနှင့် အာဖဂန်နစ္စတန် နှစ်နိုင်ငံစလုံး၏ ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များကို လွဲချော်မှုဖြစ်စေနိုင်သည့် နယ်စပ်ဖြတ်ကျော်အကြမ်းဖက်ဝါဒကိုလည်း ထောက်ပြခဲ့သည်။ ၎င်းသည် အာဖဂန်နိုင်ငံခြားရေးဝန်ကြီးကို အကြမ်းဖက်တိုက်ဖျက်ကြိုးပမ်းမှုများတွင် အိန္ဒိယနှင့်ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားရန် တိုက်တွန်းခဲ့ပြီး အိန္ဒိယ၏လုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများအပေါ်ကဘူးလ်အစိုးရ၏အလေးထားမှုကိုလည်း အသိအမှတ်ပြုပါကြောင်း ပြောကြားခဲ့သည်။

ဂျိုင်ရှန်ကာသည် အာဖဂန်နစ္စတန်၏အချုပ်အခြာအာဏာ၊ နယ်မြေပိုင်ဆိုင်မှုနှင့် လွတ်လပ်ရေးတို့အပေါ် အိန္ဒိယ၏ထောက်ခံမှုကိုလည်း အလေးထားပြောကြားခဲ့သည်။ အမှန်တော့ မူတာကီ အိန္ဒိယသို့ရောက်ရှိသည့် အောက်တိုဘာ ၉ ရက်တွင် ပါကစ္စတန်နိုင်ငံသည် အာဖဂန်နိုင်ငံ အခြေစိုက်အကြမ်းဖက်အဖွဲ့၏ခေါင်းဆောင်ကို ပစ်မှတ်ထားသည်ဟုဆိုကာ ကဘူးလ်မြို့ကို လေကြောင်းမှ တိုက်ခိုက်ခဲ့သည်။ ထိုအချိန်မှစ၍ အာဖဂန်နစ္စတန်-ပါကစ္စတန် နယ်စပ်တစ်လျှောက်တွင် တင်းမာမှု အရှိန်မြင့်တက်လာခဲ့သည်။

မူတာကီသည် ဂျိုင်ရှန်ကာနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် အာဖဂန်နစ္စတန်အနေဖြင့် အိန္ဒိယနိုင်ငံကို နီးကပ်သော မိတ်ဆွေအဖြစ်ရှုမြင်ထားကြောင်း ပြောကြားခဲ့သည်။ မိမိတို့အနေဖြင့် အပြန်အလှန်လေးစားမှု၊ ကုန်သွယ်မှုနှင့် ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို အခြေခံသော ဆက်ဆံရေးကို ထူထောင်သွားလိုကြောင်း၊ မိမိတို့ဆက်ဆံရေး ခိုင်မာအားကောင်းရေးအတွက် ဆွေးနွေးတိုင်ပင်ရေးဆိုင်ရာ ယန္တရားထူထောင်ရန် အသင့်ရှိကြောင်း ပြောကြားခဲ့သည်။

အမှန်တော့ အိန္ဒိယနှင့်တာလီဘန်တို့ကြား ဆက်ဆံရေးသည် သိမ်မွေ့နက်နဲလျက်ရှိသည်။ နယူးဒေလီသည် ၂၀၀၂ ခုနှစ်မှ ၂၀၂၁ ခုနှစ်ကာလအတွင်း ပြည်သူဗဟိုပြုသော စီမံကိန်းများအတွက် အမေရိကန်ဒေါ်လာ သုံးဘီလီယံအသုံးပြုကာ စစ်ရေးပဋိပက္ခများကြောင့် ထိခိုက်မှုများ ပြန်လည်တည်ဆောက်ရေးကြိုးပမ်းမှုများတွင် အနောက်တိုင်းနိုင်ငံများက ကျောထောက်နောက်ခံပေးထားသော အာဖဂန်အစိုးရအဆက်ဆက်ကို အခိုင်အမာပံ့ပိုးကူညီခဲ့သည်။ အဆိုပါကာလအတွင်း တာလီဘန်တို့သည် လမ်းနှင့်အင်ဂျင်နီယာပိုင်းဆိုင်ရာစီမံကိန်းများတွင် အလုပ်လုပ်နေသော အိန္ဒိယနိုင်ငံသားများကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည်။ ထို့ကြောင့် ၂၀၂၁ ခုနှစ် ဩဂုတ်လတွင် တာလီဘန်တို့အာဏာပြန်လည်ရရှိလာချိန်၌ အိန္ဒိယနိုင်ငံသည် ကဘူးလ်ရှိသံရုံးဝန်ထမ်းများနှင့်ပြန်လည်ခေါ်ဆောင်ခဲ့ပြီး ကောင်စစ်ဝန်ရုံးများကိုလည်း ပိတ်သိမ်းခဲ့သည်။

ထို့ကြောင့် လက်ရှိအချိန်တွင် ကဘူးလ်မြို့ရှိ အိန္ဒိယသံရုံးကို ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ကြေညာချက်သည် တာလီဘန်နှင့် ချစ်ကြည်ရင်းနှီးမှု ပြန်လည်တည်ဆောက်ရေး အိန္ဒိယ၏ ကြိုးပမ်းမှုများတွင် သမိုင်းမှတ်တိုင်တစ်ခုပင်ဖြစ်သည်။ အိန္ဒိယအနေဖြင့် သံခင်းတမန်ခင်းတွင် ထိုသို့အောင်မြင်မှု ရရှိနေသော်လည်း အာဖဂန်နစ္စတန်၌ အိန္ဒိယ၏ လွှမ်းမိုးမှုလျော့ချနိုင်ရေး ပါကစ္စတန်က တိုးမြှင့်ကြိုးပမ်းလာနိုင်မှုအပေါ်ကိုလည်း ဆက်လက်သတိထားဆောင်ရွက်သွားရန်လိုအပ်သည်။

အစ္စလာမ်မာဘာဒ်သည် ပါကစ္စတန်အကျိုးစီးပွားများကိုပစ်မှတ်ထားတိုက်ခိုက်နိုင်သည့် TTP အကြမ်းဖက်များကို ထိန်းချုပ်မှုမရှိသည့်အတွက် တာလီဘန်အစိုးရအပေါ် စိတ်ပျက်လက်ပျက်ဖြစ်နေသည်။ ထို့ပြင် အိန္ဒိယကိုလည်း အာဖဂန်နစ္စတန်မှတစ်ဆင့် အကြမ်းဖက်သမားများကို ကူညီနေသည်ဟု စွပ်စွဲပြောကြားလျက်ရှိသည်။ ပါကစ္စတန်နှင့် တာလီဘန်တို့ကြား ဆက်ဆံရေးအတက်အကျဖြစ်နေချိန်တွင် အိန္ဒိယအနေဖြင့် ပါဝင်ပတ်သက်မှုမရှိစေရန်နှင့် အာဖဂန်နစ္စတန်ရှိ အိန္ဒိယပြည်သူများကို ထိခိုက်မှုမရှိစေရန် သတိထားဆောင်ရွက်သွားရန် လိုအပ်သည်။

မည်သို့ပင်ဆိုစေ အိန္ဒိယအနေဖြင့် တာလီဘန်အစိုးရအဖွဲ့နှင့် ထိတွေ့ဆက်ဆံရာတွင် ပြတ်ပြတ်သားသား လုပ်ဆောင်လျက်ရှိသော်လည်း အနာဂတ်တွင် မသေချာမရေရာမှုများနှင့် ကြုံတွေ့ရနိုင်ဖွယ်ရှိနေသည်။ အိန္ဒိယအနေဖြင့် အနည်းဆုံး နှစ်ချက်ကို အနီးကပ်စောင့်ကြည့်သွားရန်လိုအပ်သည်။ ပထမအချက်မှာ နယူးဒေလီ-တာလီဘန်ပြန်လည်သင့်မြတ်မှုအပေါ် ပါကစ္စတန်နိုင်ငံက တုံ့ပြန်ဆောင်ရွက်လာမှုကို စောင့်ကြည့်သွားရန်လိုအပ်သည်။ ဒုတိယအချက်မှာ တာလီဘန်အဖွဲ့၏ လုံခြုံရေးအာမခံချက်အပေါ် အိန္ဒိယအနေဖြင့် မှီခိုအားထားရနိုင်သလားဆိုသော အချက်ပင်ဖြစ်သည်။ အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးသည် မူတာကီကို နိုင်ငံခြားရေးဝန်ကြီးအဖြစ် လက်ခံတွေ့ဆုံခဲ့သော်လည်း အိန္ဒိယအနေဖြင့် ကဘူးလ်ရှိ တာလီဘန်အစိုးရအဖွဲ့ကို ပြန်လည်အသိအမှတ်ပြုနေပြီလားဆိုသော အချက်မှာမူ တိကျသေချာမှု မရှိသေးကြောင်း တွေ့ရှိရသည်။

သို့သော်ယခုနှစ် မတ် ၁၅ ရက်တွင်လည်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး အက်စ်ဂျိုင်ရှန်ကာသည် တာလီဘန်နိုင်ငံခြားရေးဝန်ကြီး မူတာကီကို ဖုန်းဖြင့်ဆက်သွယ်ဆွေးနွေးမှုရှိခဲ့သည်။ ထိုသို့ ပထမဆုံးဆွေးနွေးမှုအတွင်း ဂျိုင်ရှန်ကာက အိန္ဒိယအနေဖြင့် အာဖဂန်နစ္စတန်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများအတွက် ဆက်လက်ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

စိတ်ဝင်စားဖွယ်ကောင်းသည့်အချက်မှာ အိန္ဒိယနိုင်ငံသည် အတိတ်ကလည်း တာလီဘန်များကို ဆန့်ကျင်ရန်အာဖဂန်ပြည်သူများကို လူသားချင်းစာနာထောက်ထားသော အကူအညီများပေးခဲ့သကဲ့သို့ လက်ရှိအချိန်တွင်လည်း တာလီဘန်နှင့် ထိတွေ့ဆက်ဆံရန်အတွက် ပြည်သူများကို ကူညီပံ့ပိုးလျက်ရှိသည်။ မည်သို့ပင်ဆိုစေ အိန္ဒိယနိုင်ငံသည် တာလီဘန်အဖွဲ့နှင့် နွေးထွေးသောဆက်ဆံရေး ထူထောင်ခြင်းအားဖြင့် ပထဝီနိုင်ငံရေးအခင်းအကျင်းကို အကျိုးရှိစွာ အသုံးချလာလျက်ရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ကိုးကား**

- India Upgrades Ties With Taliban Regime by The Diplomat.
- https://www.aa.com.tr/en/world/afghan-top-diplomat-flies-to-india-on-1st-trip-since-taliban-returned-to-power.

# တန့်ဆည်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၉၀၇၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရေဦး နိုဝင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၉၀၇၉ ကေ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦး ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ တန့်ဆည်မြို့နယ်တွင် မြေပဲ ၃၃၅၃၁ ဧကစိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၉၀၇၉ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ မြေပဲ ဧက ၃၃၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၉၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေတယ်။ မြေပဲ စိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် မြေပဲစိုက်ပျိုးရာတွင် တစ်ဧကကို မျိုးတစ်တင်းခွဲ စိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခ၊ မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ငွေကျပ်နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း၊ တစ်ဧကစိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

ယခုနှစ် တန့်ဆည်မြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရန်၊ အထွက်နှုန်းကောင်းမွန်စေရန်၊ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်၊ ဓာတ်မြေဩဇာ စနစ်တကျ သုံးစွဲတတ်စေရန် အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ကွင်းဆင်း၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ တိုးတက်လာမည် ဖြစ်သောကြောင့် မြေပဲကို ဒေသမရွေး ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# စလင်းမြို့နယ် မြောင်းကောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**စလင်း နိုဝင်ဘာ ၅**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်စလင်းမြို့နယ် မြောင်းကောက်ကျေးရွာအုပ်စု မြောင်းကောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၄ ရက် က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြောင်းကောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၆ ဒသမ ၃ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့်စာရင်းဇယားများ စနစ်တကျ ဖြည့်သွင်းထားမှုနှင့်စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများ အပေါ် လိုက်နာဆောင်ရွက်မှု အခြေအနေများကိုစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

အဆိုပါ မြောင်းကောက်ကျေးရွာ၌ ယခု ပဉ္စမနှစ်စက်ဝန်းတွင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်ကြသော စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၆ ဦးကို ငွေကျပ် ၃၆ ဒသမ ၃ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **သန်းသန်းစိုး**

**ဗလငါးတန်ဖွံ့ဖြိုးဖို့**
**စာအုပ်စာပေဖတ်ကြစို့**

## မဲရုံတွင်ဆန္ဒမဲပေးခြင်းအတွက် သိရှိမှတ်သား ဆောင်ရွက်ရမည့်အချက်များ

## (အီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်း)

- မဲရုံသို့ဝင်ရောက်သည့်အခါ မဲစာရင်းစစ်ဆေးသူထံ မိမိ၏အမည်နှင့် မဲစာရင်းအမှတ်စဉ်ကို ပြောပြပါ၊ အထောက်အထားအဖြစ် နိုင်ငံသားစိစစ်ရေးကတ်ကိုပြပါ၊
- မဲစာရင်းစစ်ဆေးသူက မိမိ၏အမည်ကို တွေ့ရှိပြီး မှန်ကန်လျှင် မဲစာရင်း၌လက်မှတ်ရေးထိုးပါ၊ သို့မဟုတ် လက်ဝဲလက်မဖြင့် လက်ဗွေနှိပ်ပါ၊
- လျှို့ဝှက်ဆန္ဒပြုခန်းအတွင်းသို့ဝင်၍ ဆန္ဒပြုစက်ပေါ်ရှိ မိမိမဲပေးလိုသော လွှတ်တော် ကိုယ်စားလှယ်လောင်း၏ အမည်နှင့်သင်္ကေတအမှတ်အသား တည့်တည့်တွင်ရှိသော ဆန္ဒပြု ခလုတ်ကို တစ်ကြိမ်သာနှိပ်၍ ဆန္ဒပြုပါ၊
- ဆန္ဒပြုပြီးနောက် ဆန္ဒပြုစက်နှင့် ချိတ်ဆက်ထားသော မဲပေးချက်ဖော်ပြသည့်စက်မှ ပြသသည့်ဆန္ဒမဲဖြတ်ပိုင်းတွင် မိမိမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်လောင်း၏ အမည်နှင့် သင်္ကေတအမှတ်အသားကို ကြည့်ရှုနိုင်သည်၊
- မိမိဆန္ဒပြုလိုသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးကိုသာ ဆန္ဒမဲပေးပါ၊
- မဲဆန္ဒနယ်တစ်နယ်တွင် လွှတ်တော်တစ်ရပ်စီအတွက် ဆန္ဒမဲ တစ်မဲစီသာပေးပါ၊
- မဲရုံမှ မထွက်ခွာမီ မဲပေးပြီးကြောင်း မင်တို့ပေးသည့် မဲရုံအဖွဲ့ဝင်ထံ သွားရောက်၍ သတ်မှတ်ထားသည့် လက်ချောင်းတစ်ချောင်းချောင်းတွင် မင်တို့ပါ၊
- မဲပေးပြီးပါက မဲရုံပရိဝုဏ်အတွင်းမှ ဆောလျင်စွာ ထွက်ခွာပါ။

"ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်"
"လွတ်လပ်မျှတ၊ မဲပေးကြ"

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။


၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဧေယျဋ္ဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

Myanmar Mobile Money(MMM) ကို အသုံးပြု၍ အောက်ပါဝန်ဆောင်မှုများ ရရှိနိုင်ပါသည်။



ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း၊ ငွေသွင်းငွေထုတ်ခြင်း/ငွေလွှဲခြင်း၊
Skynet Bill Payment ပေးသွင်းခြင်း၊ Gift Card ပေးခြင်း၊
Internet Bill ပေးဆောင်ခြင်း၊ E-Top up Bill ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာများ ပေးဆောင်ခြင်း၊
ပြည်ပ ငွေလွှဲ (ထိုင်း)၊ ဈေးဝယ်ခြင်း၊ အောင်ဘာလေ အွန်လိုင်းထီထိုးခြင်း
အငြိမ်းစားလစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကိုဘဏ်ကိုသွားရန်မလိုဘဲမိုဘိုင်းဖုန်းဖြင့်ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော

သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ....

(ASEAN-OSHNET AWARD) တွင်
BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး



ရွှေဖီဦး

ရွှေဖီဦး BLACK TEA (နှောင်တရား) ကို
Export Quality အဆင့်မီစွာ
ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။

Tea Mix
Lemon Tea
Black Tea



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၀၉၀၇၇

## ဘိုးဘပိုင်/မြေပိုင် အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

စစ်ကိုင်းမြို့၊ တကောင်းရပ်ကွက်၊ **အကွက်အမှတ်(၉/၂၄)**၊ အကွက်အမည် **ရိုင်တန်းကွင်း**၊ ဦးပိုင်အမှတ်(၄၀)၊ ဧရိယာ**(၀.၀၅၆)**ကေအနက်မှ ဧရိယာ**(၀.၀၂၅)**ကေရှိ အောက်ဖော်ပြပါအလားအလာရှိသည့်-

(က) အရှေ့လားသော် - ဦးပိုင်အမှတ်(၃၆)
(ခ) အနောက်လားသော် - လမ်း
(ဂ) တောင်လားသော် - ဦးပိုင်အမှတ်(၄၂)
(ဃ) မြောက်လားသော် - ဦးပိုင်အမှတ်(၄၀)ကျန်မြေ

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် **ဦးမောင်မောင်သောင်း + ဒေါ်ကြည်ကြည်မြ**တို့မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၃၀)ရက်နေ့**မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**စစ်ကိုင်းမြို့နယ်မြေစာရင်းဦးစီးဌာန**
**စစ်ကိုင်းမြို့**

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ 115 A x 115 ကြားနေ မောင်တင့်လွင် (ဘ) ဦးရုံးတင်(၁/ဗမန(နိုင်)၀၃၅၉၃၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(MB–112859)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09–450807266**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme–PFP)ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111''ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ် ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



❖ ပစ္စည်းချင်းတူပါက ဈေးသက်သာရမည်၊ဈေးချင်းတူပါက အရည်အသွေးပိုမိုကောင်းမွန်ရမည်ဖြစ်...
❖ သို့မှသာ ဈေးကွက်တွင်း ရောင်းအားများပိုမိုတိုးတက်လာမည်ဖြစ်...
❖ အရည်အတွက် များများရောင်းချထုတ်လုပ်နိုင်ရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မေ ၃၀ ရက်တွင်ပြုလုပ်သော လျှော်ဘေးအလွန် မြန်မာ့စီးပွားရေးပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းသုံးသပ်ဆွေးနွေးပွဲ (Rebuilding Myanmar:Post Earthquake Economic Recovery)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေးသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကုန်သည်စက်မှုအသင်းချုပ်မှ တာဝန်ရှိသူများနှင့် သီးခြားစီတွေ့ဆုံဆွေးနွေး၊ ရွှေတိဂုံစေတီတော်မြတ်ကြီးအား လှည့်လည်ဖူးမြော်ကြည်ညို




ရန်ကုန် နိုဝင်ဘာ ၅

မြန်မာနိုင်ငံ၌ ရောက်ရှိနေသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H. E. Mr. Andrey Aleksandrovich Travnikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ တပ်မတော်အထူးလေယာဉ်ဖြင့် ထွက်ခွာရာ ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

ထို့နောက် နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီးအစိုးရရုံး အစည်းအဝေးခန်းမ၌ စာမျက်နှာ ၁၉ ကော်လံ ၁ ☆


ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H. E. Mr. Andrey Aleksandrov–ich Travnikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်း၊ အထွေထွေအတွင်းရေးမှူးနှင့် အမှုဆောင်အဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးစဉ်။

## ကရင်ပြည်သူ့ပါတီ(KPP)၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ဖော်ပြပါရှိ

နေပြည်တော် နိုဝင်ဘာ ၅

ကရင်ပြည်သူ့ပါတီ(KPP)၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် ရတနာပုံသတင်းစာ စာမျက်နှာ ၂၀ တွင် ဖော်ပြပါရှိပါသည်။ ရတနာပုံ

## တိုင်ဖွန်းမုန်တိုင်း "ခန့်မေဂီ"ကြောင့် နိုဝင်ဘာ ၈ ရက်မှ ၁၀ ရက်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဒေသအလိုက် နေရာကွက်၍ မိုးကြီးနိုင်




နေပြည်တော် နိုဝင်ဘာ ၅

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင်ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း "ခန့်မေဂီ"(KALMAEGI) သည် အနောက်–အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဆက်လက်တည်ရှိနေသည်။

အဆိုပါတိုင်ဖွန်းမုန်တိုင်း "ခန့်မေဂီ"သည် အနောက်–အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နိုဝင်ဘာ ၆ ရက်ညပိုင်းတွင် ဗီယက်နမ်နိုင်ငံကမ်းခြေကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

စာမျက်နှာ ၁၈ ကော်လံ ၁ ❖

**စစ်ကိုင်းတိုင်းဒေသကြီး ကလေး-မော်လိုက်သွားကားလမ်းမပေါ်ရှိ သံကူကွန်ကရစ်အမျိုးအစား ပလ္လူဇဝတံတားကြမ်းခင်းကို PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီး**

စာမျက်နှာ - ၂၂

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။
၂။ ခြိမ်းခြောက်၊လူသတ်၊အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊NUG၊PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။
၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရွှေမန်းသူ
အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း
ပါရမီလက်မှတ်အရောင်းဌာန
ရွှေမန်းသူ ၀၉၂၅၅၇၈၁၀၆၆၀၊ ၀၉၂၆၁၄၀၀၈၄၄
ရွှေမြိုင်သူ ၀၉၂၆၁၄၀၀၈၅၅
ရှမ်းမလေး ရန်ကုန်မြို့တွင်း G & G Store ဆိုင်များ
ဥသျှစ်သူ Online Easy Ticket, Go - Auto Ticket
ရန်ကုန် — နေပြည်တော် / တောင်ကြီး / မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင် / ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ / ပုဂံ (ညောင်ဦး) - ပခုက္ကူ / မကွေး - မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းခြံ / မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက္ကမိ / တောင်ငူ - ဆွာ - ရေနီ / ပုသိမ်




ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု